# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 28 April 2024 ၁၁၄၄၁


## ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဩမြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


### ယနေ့ ဖတ်စရာ

**သုတ၊ ရသ စာများကို လက်ခံထားရှိသော ဘဏ်တိုက်များ သို့မဟုတ် စာကြည့်တိုက်များ**

ဆောင်းပါး စာမျက်နှာ » ၆

**၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ပုဂံ၊ တောင်ကြီး၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်စခန်းအသီးသီးသို့ ရောက်ရှိ**

စာမျက်နှာ » ၈





**တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေး ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြပါစို့**

ဆောင်းပါး စာမျက်နှာ » ၁၆




မွန်ပြည်နယ်အတွင်းရှိ ရော်ဘာစိုက်ခင်းတစ်ခုကို တွေ့ရစဉ်။

## မွန်ပြည်နယ်က တစ်နိုင်ငံလုံး၏ ရော်ဘာစိုက်ပျိုးမှု ၄၀ ရာခိုင်နှုန်းဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အများဆုံးပြည်နယ်ဖြစ်

မော်လမြိုင် ဧပြီ ၂၇

ရော်ဘာလုပ်ငန်းသည် နိုင်ငံတော်အတွက် စက်မှုကုန်ကြမ်းများတိုးတက်ရရှိခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် စက်မှုကုန်ကြမ်းရရှိခြင်းတို့ကြောင့် နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် လုပ်ငန်းတစ်ခုဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## ထန်းတပင်မြို့နယ်၌ နွေစပါး လျာထားဧကထက်ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပြီး ၃၄၇၇၃ ဧက ရိတ်သိမ်းပြီးစီး



ရန်ကုန် ဧပြီ ၂၇

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးလျာထားစိုက်ဧကထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပြီး ၃၄၇၇၃ ဧက ရိတ်သိမ်းပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ထန်းတပင်မြို့နယ်မှာ နွေစပါးသီးထပ်လျာထားစိုက်ဧက ၃၃၂၅၄ ဧကရှိပြီး နွေစပါးသီးထပ်နဲ့ ရေကျနောက်စိုက်အပါအဝင် စိုက်ပျိုးနိုင်ခဲ့တာကတော့ ဧကပေါင်း ၄၇၄၂၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားဧကထက်ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပြီး ၃၄၇၇၃ ဧက ရိတ်သိမ်းပြီးသွားပါပြီ။ တစ်ဧကအထွက်နှုန်း ၉၃ ဒသမ ၉၁ တင်းရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝင်းကိုက ပြောသည်။

တစ်ဧကအထွက်နှုန်း တိုးတက်စေရေးအတွက်လည်း တောင်သူပညာပေးလုပ်ငန်းများနှင့် နွေစပါးစိုက်ခင်းများ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် လိုက်နာရမည့်နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက အသိပညာပေးဆောင်ရွက်လျက်ရှိပြီး နည်းပညာမျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသလို မျိုးစေ့ထုတ်တောင်သူများကိုလည်း မြေသြဇာများ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

ကြေးမုံ

# အနာဂတ်ကိုပခုံးပြောင်းယူကြမည့်လူငယ်များ

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိလူဦးရေအားလုံး၏ ၄၆ ဒသမ ၅ ရာခိုင်နှုန်းသည် ကလေးသူငယ်များနှင့် လူငယ်လူရွယ်များဖြစ်ကြောင်း သိရှိရသည်။ နိုင်ငံလူဦးရေ၏ တစ်ဝက်နီးပါးသည် နိုင်ငံတော်၏အနာဂတ်ကို ကောင်းမွေ၊ ဆိုးမွေဖန်တီးပေးမည့် အရင်းအမြစ်များအဖြစ် အသင့်ရှိနေသည်ကို မြင်တွေ့နိုင်သည်။ ထို့ကြောင့် အဆိုပါအရင်းအမြစ်များအား ကောင်းသောအမွေ ဆက်ခံနိုင်ရေးသည် နိုင်ငံတော်နှင့် မိဘပြည်သူများတွင် တာဝန်ရှိနေပေသည်။

ယနေ့အချိန်ကာလတွင် နိုင်ငံတော်နှင့် မိဘ၊ ဆရာတို့၏ ပံ့ပိုးညွှန်ပြမှုဖြင့် စိတ်ဓာတ်၊ ခံယူချက်၊ အရည်အချင်းပြည့်ဝမှုရှိကြသည့် လူငယ်လူရွယ်များသည် တက်ကြွလှုပ်ရှား အားမာန်များဖြင့် ရှေ့သို့လှမ်းချီနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါ လူငယ်လူရွယ်များအား စံနမူနာပြထားပြီး ကျန်ရှိသည့် လူငယ်လူရွယ်များလည်း ပါဝင်လာကြဖို့လိုမည်ဖြစ်သည်။ ယခုအခါ လူရည်ချွန်မောင်မယ်များ၊ ကင်းထောက်လူငယ်များ၊ ကြက်ခြေနီလူငယ်များ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်များသည် အသိပညာဗဟုသုတရရှိရေး၊ စိတ်ဓာတ်ခွန်အားများ မြင့်မားတိုးတက်လာရေးနှင့် နိုင်ငံတော်ကို အကျိုးပြုနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်နေကြပြီဖြစ်သည်။

အဆိုပါလူငယ်လူရွယ်များတွင် လူရည်ချွန်မောင်မယ်များကို ဘက်စုံအရည်အချင်းပြည့်ဝသည့် လူငယ်များအဖြစ် ဂုဏ်ယူဖွယ်တွေ့မြင်ရသည်။ နိုင်ငံတော်က လူရည်ချွန်လူငယ်မောင်မယ်များကို ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပြုစုပျိုးထောင်မွေးထုတ်ပေးခဲ့သည်။ ၁၉၉၈ ခုနှစ်နောက်ပိုင်းတွင် ခေတ္တရပ်နားခဲ့သည့် လူရည်ချွန်စီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် “ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း” အဖြစ် ပြန်လည်ဆောင်ရွက်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် “လူရည်ချွန်စီမံကိန်း”အမည်ဖြင့် ပြန်လည်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ခေတ္တရပ်နားခဲ့သည်။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှစတင်ပြီး စီမံကိန်းကို ပြန်လည်စတင်ခဲ့သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ နဝမတန်းလူရည်ချွန် ၁၄၀၊ ဒသမတန်းလူရည်ချွန် ၁၄၀၊ ဧကာဒသမတန်းလူရည်ချွန် ၁၃၇ ဦးအပြင် ဒွါဒသမတန်းလူရည်ချွန် ၁၃၇ ဦး စုစုပေါင်းလူရည်ချွန် ၅၅၄ ဦးကို ရွေးချယ်မွေးထုတ်ပေးနိုင်ခဲ့သည်။ လူရည်ချွန် ကျောင်းသား ကျောင်းသူများကို ရွေးချယ်သည့်အခါ စာပေဘာသာရပ်များကို စစ်ဆေးအကဲဖြတ်ရုံသာမကဘဲ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ စာရိတ္တပိုင်းဆိုင်ရာ ကောင်းမွန်မှုတို့ကိုပါ စနစ်တကျ စိစစ်ရွေးချယ်ခဲ့သည်။ လူရည်ချွန်မောင်မယ်များသည် ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် အဆင့်ဆင့်စိစစ်မှုကို ကျော်ဖြတ်ပြီး ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအဖြစ် ဂုဏ်ယူဖွယ်တွေ့မြင်ရသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်လူငယ်မောင်မယ်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တွေ့ဆုံသြဝါဒစကားပြောကြားရာတွင် “မောင်တို့မယ်တို့ လူငယ်များသည် ပြည့်ခွန်အားများဖြစ်သကဲ့သို့ နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်များလည်းဖြစ်ကြောင်း၊ မိမိနိုင်ငံ၏အနာဂတ် ဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်မောင်မယ်များ၏ စွမ်းဆောင်ရည်ပေါ်တွင် များစွာမူတည်နေကြောင်း၊ ထို့ကြောင့် လူငယ်မောင်မယ်များအနေဖြင့် စွမ်းဆောင်ရည်ပြည့်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ပညာရယူနိုင်သည့် နည်းလမ်းအသွယ်သွယ်မှ မိမိတို့ကိုယ်တိုင် အပတ်တကုတ် ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ကြောင်း” မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်စေရန်အတွက် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်နှင့် ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်လာစေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့ခေတ်ကာလတွင် ဆန်းသစ်သည့် နည်းပညာများ တိုးတက်ထွန်းကားလာသည်နှင့်အတူ တိုးတက်ပြောင်းလဲလာသော ကမ္ဘာကြီးနှင့် ရင်ပေါင်တန်း လိုက်ပါနိုင်ရန်အတွက် မျိုးဆက်သစ်လူငယ်များကို စဉ်ဆက်မပြတ်ပျိုးထောင် မွေးထုတ်ပေးနေရမည်ဖြစ်သည်။ လူငယ်များ၏ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်လာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာပြုမူနေထိုင်တတ်စေရန် လမ်းပြသွန်သင်ပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ မျိုးဆက်သစ်လူငယ်လူရွယ်များကို ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးပြီး နိုင်ငံတော်၏ အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူ ထမ်းဆောင်နိုင်မည့် လူချွန်လူမွန်လူကောင်းလူတော်များဖြစ်လာအောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း။ ။

## ကလောမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကလော မေ ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Shwe Bank နှင့် ပူးပေါင်း၍ Digital Payment ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို မေ ၂၅ ရက် နံနက်ပိုင်းက မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် တာဝန်ရှိသူများက မြေနီကျင်းကျေးရွာ၌ ထုတ်ချေးပေးခဲ့သည်။



ဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဗုံလန်ကျေးရွာနှင့် မြေနီကျင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်အသင်းသူ အသင်းသားများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို Digital Payment စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဗုံလန်ကျေးရွာနှင့် မြေနီကျင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ အသင်းသူ အသင်းသား ၇၃ ဦးကို Digital Payment စနစ်ကို အသုံးပြုကာ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅၅ သိန်းအား အသင်းသူ အသင်းသားများ၏ တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ပပပ

## တာချီလိတ်မြို့၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

တာချီလိတ် မေ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်ကုန်ကျေးရွာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆေးဖြတ်စခန်း၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။



ဟောပြောပွဲတွင် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချမ်းမြေ့ဝင်း၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းထွန်းအောင်နှင့် နယ်မြေရဲစခန်းမှူး(ဟောင်လိတ်) ဒုတိယရဲမှူး အေးထွန်းသိန်းတို့က ဆေးစွဲလူနာများအား မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးအန္တရာယ်များနှင့် ပြစ်မှုပြစ်ဒဏ်များ၊ သတင်းတု သတင်းမှားများနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ဟောပြောဆွေးနွေးရာ ဆေးစွဲလူနာ ၅၀ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့သည် ဆေးဖြတ်စခန်းရှိ ဆေးစွဲလူနာ ၁၃၇ ဦးအား အချိုရည်၊ ကြက်သွန်နီနှင့် အာလူးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းဇော်(ပြန်/ဆက်)

## ရေးမြို့နယ် စုံနံ့သာ-အပလွိုင်-စုံပဒေါက်-ကံလှလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

မော်လမြိုင် မေ ၂၇

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသများတွင် လူမှုစီးပွားဘဝအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ပေးလျက်ရှိရာ မွန်ပြည်နယ် ရေးမြို့နယ် စုံနံ့သာ-အပလွိုင် -စုံပဒေါက်-ကံလှ လမ်း ရှစ်မိုင်အနက် တစ်မိုင် လေးဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၃၄၈ ဒသမ ၈၄၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီဖြစ်သည်။



### အကောင်အထည်ဖော်ဆောင်ရွက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အတွင်း လမ်းတံတားလုပ်ငန်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း၊ တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းစသည်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း ၂၈ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၂၄၈၃ ဒသမ ၂၆၄ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ရေပေါင်းဆုံပင်မဓာတ်အားခွဲရုံ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရေပေါင်းဆုံပင်မဓာတ်အားခွဲရုံ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ရေပေါင်းဆုံ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များနှင့် လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးမှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။



**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးပို့ရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြတ်တောက်မှုမဖြစ်ပေါ်စေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးအတွက် ဓာတ်အားလွှတ်ပစ္စည်းများ ပုံမှန်စစ်ဆေး၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ ဝန်ထမ်းအိမ်ရာလိုင်းခန်းများ ပျက်စီးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းပြုပြင်ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း)အေးသာယာမြို့ရှိ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၅) တည်ဆောက်ရေးညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိရာတာဝန်ရှိသူများက လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ ခွင့်ပြုရရှိသည့် ဘဏ္ဍာငွေများအပေါ် စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန်အတွက် စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားရန်လိုအပ်ကြောင်း၊ ဝန်ထမ်းအိမ်ရာလိုင်းခန်းများ စနစ်တကျထိန်းသိမ်းပြုပြင် ဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းများ၏အခက်အခဲများ လွတ်လပ်စွာတင်ပြနိုင်ရေး တွေ့ဆုံပွဲများ၊ ဆန္ဒဖော်ထုတ်ပွဲများ လစဉ်ပြုလုပ်၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမှတ်(၅) တည်ဆောက်ရေးညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း/အမှုထမ်း ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိရှိထားသင့်သည့်အချက်အလက်များကိုရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသန့်စင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်အသစ် တည်ဆောက်ရေးလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၇**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် ရတနာစုကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေသော ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်အသစ် တည်ဆောက်ရေးလုပ်ငန်း၏ ဆိုင်ဧရိယာအတွင်း အရောင်းဆိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရေနံဓာတ်ငွေ့ရည် သိုလှောင်ကန်နှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း၊ မြေထိန်းနံရံများနှင့် အုတ်တံတိုင်းခြံစည်းရိုးများ ကာရံခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းနှင့် မီးသတ်ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့် ထင်း၊ မီးသွေးသုံးစွဲမှုလျှော့ချနိုင်ရေး၊ လူနေမှုစနစ်မြင့်မားစေရေးအတွက် ရေနံဓာတ်ငွေ့ရည်ကို တွင်ကျယ်စွာအစားထိုးအသုံးပြုလာနိုင်စေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်အသစ်ကို ၂၀၂၄ ခုနှစ်အတွင်း အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေး၊ စံချိန်စံညွှန်းကိုက်ညီမှုရှိစေရေးနှင့် ဘဏ္ဍာငွေလေလွင့်မှုမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကိုလည်း အလေးထားလိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လာမည့်မိုးရာသီတွင် သီးပင်၊ စားပင်နှင့် အရိပ်ရလေကာပင်များ စနစ်တကျစိုက်ပျိုးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်သွားရန်ဖြစ်ကြောင်းနှင့် အနာဂတ်တွင် ရေနံဓာတ်ငွေ့ရည်ကို သယ်ယူပို့ဆောင်ရေးကဏ္ဍကိုပါ တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်သွားရန်ဖြစ်ကြောင်း မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

**❂ ရွှေ့ဖုံးမှ**

ပြည်တွင်း ထုတ်ကုန်များအနက် ရော်ဘာထုတ်ကုန်သည် နိုင်ငံခြားငွေများစွာ ရရှိသည့် ဒေသထွက်ကုန်တစ်ခု ဖြစ်ရာ မွန်ပြည်နယ်သည် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အများဆုံးဖြစ်ကြောင်း၊ ရော်ဘာများ ပိုမိုထွက်ရှိရေးအတွက် ရော်ဘာမျိုးများကို သုတေသနပြု ဖြန့်ဖြူးပေးနေပြီး မျိုးကောင်းမျိုးသန့် ရော်ဘာဖူးဆက်ပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူးပေးလျက် ရှိကြောင်း၊ ရေမြေဒေသနှင့် ကိုက်ညီသည့် အထွက်နှုန်း ကောင်းမွန်သော ရော်ဘာ မျိုးကောင်းမျိုးသန့်များ ပေါ်ထွက်လာစေရေး သုတေသနပြုဆောင်ရွက်ရန် တောင်သူများနှင့်ဝန်ထမ်းများ စွမ်းရည်မြင့်မားစေရေးအတွက် သင်တန်းနှင့် နည်းပညာပေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း မုဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မွန်ပြည်နယ်အတွင်းရှိ ရော်ဘာထုတ်လုပ်သည့်စက်ရုံတစ်ခု၏ လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ထို့ပြင် ရော်ဘာစိုက်ပျိုးသူများအနေဖြင့် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံလုပ်ငန်းမှ စိုက်ပျိုးထောက်ခံသည့်မျိုးများကို စိုက်ပျိုးကြသည့် အပြင်မျိုးသစ်များဖြစ်သည့် RRIM 2000 Series များကိုလည်း တိုးချဲ့စိုက်ပျိုးလာကြောင်း၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်ရာတွင် မွန်ပြည်နယ်သည် ရော်ဘာစိုက်ဧက ၅၀၀၀၀၀ ကျော်ရှိရာ တစ်နိုင်ငံလုံး၏ ၄၀ ရာခိုင်နှုန်းဖြင့် မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အများဆုံး ပြည်နယ်ဖြစ်ပြီး ထွက်ရှိမှုအနေဖြင့် တစ်နိုင်ငံလုံး၏ ၈၀ ရာခိုင်နှုန်းရှိသည်။

မွန်ပြည်နယ်တွင် ထုတ်လုပ်ရောင်းဝယ်နေကြသည့် ရော်ဘာအမျိုးအစားများမှာ RSS၊ MSR စသည့် အမျိုးအစားများဖြစ်ပြီး ပြည်နယ်အတွင်း ရော်ဘာလုပ်ငန်း လုပ်ကိုင်နေသည့် မှိုင်းခံရော်ဘာစက်ရုံ ၂၆ ရုံ၊ ခရမ့်ရော်ဘာစက်ရုံ ၁၁ ရုံ၊ တာယာစက်ရုံ၊ သရေကွင်း၊ ပူဖောင်း၊ ဘောလုံး၊ ဖိနပ်လုပ်ငန်းများမှ တန်ချိန် ၁၅၀၀၀ ခန့်သုံးစွဲပြီး ပြည်တွင်းသုံးစွဲမှုမှ ပိုလျှံသောရော်ဘာများကို ပုဂ္ဂလိကဝယ်လက်များမှ တစ်ဆင့် ရော်ဘာအဝယ်ဒိုင်ကုမ္ပဏီများက စုစည်း၍ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးရှိ ကုမ္ပဏီကြီးများထံသို့ တင်ပို့ကာ ထိုမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။ **အောင်မျိုးသူ(ပြန်/ဆက်)**

**မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ**

**နေပြည်တော် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဥတ္တရသီရိမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ တက်ရောက်



နေပြည်တော် မေ ၂၇

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများ သိရှိနားလည်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင် ပံ့ပိုးကူညီဆောင်ရွက်နိုင်စေရန်၊ လူမှုကွန်ရက်မီဒီယာများနှင့် တရားမဝင် သတင်းဌာနများက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သတင်းမှားများကို အယုံလွယ် လမ်းမှားမရောက်ရှိစေရေး တရားဝင်သတင်းဌာနများ၏ ထုတ်ပြန်ချက်များကို သာလေ့လာနိုင်ရေး အသိပညာပေးဆောင်ရွက်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဥတ္တရသီရိမြို့နယ် အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်သူ့စစ်မှုထမ်းဥပဒေ ထုတ်ပြန်ပြီးသည့်နောက်တွင် ပြည်သူလူထုအကြား ထိတ်လန့်တုန်လှုပ်ခြောက်ခြားစေရေး ရည်ရွယ်ချက်ထားပြီး လုပ်ကြံဖန်တီးမှု လုပ်ရပ်များကို တွေ့ရပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေတွင် သတ်မှတ်ထားသည့် အသက်အရွယ်အတွင်း ဥပဒေနှင့် ကိုက်ညီသူများထဲမှ ပညာသင်ကြားနေသူ၊ မိအိုဖအိုပြုစုလုပ်ကျွေးနေရသူ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျန်းမာရေးကြောင့် ဆေးကုသမှုခံယူနေရသူများကို ယာယီရွှေ့ဆိုင်းပေးထားမည်ဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းရန် မသင့်လျော်သူများကိုလည်း အကြောင်းမဲ့သက်သက် ခေါ်ယူမည်မဟုတ်သလို၊ ယခုကာလတွင်လည်း အမျိုးသမီးများကို ပြည်သူ့စစ်မှုထမ်းခေါ်ယူရန် မရှိသေးကြောင်း သတင်းထုတ်ပြန်ထားရှိပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် ဥတ္တရခရိုင်ဥပဒေအရာရှိ ဦးကျော်ငွေးတို့က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် စစ်မှုထမ်းဆောင်ကြပါစို့ Video Clip နှင့် သမိုင်းပေးတာဝန် Video Clip တို့ကို ပြသသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၇၂) ကွင်းရှိ ရှင်းလင်းဆောင်၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ပြောကြားပြီး တောင်သူများကို သဘာဝမြေဩဇာများနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက လိုအပ်သည်များ တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရွာမကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၇၂) ကွင်းရှိ အောင်မြင်ဖြစ်ထွန်းနေသည့် နွေစပါးစိုက်ခင်းကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် နေပြည်တော် ဒက္ခိဏသီရိဈေးအတွင်း၌ မေ ၁ ရက်တွင် ကျရောက်မည့် အလုပ်သမားနေ့ အထိမ်းအမှတ် နေပြည်တော် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပမည့် အခြေအနေများနှင့် ဆိုင်ခန်းများ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက နေပြည်တော် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ခင်းကျင်းရောင်းချမည့် ထုတ်ကုန်အခြေအနေများနှင့် ဆိုင်ခန်းများ တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပမည့် ဆိုင်ခန်းများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

မေ ၁ ရက်တွင် ကျရောက်မည့် အလုပ်သမားနေ့ အထိမ်းအမှတ် နေပြည်တော် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေပြည်တော် ဒက္ခိဏသီရိဈေးအတွင်း၌ ဒေသထွက် One Region One Product ထုတ်ကုန်များနှင့် MSME ထုတ်ကုန်များကို ဆိုင်ခန်းပေါင်း ၅၀ ဖြင့် မေ ၁ ရက်မှ ၅ ရက်အထိ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ




ပဲခူး မေ ၂၇

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ စီးပွားရေးမျှော်မှန်းချက်အနေဖြင့် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)အား ပုံမှန်ဈေးနှုန်းအရ ၃ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားကြောင်းနှင့် လူတစ်ဦးချင်းစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ငွေကျပ် ၂ ဒသမ ၇၈၈ သန်း အကောင်အထည်ဖော်ရန် မေ ၂၆ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားမှ သိရသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၁၂)ရပ်နှင့်အညီ တိုင်းဒေသကြီးအတွင်း သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သောရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဒေသန္တရစီမံကိန်းများအား ရေးဆွဲအတည်ပြုပြီး တာဝန်ပေးအပ်ခြင်းကို သာမန်လုပ်ရိုးလုပ်စဉ် သဘောမထားဘဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားလေးနက်သည့် လုပ်ငန်းတာဝန်များအဖြစ် ခံယူဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စီမံကိန်းပါလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စောင့်ကြည့်သုံးသပ်ခြင်းနှင့် ချင့်ချိန်ဆုံးဖြတ်ခြင်းတို့ဖြင့် လျာထားချက်အတိုင်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ပြီး ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျသုံးစွဲနိုင်ရေး အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အကန့်အသတ်ဖြင့်ရရှိသည့် နိုင်ငံတော်ဘဏ္ဍာငွေအား ထိထိရောက်ရောက် အကျိုးရှိစွာသုံးစွဲနိုင်ရေး လွန်စွာအရေးကြီးပြီး ဆောင်ရွက်သည့်လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေး၊ လုပ်ငန်းပမာဏနှင့် ညီမျှသည့် ဘဏ္ဍာငွေကြေးသုံးစွဲမှုဖြစ်စေရေး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခင်ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားနည်းချက်၊ အားသာချက်များကို သုံးသပ်ပြီး ကြိုတင်ပြင်ဆင်ရမည့်ကိစ္စရပ်များကို စိစစ်သုံးသပ်၍ တိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပိုမိုကြိုးစားအားထုတ်လုပ်ဆောင်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသန္တရစီမံကိန်းရည်မှန်းချက်တွင် ပါဝင်သော လယ်ယာကဏ္ဍကြီးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးအား လည်းကောင်း၊ စက်မှုကဏ္ဍကြီးအတွက် တိုင်းဒေသကြီး စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဦးစီးမှူးအား လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီးအတွက် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးအား လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ရည်မှန်းချက်များအား ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပြည်၊ နတ်တလင်းနှင့် သာယာဝတီတို့မှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများအား ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ခဲ့ကာ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များကို လျာထားချက် ပြည့်မီကျော်လွန်ပြီး လက်တွေ့အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ အားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များတွင် တိုးတက်မှုနှုန်းအနေဖြင့် ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီးတွင် ၂၉ ဒသမ ၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၃၀ ဒသမ ၈ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၃၉ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားကြောင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စီမံကိန်းရည်မှန်းချက်များအပေါ် ၅ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်အောင် ရည်မှန်းထားသော်လည်း ဘဏ္ဍာနှစ်ကုန်တွင် ၇ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုင်းခတ်မြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီး



ကျိုင်းတုံ မေ ၂၇

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် မိုင်းခတ်-မိုင်းညှင်းလမ်း ၂၂/၀ မိုင်အနက် ၂/၀ မိုင် ကျောက်လမ်းပြင်/ထိန်း ဆောင်ရွက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးဆောင်ရွက်မှုကို ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)မှ တာဝန်ရှိသူများက မေ ၂၆ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ မိုင်းခတ်-မိုင်းညှင် ၂၂/၀ မိုင် လမ်းပိုင်းကို နှစ်စဉ်ဘဏ္ဍာနှစ်များအလိုက် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု၊ ပြည်နယ်)ရန်ပုံငွေများဖြင့် ကျောက်လမ်း ၁၂/၄ မိုင်၊ Box Culvert အစင်း ၄၀၊ ကွန်ကရစ်တံတားနှင့် ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂/၀ မိုင် ကျောက်လမ်းပြင်/ထိန်း ဆောင်ရွက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မိုင်းခတ်မြို့နယ်အတွင်းရှိ ကျေးရွာ ၄၂ ရွာမှ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# MSME ထုတ်ကုန်ပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟားခါး ဧပြီ ၂၇

MSME ထုတ်ကုန်ပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသိန်းထွန်းအောင်၊ ချင်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးဟန်ကျင့်ဇမ်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်နှင့် စစ်ဗျူဟာ(ဟားခါးအခြေချ) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစိုးဝင်းထွန်းတို့က MSME ထုတ်ကုန်ပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အသေးစား၊အငယ်စား၊အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် MSME ထုတ်ကုန်ပြပွဲ ပြခန်းပြသမည့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ပြပွဲပြခန်းများတွင် ပြသမည့်အချက်များ၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသိန်းထွန်းအောင်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်းဒုတ်ကျင်နှင့် ပြည်နယ်အတွင်းရေးမှူး ဦးအောင်ချိုတို့က အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မိုးသီးနှံစိုက်ပျိုးရာသီ လျာထားကေပြည့်မီရေးနှင့် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မုံရွာ ဧပြီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ လျာထားချက်ပြည့်မီရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် အခြားသီးနှံများအား ပန်းတိုင်ရည်မှန်းချက်ကို ပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက တိုင်းဒေသကြီး၏ ဆန်၊ ဆီ၊ ပဲ ဖူလုံမှုများ ပိုမိုတိုးတက်လာနိုင်မည် ဖြစ်သကဲ့သို့ ဝါသီးနှံစိုက်ပျိုးမှု ပန်းတိုင်အထွက်နှုန်းရရှိစေခြင်းဖြင့် ပြည်သူများ ဝတ်ရေးဖူလုံစေပြီး ပြည်ပမှ ချည်ထည်များ တင်သွင်းမှုလျှော့ချနိုင်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် တိုင်းဒေသကြီး၏ သီးနှံစိုက်စွမ်းအား မြှင့်တင်ရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းစသည့် နည်းလမ်း လေးသွယ်ဖြင့် သတ်မှတ်ထားသည့် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေးတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေသူရဇော်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသင့်သည့် သီးနှံပုံစံများ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်စောသန္တာနွယ်က သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးကောင်း၊ မျိုးသန့် ပြောင်းလဲစိုက်ပျိုးခြင်း နည်းပညာများ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်ဖြူဇာဝင်းက သီးထပ်သီးညှပ်စွမ်းအား မြှင့်တင်ရေး၊ မြေဆီလွှာအစိုဓာတ်ထိန်းသိမ်းရေးနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းဌေးက မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာများအား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)ဒုတိယညွှန်ကြားရေးမှူးတို့က ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ လျာထားချက်ပြည့်မီရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက တိုင်းဒေသကြီး အတွင်း မိုးသီးနှံစိုက်ပျိုးရာသီ လျာထားချက်ပြည့်မီရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး လုပ်ငန်း အခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါ ရုံးဝင်းအတွင်းရှိ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သီးထပ်စွမ်းအား တိုးတက်ရေး နည်းပညာပေးပြခန်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးပြခန်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ထောက်ပံ့ပေးအပ်မည့် လက်ကိုင်ရှည် လက်တွန်းထွန်စက်၊ လက်တွန်းမြေဖွစက်နှင့် လက်ဆွဲ မျိုးစေ့ချကိရိယာများ ပြသထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၁၆)ကြိမ်မြောက် EPS-TOPIK စာမေးပွဲဝန်ဆောင်မှုလုပ်ငန်းအုပ်စုတွင် မိန်းကလေးဖြေဆိုမည့်အရေအတွက် များပြား

ရန်ကုန် ဧပြီ ၂၇

မေ ၁၀ ရက်တွင် စတင်ဖြေဆိုရမည့် (၁၆)ကြိမ်မြောက် EPS-TOPIK စာမေးပွဲ ဝန်ဆောင်မှုလုပ်ငန်းအုပ်စုတွင် မိန်းကလေး ဖြေဆိုသူအရေအတွက် များပြားကြောင်း သိရသည်။



"ဒီနှစ်က အမျိုးသမီးတွေကို ပထမဆုံး ခွင့်ပြုတာဆိုတော့ စိတ်ဝင်တစားနဲ့ လျှောက်ကြတဲ့သူတွေ များတယ်။ ဝန်ဆောင်မှုလုပ်ငန်းအတွက် ဖြေဆိုမယ့်သူ ၉၀၀၀ လောက်မှာ မိန်းကလေးတွေက သုံးပုံနှစ်ပုံလောက်ပါတာတွေ့ရတယ်"ဟု ကိုရီးယားဘာသာ အလွတ်သင်တန်း ဆရာမတစ်ဦးက ပြောသည်။

(၁၆)ကြိမ်မြောက် EPS-TOPIK စာမေးပွဲကျင်းပမည့် နေ့ရက်အနေဖြင့် စိုက်ပျိုး/မွေးမြူရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းအတွက် ဧပြီ ၃၀ ရက်မှ မေ ၁၀ ရက်အထိ လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းအုပ်စု(၁)/(၂)အတွက် မေ ၁၀ ရက်မှ ၂၉ ရက်အထိ သတ်မှတ်ထားပြီး ကုန်ထုတ်လုပ်ငန်းအတွက် စာမေးပွဲကျင်းပမည့်နေ့ရက်အား ဆက်လက်ကြေညာမည်ဟု အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီက ဧပြီ ၁၈ ရက်တွင် အသိပေးကြေညာထားသည်။

ကိုရီးယားဘာသာ အရည်အချင်းစစ်( EPS-TOPIK)စာမေးပွဲ ကုန်ထုတ်လုပ်ငန်းဖြေဆိုခွင့် လျှောက်ထားပြီး စာမေးပွဲမှတ်ပုံတင်ကြေး ပေးသွင်းပြီးသူများသည် ဖြေဆိုခွင့်ဖြတ်ပိုင်းတွင် ဖြေဆိုခွင့်အမှတ်စဉ်ပါရှိမှသာ စာမေးပွဲဖြေဆိုခွင့်ရရှိမည်ဖြစ်ကာ မပါရှိသူများသည် ဧပြီ ၂၆ ရက် နောက်ဆုံးထား၍ POEA ရုံးသို့ အကြောင်းကြားရန် ကိုလည်း အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီမှ ဧပြီ ၂၅ ရက်တွင် ထုတ်ပြန်အသိပေးခဲ့သည်။

**အသိပေးထား**

စာမေးပွဲကျင်းပမည့်နေရာမှာ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး ပင်လုံခန်းမ (၄၃)ရပ်ကွက် မင်းရဲကျော်စွာလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်တွင်ဖြစ်ပြီး အမျိုးသားများအနေဖြင့် ရှပ်အင်္ကျီနှင့် ပုဆိုးဝတ်ဆင်လာရန်နှင့် အမျိုးသမီးများအနေဖြင့် မြန်မာဝတ်စုံဝတ်ဆင်လာရန်လည်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ အသိပေးထားသည်။

၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် သတ္တမအကြိမ်မြောက်အမှတ်ပေးအလုပ်ခန့်ထားမည့်စနစ်ဖြင့် (၁၆)ကြိမ်မြောက် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲတွင် မြန်မာနိုင်ငံမှလုပ်သားများအား ကိုရီးယားသမ္မတနိုင်ငံရှိဝန်ဆောင်မှုလုပ်ငန်းအတွက် တိုးချဲ့ခေါ်ယူမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအတွက် ကျား/မ မရွေး ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်ကြောင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းအတွက် ဝင်ရောက်ဖြေဆိုမည့် အမျိုးသမီးများသည် ပညာအရည်အချင်း အနည်းဆုံး အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူဖြစ်ရမည်ဟုလည်း သိရသည်။

**MT**

# သုတ၊ ရသ စာများကို လက်ခံထားရှိသော ဘဏ်တိုက်များ သို့မဟုတ် စာကြည့်တိုက်များ

**တက္ကသိုလ်မြတ်သူ**

(ယမန်နေ့မှအဆက်)

**စာပေမြင့်လျှင် လူမျိုးတင့်သည်**

အထက်ပါဆိုရိုးစကား (စကားပုံ) ဆောင်ပုဒ်ကို စွဲမှတ်ထားပြီး မိမိတို့နိုင်ငံ စာပေအဆင့်အတန်း တိုးတက်မြင့်မား လာစေရန် စာပေရေးသားပြုစုသူများကလည်း ကြိုးပမ်းအားထုတ်၊ စာဖတ်ပရိသတ်ပြည်သူတို့ကလည်း လူထုနည်း၊ လူထုအား၊ စာဖတ်အား၊ စာသိအားဖြင့် ဝေဖန်ထောက်ပြ လမ်းညွှန်ပေးနိုင် အပ်ပေသည်။ ထိုသို့ စာရေးဆရာများကို ပြည်သူက ငါ့ဆရာလုပ်နိုင်အောင် ဝေဖန်ဆန်းစစ်ပြနိုင်ရန် စာဖတ်သူတို့ စာဖတ်နာရပေမည်။

**သို့မှသာ စာသိပေသိ၊ စာပေဝမ်းစာ ပြည့်လာပေမည်။ ကြားဖူးကြသည့် အတိုင်း စာဟူ၍တွေးလျှင် တိုတိုထွာထွာ စာတွေ့လည်း ဖတ်မှတ်၊ ရှည်ရှည် လျားလျား စာများတွေ့လျှင်လည်း ဖတ်မှတ်၍ စာတိုင်ညို့အဖြစ်မှ ဝန်ဇင်းမင်းရာဇာဟူ၍ ကျော်ကြားထင်ရှားသော ဘုရင့်ပညာရှိအမတ် ဖြစ်လာသော တကယ့်ဖြစ်ရပ်ထုံးကို နှလုံးမူပြီး စာဖတ်**ကြ၊ မှတ်ကြလျှင် စာဖတ်သူကိုယ်တိုင် စာသိပေသိ၊ စာပေပညာရှိလာပေမည်။ ကိုယ်က စာနှင့်ဝေးဝေး၊ ခပ်စိမ်းစိမ်းနေလျှင်စာကလည်းကိုယ့်ကို အဝေးကရှောင်သည့် တစိမ်းပြင်ပြင် ဖြစ်လာပေမည်။

> **❛သို့မှသာ စာသိပေသိ၊ စာပေဝမ်းစာပြည့်လာပေမည်။ ကြားဖူးကြသည့်အတိုင်း စာဟူ၍တွေးလျှင် တိုတိုထွာထွာ စာတွေ့လည်း ဖတ်မှတ်၊ ရှည်ရှည်လျားလျား စာများတွေ့လျှင် လည်း ဖတ်မှတ်၍ စာတိုင်ညို့အဖြစ်မှ ဝန်ဇင်းမင်းရာဇာဟူ၍ ကျော်ကြားထင်ရှားသော ဘုရင့်ပညာရှိအမတ်ဖြစ်လာသော တကယ့်ဖြစ်ရပ်ထုံးကို နှလုံးမူပြီး စာဖတ်ကြ၊ မှတ်ကြလျှင် စာဖတ်သူကိုယ်တိုင် စာသိပေသိ၊ စာပေပညာရှိလာပေမည်။ ကိုယ်က စာနှင့်ဝေးဝေး၊ ခပ်စိမ်းစိမ်းနေလျှင် စာကလည်း ကိုယ့်ကို အဝေးကရှောင်သည့် တစိမ်းပြင်ပြင် ဖြစ်လာပေမည်❜**

**တိုးတက်ဖွံ့ဖြိုး စီးပွားတိုး ပညာဖြိုးသောနိုင်ငံ**

စာသိ၊ ပေသိ၊ သတင်းသိ အလျှင်းမရှိလျှင် အလင်းမရှိနိုင်၊ အရှင်းမသိနိုင်ဖြစ်လာပေမည်။ ထိုသို့သော စာဝေး၊ ပေဝေး၊ သတင်းအသိဝေးနေသူကို လူအများက ဖိုးသုည၊ လူ့အန္ဓဟု သမုတ်လာနိုင်ပေသည်။ ထို့ကြောင့်စာပေဖတ်ရှု၊ သတင်းသိမှုဖြင့် လောကကို ရှင်းရှင်းပြက်ပြက်၊ ကွင်းကွင်းကွက်ကွက် မြင်နိုင်ကာ လင်းလင်းလက်လက် အသိဉာဏ်ပိုင်ရှင်ဖြစ်လာနိုင်ပေသည်။ စာဖတ်ပြည်သူဦးရေများလာသော နိုင်ငံများသည် ကမ္ဘာတွင် တိုးတက်ဖွံ့ဖြိုး စီးပွားတိုး ပညာဖြိုးသောနိုင်ငံဖြစ်လာပေမည်။

**ဤစာရေးသူ ကျွန်တော်သည် ယခု အသက် (၉၃)နှစ်ပြည့်လုပြီး (၉၄) နှစ်ထဲသို့ဝင်ရန် ခြေလှမ်းပြင်နေပြီ။ သို့သော် သတင်းများ နေ့စဉ်မကြည့်ရမနေနိုင်၊ မသိရမနေနိုင် ကြည့်တုန်း၊ ဖတ်တုန်း၊ နားထောင်တုန်း၊ သတိအသိ စာအသိ ဖတ်ရှုစုဆောင်းရတုန်းဖြစ်သည်။ အိပ်ရာထဲ သတိလက်လွတ်မလဲကျသေးသမျှ ဖတ်နေ၊ ကြည့်နေ၊ နားထောင်နေရပေဦးမည်။ ဦးနှောက်မပျက်၊ လက်မကျိုးသေးသမျှ မိမိ၏ ပညာသိ၊ စာသိ၊ သတင်းသိများကို ဝေမျှပေးရန် စာရေးနေဦးမည်ဖြစ်သည်။ ကျွန်တော်သည် ငယ်ငယ်ကပင် အစုအဆောင်းဝါသနာပါသည်။ သို့သော် ပိုက်ဆံငွေကြေးမစုဖြစ်၊ စာအုပ်စု၍ စာသိပေသိစုဆောင်းသည်။**

နေ့စဉ် လစဉ် အုပ်တွဲချုပ်၍ သတင်းစာများစုဆောင်းသည်။ စာရေးဆရာဖြစ်၍ စာအုပ်များ လက်ဆောင်ရသည်။ လက်ဆောင်မရလျှင်လည်း ဝယ်ထားသင့်သော စာအုပ်များ ဝယ်စုသည်။ သတင်းစာအုပ်တွဲ၊ ဂျာနယ်အုပ်တွဲ၊ မဂ္ဂဇင်း၊ ဝတ္ထုစာအုပ်၊ သဘောတရားရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုရေးရာ၊ ဥပဒေရေးရာ စသည့်စာအုပ်မျိုးစုံကို စုအားရှိသရွေ့ စုခဲ့ရာ အသက် ၉၀ ခန့်တွင် ၄၅ ပေ x ၅၅ ပေရှိ တိုက်ခန်းတစ်ထပ်အပြည့် ကိုယ်ပိုင်စာအုပ်များဖြင့် စာကြည့်တိုက်ငယ်တစ်ခုဖြစ်လာသည်။ ထိုစာအုပ်စင်ကြီးများကို ဖက်တွယ်အားထားကိုးကား၍ စာများစွာရေးဖြစ်သည်။ ဆွေးနွေးဟောပြော၊ ပို့ချခြင်းများစွာလုပ်ခဲ့သည်။ အသက် (၉၂) နှစ်သို့ ရောက်သောနှစ်တွင် ဇရာနှင့်အတူ ဗျာဓိကပါလာ၍ အိုမင်းမစွမ်းဖြစ်လာသည်။ ဤသို့ဖြင့် 'ငါသေသော်' ဟူသော အတွေးဖြင့် ကိုယ်ပိုင်စာကြည့်တိုက်ကြီး တစ်ခု၊ အမှတ်တရပစ္စည်းရမိသမျှ၊ တူရိယာပစ္စည်းရှိသမျှကို နေပြည်တော် အမျိုးသားစာကြည့်တိုက်သို့ ၂၀၂၂ ခုနှစ် နှိုဝင်ဘာလတွင် ပေးပို့လှူဒါန်းခဲ့သည်။

အမျိုးသားစာကြည့်တိုက်ကလည်း ကျွန်တော့်စေတနာကို တုံ့ပြန်ကာ နေပြည်တော် အမျိုးသားစာကြည့်တိုက် အတွင်းမှာပင် ကျွန်တော်ပေးလှူသော စာကြည့်တိုက်ပါစာအုပ်များ၊ သတင်းစာဂျာနယ်အုပ်များ၊ အမှတ်တရပစ္စည်းများ၊ တူရိယာပစ္စည်းများကို ကျွန်တော့်စာစုခန်း ဆိုင်းဘုတ်တပ်၍ စီခြယ်ထားပေးသည်မှာ ဝမ်းသာအားရ ကျေးဇူးတင်ရသည်၊ ဂုဏ်ယူရသည်၊ ပီတိဖြစ်ရသည်။ ယနေ့တိုင် အသင့်ရရှိသော စာအုပ်များ၊ စာနယ်ဇင်းများ၊ ကိုယ်တိုင်နေ့စဉ်ဝယ်ဖတ်သော ကြေးမုံ၊ မြဝတီနှင့် စံတော်ချိန်သတင်းစာများကို လကုန်လျှင် ကတ္တူဖုံးဖြင့် အုပ်တွဲချုပ်ကာ ပေးပို့လှူဒါန်းဆဲဖြစ်သည်။

**မြန်မာစာပေတိုးတက်မြင့်မားရေး စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်**

ယခု နိုင်ငံတော်အကြီးအကဲက မြန်မာစာပေတိုးတက်မြင့်မားရေး စာကြည့်တိုက်များ လှိုင်လှိုင် တစ်နိုင်ငံလုံးတွင် တိုးချဲ့ဖွင့်လှစ်ကာ ပြည်သူတို့ စာပိုဖတ်ရေးအတွက် ဦးဆောင်နှိုးဆော်တိုက်တွန်းသဖြင့် စာကြည့်တိုက်ဆိုင်ရာ၊ စာဖတ်ပရိသတ်ဆိုင်ရာ လှုပ်ရှားမှုများ ဆက်တိုက်တွေ့လာရန် ဤစာကြည့်တိုက်ဆောင်းပါးကို ရေးသားဖြစ်ပါသည်။

**စာကြည့်တိုက်ဟူ၍ အသစ်ဖွင့်လှစ်လျှင် စာကြည့်တိုက်နေရာ၊ စာကြည့်တိုက် အဆောက်အအုံ၊ စာကြည့်တိုက်ကို ဦးဆောင်ကြီးကြပ် ဖွင့်လှစ်ပေးမည့် စေတနာရှင်အဖွဲ့များ၊ စာအုပ်များ၊ စာကြည့်တိုက်ပရိဘောဂများ ဖြည့်တင်း**ရန် လိုပေသည်။ မိမိတို့ရပ်ကွက်၊ လမ်း၊ မြို့ရွာအလိုက် စေတနာရှင်တို့၏ အလှူငွေ၊ အလှူစာအုပ်၊ မြေနေရာ၊ အဆောက်အအုံကအစ လိုအပ်လာပေမည်။ စာကြည့်တိုက်သို့ လစဉ်လိုလို စာအုပ်သစ်များ ဖြည့်တင်းရန် လိုလာပေသည်။ အလှူအတန်းပြုလုပ်ရာ၌ ရေလှောင်ဆည်တမံကြီး ကျိုးပေါက်သကဲ့သို့ စေတနာသဒ္ဓါထက်သန်သောမြန်မာများသည် တမူးရ၍ တစ်ပဲလှူတတ်သူ ပြည်သူများ၏ စေတနာသဒ္ဓါတရားများဖြင့် စာကြည့်တိုက်များ တိုးပွားလာနိုင်ပေသည်။ တိုးပွားလည်း တိုးပွားလာသင့်ပေသည်။

**နိုင်ငံအနှံ့ကျေးရွာပေါင်း သုံးသောင်းကျော်ရှိ**

၁၉၆၃ ခုနှစ် ဗိုလ်တထောင်သတင်းစာတွင် "ပြည်သူ့စာပေခေတ်သို့" ဟူသောခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ကျွန်တော်ရေးသားခဲ့ဖူးသည်။ မြက်ခင်းသစ်မဂ္ဂဇင်းနှင့် ဂျာနယ်နှစ်စောင်ခန့်တွင် ထိုဆောင်းပါးမျိုး ကျွန်တော်ထပ်မံရေးသားဆော်ဩခဲ့ဖူးသည်။ ထိုစဉ်က ကျေးရွာများ၌ လယ်ယာမြေသစ်များ အင်တိုက်အားတိုက်ဖော်ထုတ်ကာ သီးနှံစိုက်ပျိုးကြေများ သီးထပ်၊ သီးညှပ်၊ နွေမိုး၊ ဆောင်းစပါးစိုက်ခင်းများ တိုးပွားဖြစ်ထွန်းနေချိန်ဖြစ်သည်။ ကျွန်တော်က ကျေးရွာတိုင်း (နိုင်ငံအနှံ့ကျေးရွာပေါင်း သုံးသောင်းကျော်ရှိရာ) တစ်ရွာလျှင် မြေလွတ်၊ မြေရိုင်း၊ ပလပ်မြေများ စုပေါင်းဖော်ထုတ်ကာ ထို ငါးဧက၊ ၁၀ ဧကမျှသော ကျေးရွာဘုံလယ်မြေများပေါ်တွင် ရွာမှလုပ်အားများဖြင့် ထွန်ယက်စိုက်ပျိုးလျှင် စပါး၊ နှမ်း၊ ပဲ၊ ဝါ စသောသီးနှံများ ရပါမည်။ ပေါက်ဈေးဖြင့် ရောင်းချပြီး ရွာရန်ပုံငွေအဖြစ် စနစ်တကျ စာရင်းနှင့်အင်းနှင့် သိမ်းဆည်းသုံးစွဲကြပြီး ရွာလုံခြုံရေး စည်းရိုးထပ်ကာနိုင်မှာ၊ ရွာတွင် စာကြည့်တိုက်ဖွင့်နိုင်မှာ။ ရွာစာကြည့်တိုက်အတွက် စာပေဗိမာန်မှထုတ်ဝေသော ပြည်သူ့လက်စွဲစာအုပ်များကဲ့သို့ (ထိုစဉ်က တစ်အုပ်လျှင် ပြား ၅၀၊ ပြား ၆၀ စသည်ဖြင့် စာပေဗိမာန်က ရောင်းချလျက်ရှိရာ) ရွာရန်ပုံငွေမှ ထိုစာအုပ်များ လစဉ် လေး၊ ငါး၊ ဆယ်အုပ်ဝယ်လျှင် ရွာသူ ရွာသားများ လစဉ် စာအုပ်သစ်လေး၊ ငါး၊ ဆယ်အုပ်ဖတ်ရှု၍ စာသိပေသိ (ပညာသိ) တိုးမည်ဟူ၍ အကြံပြုခဲ့သည်။ ယနေ့အခြေအနေတွင် ထိုသို့ ရွာတိုင်းဘုံလယ်မြေဖော်ထုတ်၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ စုပေါင်းကြိုးစားမှုဖြင့် စာအုပ်သစ်ဝယ်ရန် ရန်ပုံငွေရှာလျှင် စာကြည့်တိုက်သစ်၊ စာကြည့်တိုက်ငယ်များ သက်ရှည်ကျန်းမာဝဖြိုးအလှတိုးနိုင်ပေသည်။

**စာမျက်နှာ ၇ သို့ ❖**

> **❛ဤစာရေးသူ ကျွန်တော်သည် ယခု အသက် (၉၃) နှစ် ပြည့်လုပြီး (၉၄) နှစ်ထဲသို့ဝင်ရန် ခြေလှမ်းပြင်နေပြီ။ သို့သော် သတင်းများ နေ့စဉ်မကြည့်ရမနေနိုင်၊ မသိရမနေနိုင် ကြည့်တုန်း၊ ဖတ်တုန်း၊ နားထောင်တုန်း၊ သတိအသိ စာအသိ ဖတ်ရှုစုဆောင်းရတုန်းဖြစ်သည်။ အိပ်ရာထဲ သတိလက်လွတ်မလဲကျသေးသမျှ ဖတ်နေ၊ ကြည့်နေ၊ နားထောင်နေရပေဦးမည်။ ဦးနှောက်မပျက်၊ လက်မကျိုးသေးသမျှ မိမိ၏ ပညာသိ၊ စာသိ၊ သတင်းသိများကို ဝေမျှပေးရန် စာရေးနေဦးမည်ဖြစ်သည်။ ကျွန်တော်သည် ငယ်ငယ်ကပင် အစုအဆောင်းဝါသနာပါသည်။ သို့သော် ပိုက်ဆံငွေကြေးမစုဖြစ်၊ စာအုပ်စု၍ စာသိပေသိစုဆောင်းသည်❜**



အမျိုးသားစာကြည့်တိုက်(နေပြည်တော်)အား တွေ့ရစဉ်။

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ နေရပ်စွန့်ခွာ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် ဆန်၊ ဆီ၊ စားနပ်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်



မော်လမြိုင် မေ ၂၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ဓမ္မသတ်ကျေးရွာနှင့်အနီး ပတ်ဝန်းကျင်ကျေးရွာများ၌ မတ် ၂၈ ရက်မှစတင်၍ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် နေအိမ်များမီးလောင်ပျက်စီးခဲ့ရသော ကျေးရွာသူကျေးရွာသားများအား ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံး ဆောင်ရွက်ပေးလျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဓမ္မသတ်ကျေးရွာ ဓမ္မသတ်ကျောင်းဟောင်းဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့ကြပြီး လတ်တလောနယ်မြေအခြေအနေအရ မိမိတို့၏နေရပ်ကျေးရွာများကို စွန့်ခွာတိမ်းရှောင်လာကြသည့် မိသားစုများနှင့် တွေ့ဆုံအားပေးခဲ့သည်။

ထိုသို့တွေ့ဆုံအားပေးရာတွင် ပြည်ဝန်ကြီးချုပ်က ယခုချိန်တွင် ဓမ္မသတ်ကျေးရွာနှင့်အနီး ပတ်ဝန်းကျင်ကျေးရွာများ၌ တည်ငြိမ်အေးချမ်းနေပြီဖြစ်သည့်အတွက် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် မိမိတို့နေရပ်သို့ သွားရောက်၍ ပြန်လည်အခြေချနေထိုင်နိုင်ပြီဖြစ်ကြောင်းနှင့် ကျေးရွာအနီးပတ်ဝန်းကျင်ရှိ ကျေးရွာသူ ကျေးရွာသားများလည်း စိုးရိမ်ပူပန်ကြောင့်ကြမှုမရှိစေရေး ဆွေမျိုးသားချင်းများအား လက်ဆင့်ကမ်း ပြန်လည်ပြောကြားပေးစေလိုကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း လိုအပ်ချက်များ အခက်အခဲများကြုံတွေ့လာပါကလည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အတတ်နိုင်ဆုံး ထောက်ပံ့ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကာ လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်ရေးအတွက် လာရောက်အားပေးကူညီရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေရပ်စွန့်ခွာဒေသခံ ပြည်သူများကိုယ်စား ဒေသခံတစ်ဦးက ဒေသတွင်းနယ်မြေအေးချမ်းစွာနေထိုင်လိုမှု၊ ပျက်စီးသွားသည့်နေအိမ်အဆောက်အအုံများအား ပြန်လည်ပြုပြင်ထူထောင်နိုင်ရေး ဆောင်ရွက်ပေးလိုမှုအား တင်ပြခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အားပေးစကားများ ပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများ၊ အိမ်ဆောက်ပစ္စည်းနှင့် ထောက်ပံ့ငွေများ၊ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးအား ပေးအပ်ခဲ့ကြရာ ကျေးရွာသူကျေးရွာသားများက လက်ခံရယူခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဓမ္မသတ်ကျေးရွာအတွင်း ပျက်စီးယိုယွင်းခဲ့သော နေအိမ်အဆောက်အအုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျေးရွာနေပြည်သူများ မိမိတို့နေအိမ်များသို့ အမြန်ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ နေရပ်စွန့်ခွာဒေသခံ ပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ် ၇၀၊ ဆီပိဿာ ၁၁၀၊ ဆားပိဿာ ၈၀၊ အသင့်သုံးအစားအစာ ခေါက်ဆွဲခြောက်ဖာ ၈၀၊ ငါးသေတ္တာများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ယခုနှစ် ရှမ်းပြည်နယ်ဈေးကွက်သို့ သင်္ဘောသီးအဝင်များပြီး ရောင်းအားတက်နေ

ရန်ကုန် မေ ၂၇

ယခုနှစ်တွင် ရှမ်းပြည်နယ်ဈေးကွက်သို့ သင်္ဘောသီး အဝင်များပြီး ရောင်းအားတက်သည့် အနေအထားရှိနေကြောင်း ကုန်သည်များထံမှ သိရသည်။

ယခုနှစ်တွင် ကုန်ထွက်နှုန်းများသည့်အလျောက် ကုန်အဝင်ရှိသလောက်ကို ရောင်း၍ကုန်ရန် ကြိုးစားနေရကြောင်းလည်း သိရသည်။

"ကုန်ထွက်နှုန်းက ခုနှစ်ရက် တစ်ပတ်လည်ထွက်တယ်။ အသီးကလည်းများတယ်။ ဝင်လာသလောက် ဖြုန်းနိုင်ဖို့တော့ နည်းနည်း အားစိုက်ရောင်းရတယ်။ အသီးအနံ့က ဒီအချိန်က ရောင်းရတာ အဆင်ပြေပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီအချိန်ကပူတဲ့ရာသီ ဖြစ်တော့လေ။ ကျွန်မက ခေါင်သီးပဲရွေးဝယ်လို့ရှိရင် ပေးရတဲ့ဈေးလည်း မြင့်တယ်။ ခြံထဲမှာ တစ်လုံးကို ငွေကျပ် ၂၀၀၀ နဲ့ ဝယ်လို့ရှိရင် ကျွန်မက ငွေကျပ် ၂၅၀၀ လောက်ရောင်းရတယ်။ ဝယ်လိုအား ရောင်းလိုအားက ကျမသွားဘူး" ဟု သင်္ဘောသီးရောင်းဝယ်ရေး လုပ်ကိုင်သည့် ကုန်သည်တစ်ဦးက ပြောသည်။

ရှမ်းပြည်နယ်လက်လီဈေးကွက်တွင် သင်္ဘောသီးတစ်လုံးလျှင် အရွယ်အစားနှင့် အလုံးလှ မလှပေါ်မူတည်ကာ အနိမ့်ဆုံး ငွေကျပ် ၁၀၀၀ မှ ၃၅၀၀ အထိ ဈေးရှိကြောင်း သိရသည်။

"ကျွန်မဆီမှာက လက်ကားသမားတွေများတယ်။ ဖရဲသီးကလည်းရှိနေတော့ သင်္ဘောသီးက နည်းနည်းနည်းတယ်။ ဒီအချိန်က သခွားမွှေးကလည်းပေါ်တယ်။ အဲဒီလိုအရည်ရွှမ်းတဲ့ အသီးတွေကလည်းပေါ်တယ်။ သင်္ဘောသီးက လက်လီဈေးမှာဆိုရင် အကောင်းဆုံးက တစ်လုံး ငွေကျပ် ၃၀၀၀၊ ၃၅၀၀ အများဆုံးပေ့ါ။ အဲဒါကလည်း တစ်ပိဿာခွဲကျော်၊ နှစ်ပိဿာလောက်မှရတာပေ့ါ။ ကျန်တဲ့အောက်ဆိုက်တွေကတော့ ငွေကျပ် ၁၀၀၀၊ ၁၅၀၀ လောက်တွေလည်း ပါတာပေ့ါ။ နေလောင်သီးဆိုရင်တော့ ရောင်းလို့မရဘူး။ သင်္ဘောသီးကတော့ အလုံးလှတာ၊ မလှတာပေါ်မူတည်ပြီးတော့ ဈေးနှုန်းပြောင်းလဲသွားတာပေ့ါ" ဟု အခြား ကုန်သည်တစ်ဦးက ပြောသည်။

ကိုဗစ်မတိုင်ခင် ကာလများက ဧပြီလမှ အောက်တိုဘာလများတွင် သင်္ဘောသီးဈေးကွက် ကောင်းမွန်ခဲ့ပြီး စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း စသည့်ဒေသတို့မှ ထွက်ရှိသည့် သင်္ဘောသီးများကို ရှမ်းပြည်နယ် တောင်ကြီး၊ လားရှိုး၊ နေပြည်တော်နှင့် ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

သင်္ဘောသီးအမှည့်ကို စားသုံးသလို သင်္ဘောသီးအစိမ်းကိုလည်း သင်္ဘောသီးသုပ်၊ ယိုးဒယားသင်္ဘောသီးထောင်းစသည့် အမယ်များအပြင် အသုပ်စုံထဲတွင်လည်း အနည်းငယ်ထည့်၍ စားလေ့ရှိသည်။ သင်္ဘောသီးပင်ကို မြန်မာနိုင်ငံတွင် နေရာအနှံ့အပြား စိုက်ပျိုးကြပြီး အပူပိုင်းနှင့် အပူအနည်းငယ်လျော့သည့် ဒေသများတွင် ပိုမိုဖြစ်ထွန်းသည်။ **Thit Taw**

❖ စာမျက်နှာ ၆ မှ

၁၉၆၀ ပြည့်လွန်နှစ်များတွင် ကုလသမဂ္ဂယူနက်စကိုအဖွဲ့က ကြီးမှူးသော စာအုပ်ထုတ်ဝေဖြန့်ချိရေး လုပ်ငန်းအကြောင်း နီးနှောဖလှယ်ပွဲတွင် ဆရာဇော်ဂျီ၏ တင်ပြချက်မှာ ကျွန်တော့်ရင်ထဲ၊ ဦးနှောက်ထဲတွင် ယနေ့တိုင်ထင်ကျန်နေခဲ့သည်။ ဆရာဇော်ဂျီက စာရေးဆရာတို့ ရေးသော စာများ၌ စာအုပ်ဈေးနှုန်းချိုသာစွာဖြင့် ထုတ်ဝေရောင်းချလျှင် (စာပေဗိမာန်မှ ပြည်သူ့လက်စွဲစာစဉ်၊ စာအုပ်များကဲ့သို့) လူတိုင်း ဝယ်နိုင်ဖတ်နိုင်သဖြင့် စောင်ရေထောင်ချီ၊ သောင်းချီ ထုတ်ဝေဖြန့်ချိ ရောင်းချနိုင်မည်။ စာတစ်အုပ်တစ်ကျပ်ဖြင့် ရောင်းလျှင် စာအုပ်သုံးသောင်းဆိုလျှင် စာအုပ်ရောင်းရငွေ ၃၀၀၀၀ ရမှာ။ ထိုစာအုပ် ရောင်းချရငွေ၏ ၃၅ ရာခိုင်နှုန်းကို စာရေးဆရာအား စာမူခပေးနိုင်သည်ဟု ဆရာဇော်ဂျီက တင်ပြခဲ့ရာ ထိုနှုန်းအတိုင်း စာရေးဆရာယူ စာအုပ်ရောင်းရငွေ ၃၀၀၀၀ (သုံးသောင်း)၏ ၃၅ ရာခိုင်နှုန်းဖြင့် စာရေးဆရာ စာမူခရငွေ ၃၅၀၀ ကျပ် ဖြစ်ပေမည်။

**❝ စာကြည့်တိုက်ဟူ၍ အသစ်ဖွင့်လျှင် စာကြည့်တိုက်နေရာ၊ စာကြည့်တိုက်အဆောက်အအုံ၊ စာကြည့်တိုက်ကို ဦးဆောင်ကြီးကြပ်ဖွင့်လှစ်ပေးမည့် စေတနာရှင်အဖွဲ့များ၊ စာအုပ်များ၊ စာကြည့်တိုက်ပရိဘောဂများ ဖြည့်တင်းရန်လိုပေသည်။ မိမိတို့ရပ်ကွက်၊ လမ်း၊ မြို့ရွာအလိုက် စေတနာရှင်တို့၏ အလှူငွေ၊ အလှူစာအုပ်၊ မြေနေရာ၊ အဆောက်အအုံကအစ လိုအပ်လာပေမည်။ စာကြည့်တိုက်သို့ လစဉ်လိုလို စာအုပ်သစ်များဖြည့်တင်းရန် လိုလာပေသည်။ အလှူအတန်းပြုလုပ်ရာ၌ ရေလှောင်ဆည်တမံကြီး ကျိုးပေါက်သကဲ့သို့ စေတနာသဒ္ဓါထက်သန်သော မြန်မာများသည် တမူးရ၍ တစ်ပဲလှူတတ်သူ ပြည်သူများ၏ စေတနာသဒ္ဓါတရားများဖြင့် စာကြည့်တိုက်များ တိုးပွားလာနိုင်ပေသည်။ တိုးပွားလည်း တိုးပွားလာသင့်ပေသည် ❞**

**ကျကျနနလေ့လာ စဉ်းစားတွေးခေါ်ပြီး စာအုပ်ကောင်းများရေး**

ထိုစဉ်က နှစ်ကျပ်တန်၊ သုံးကျပ်တန်လုံးချင်းဝတ္ထုရေးသူသည် စာမူခ ၁၅၀ ကျပ်ခန့်သာရကြ၍ စာရေးဆရာတို့ကျပ်တည်းကြ၊ ဆင်းရဲခဲ့ကြသည်။ ၃၅၀၀ သာရလျှင် ပြီးလွယ်စီးလွယ်၊ ရှာလွယ်ရေးလွယ်စေရန် ဝတ္ထုစာအုပ်များ တစ်လတစ်အုပ်၊ နှစ်လ တစ်အုပ် ရေးနေစရာမလိုပေ။ တစ်အုပ်ကောင်းကောင်း သေချာဂရု စဉ်းစားတွေးခေါ်ရေးသားလျှင် တစ်နှစ်တစ်အုပ်သာရေးသားထုတ်ဝေနိုင်လျှင် ထိုစာရေးဆရာ စာမူခ ရငွေကျပ် ၃၅၀၀ ဖြင့် မိသားစုနှစ်ပေါက်စားသောက်နိုင်ပေမည်။ (ယနေ့ခေတ်တွင်လည်း ယနေ့ငွေကြေးတန်ဖိုးအလိုက် ၃၅ ရာခိုင်နှုန်းရကြလျှင် စာရေးဆရာသည် တစ်နှစ်တစ်အုပ် ကျကျနနလေ့လာ စဉ်းစားတွေးခေါ်ပြီး စာအုပ်ကောင်းများ ရေးနိုင်ပေမည်။ ယေဘုယျအားဖြင့် စာရေးဆရာအများစုမှာ စာအုပ်ရောင်းရငွေ၏ တစ်ဆယ်ရာနှုန်းပင်မရကြ။ ထို့ကြောင့် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနများ ဆရာဇော်ဂျီ၏ မူအတိုင်း စာရေးဆရာများလည်း ထမင်းဝ၊ စာဖတ်သူများလည်း စာသိပေသိကောင်း များများစားစားရကြ၊ စာကြည့်တိုက်များလည်း မှိုလိုပေါက်လာမည်ဖြစ်သည်ဟု တွေးထင်မိပါသည်။

ကျွန်တော်၏ ဤအတွေးကိုပင် ဆန်းစစ်၍ ပျားလည်းစွဲသာ ရှဉ့်လည်းလျှောက်သာဖြင့် စာအုပ်စာပေကောင်းများထုတ်ဝေ၍ ပြည်သူများလက်ဝယ်သို့ စာကြည့်တိုက် တစ်ခုမဟုတ် တစ်ခုကဖတ်ရှုစေနိုင်ရေးကို အောင်မြင်အောင်အားထုတ်နိုင်မည်ဆိုပါက စာကြည့်တိုက်ငယ်များသည်ပင် သုတ၊ ရသ စာပေဘဏ်တိုက်အသေးစားများသဖွယ် ဖြစ်တည်လာလိမ့်မည်ဟု ယုံကြည်မိပါကြောင်း ခင်ဗျာ။ ။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ပုဂံ၊ တောင်ကြီး၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်စခန်းအသီးသီးသို့ ရောက်ရှိ

နေပြည်တော် ဧပြီ ၂၇

**ပုဂံလူရည်ချွန်စခန်း**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် နဝမတန်း လူရည်ချွန်မောင်မယ်များသည် ယနေ့နံနက်ပိုင်းတွင် ပုဂံလူရည်ချွန်စခန်းသို့ ရောက်ရှိလာကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ဦးစီး၍ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သူသူနှင့် တာဝန်ရှိသူများက ပန်းကုံးများ၊ သပြေခက်များဖြင့် လည်းကောင်း၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက လမ်းဘေးဝဲယာတစ်လျှောက်မှ လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ပုဂံလူရည်ချွန် အပန်းဖြေစခန်းမှူးဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း ဦးဆောင်သည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် နဝမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်ဆရာ ဆရာမများသည် နံနက် ၁၁ နာရီတွင် ပုဂံလူရည်ချွန်စခန်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

**တောင်ကြီးလူရည်ချွန်စခန်း**

အလားတူ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒသမတန်း လူရည်ချွန်မောင်မယ် ၁၄၀ နှင့် ကြီးကြပ်သူဆရာ ဆရာမများသည် အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း ဦးဆောင်သော အဖွဲ့ဖြင့် နေပြည်တော် လူရည်ချွန်စုရပ်စခန်းမှ ယနေ့နံနက်ပိုင်းက စတင်ထွက်ခွာကြပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့သို့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိခဲ့ကြသည်။

အဆိုပါ လူရည်ချွန်အဖွဲ့အား ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများက လမ်းဘေးဝဲယာတစ်လျှောက် အလံငယ်များဝှေ့ယမ်း နှုတ်ဆက်၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များက တိုင်းရင်းသားရိုးရာ အကများဖြင့် လည်းကောင်း၊ ဘင်ခရာတပ်ဖွဲ့များက ဘင်ခရာ၊ ပန်းဖွားအကများဖြင့်လည်းကောင်း၊ အိုးစည်ဗုံမောင်းများတီးခတ်၍ လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များသည် ကလောမြို့ရှိ မောမြေဦးပန်းခြံနှင့် ကလောနာရီစင်များသို့ သွားရောက် လေ့လာကြပြီး ကလောမြို့ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ နေ့လယ်စာ သုံးဆောင်ကြသည်။

ယင်းနောက် ကလောမြို့မှ ဆက်လက်ထွက်ခွာကြပြီး လူရည်ချွန်စခန်း ဖွင့်လှစ်ထားသည့် တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိကြရာ ပြည်နယ်ပညာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဘင်ခရာတပ်ဖွဲ့တို့က အလံငယ်လေးများဝှေ့ယမ်းကာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**ငွေဆောင်လူရည်ချွန်စခန်း**

ထို့အတူ ၂၀၂၃-၂၀၂၄ ကောဒသမတန်း လူရည်ချွန်မောင်မယ်များသည် ဧပြီ ၂၇ ရက်တွင် ပုသိမ်မြို့မှ လူရည်ချွန်စခန်းရှိသည့် ငွေဆောင်မြို့သို့ ည ၇ နာရီတွင် ရောက်ရှိခဲ့ရာ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက မြို့ဝင် လူရည်ချွန်မုခ်ဦးနှင့် စခန်းဖွင့်ရာ ယမုံနာဦးဟိုတယ်တို့မှ လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

ငွေဆောင်မြို့သို့ ရောက်ရှိလာသည့် လူရည်ချွန်မောင်မယ်များအား တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ငွေဆောင်မြို့အဝင် ကြိုဆိုရေးမုခ်ဦးတွင် အိုးစည်ဒိုးပတ်အကဖြင့် ကပြဖျော်ဖြေကာ အလံများဖြင့် ဝှေ့ယမ်းကြိုဆိုခဲ့ကြပြီး လူရည်ချွန်စခန်းဖွင့်ရာ ယမုံနာဦးဟိုတယ်သို့ အရောက်တွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဟိုတယ်အဝင် ကြိုဆိုရေးမုခ်ဦးမှ ခန်းမဆောင်အထိ ပန်းစည်းကမ်းကြိုဆိုခဲ့ကြပြီး တိုင်းရင်းသားအကများဖြင့် ကြိုဆို ဖျော်ဖြေခဲ့ကြသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များသည် ဟိုတယ်မှ ဧည့်ခံသည့် အအေးသုံးဆောင်ကာ နားနေဆောင် အသီးသီးသို့ သွားရောက် အနားယူခဲ့ကြကြောင်း သိရသည်။

**ချောင်းသာလူရည်ချွန်စခန်း**

ထို့အတူ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ လူရည်ချွန်စခန်း (ချောင်းသာ)တွင် စခန်းချနေထိုင်မည့် ဒွါဒသမတန်း လူရည်ချွန်မောင်မယ်များသည် ယနေ့ညနေ ၆ နာရီက ချောင်းသာမြို့သို့ ရောက်ရှိလာကြရာ ချောင်းသာမြို့ အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များက ချောင်းသာမြို့အဝင်နှင့် လူရည်ချွန်စခန်း (ချောင်းသာ) မုခ်ဦးတို့တွင် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

လူရည်ချွန်မောင်မယ်များသည် ချောင်းသာမြို့ AZURA ဟိုတယ်၌ ယာယီဖွင့်လှစ်ထားသည့် လူရည်ချွန်စခန်း(ချောင်းသာ)တွင် စခန်းချနေထိုင်ပြီး လူရည်ချွန်ဟောင်းကြီးများနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံခြင်း၊ ဒေသန္တရဗဟုသုတများလေ့လာခြင်း၊ ကမ်းခြေတွင် အပန်းဖြေခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ လူရည်ချွန်စခန်း (ချောင်းသာ)တွင် မြန်မာတစ်နိုင်ငံလုံးမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒွါဒသမတန်း လူရည်ချွန်မောင်မယ် ၁၃၇ ဦးနှင့် ကြီးကြပ်ဆရာ ဆရာမများက ဧပြီ ၂၇ ရက်မှ မေ ၁ ရက်အထိ ယာယီစခန်းချနေထိုင်သွားမည်ဖြစ်ပြီး အဆင်ပြေချောမွေ့စွာ သွားလာနေထိုင်စေနိုင်ရေးအတွက် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



နဝမတန်း လူရည်ချွန်မောင်မယ်များ ပုဂံလူရည်ချွန်စခန်းသို့ ရောက်ရှိစဉ်။




ဒသမတန်း လူရည်ချွန်မောင်မယ်များ တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းသို့ ရောက်ရှိစဉ်။



ကောဒသမတန်း လူရည်ချွန်မောင်မယ်များ ငွေဆောင်လူရည်ချွန်စခန်းသို့ ရောက်ရှိစဉ်။




ဒွါဒသမတန်း လူရည်ချွန်မောင်မယ်များ လူရည်ချွန်စခန်း(ချောင်းသာ)သို့ ရောက်ရှိစဉ်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ပုဂံ၊ တောင်ကြီး၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်စခန်းအသီးသီးသို့ ရောက်ရှိသည့် မှတ်တမ်းဓာတ်ပုံ





နဝမတန်း လူရည်ချွန်မောင်မယ်များ ပုဂံလူရည်ချွန်စခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။





ဒသမတန်း လူရည်ချွန်မောင်မယ်များ တောင်ကြီးလူရည်ချွန်စခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။





ကောဒသမတန်း လူရည်ချွန်မောင်မယ်များ ငွေဆောင်လူရည်ချွန်စခန်းသို့ ရောက်ရှိစဉ်။





ဒွါဒသမတန်း လူရည်ချွန်မောင်မယ်များ လူရည်ချွန်စခန်း(ချောင်းသာ)သို့ ရောက်ရှိရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပြင်ဦးလွင်ခရိုင်မှ လူရည်ချွန် မောင်/မယ်များ၏ ရင်တွင်းစကားသံများ

**တွေ့ဆုံမေးမြန်း - ဝါဝါလွင် ၊ ယမင်းလှိုင်**
**ဓာတ်ပုံမှတ်တမ်း - ဇော်မျိုးထိုက်**

**လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၉၈၈ ခုနှစ်၌ (၂၅) ကြိမ်မြောက် ငွေရတုလူရည်ချွန်စီမံကိန်းကို ဆောင်ရွက်နိုင်ခဲ့သည်။ သို့သော် ၁၉၈၈ ခုနှစ်တွင် ရပ်နားခဲ့သော အဆိုပါ လူရည်ချွန်စီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် “ဘက်စုံပညာ ထူးချွန်လူငယ်” စီမံကိန်းအဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် “လူရည်ချွန်စီမံကိန်း” အမည်ဖြင့်လည်းကောင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့သည်။**


မနေခြည်လင်းလဲ့


မောင်ရန်လင်းအောင်


မသီရိထွန်း


မဖူးနေခြည်ကို


မောင်ကျော်စွာဟိန်း


မောင်စည်သူကျော်ဇော


မဆုလင်းထက်


မောင်ထွဋ်မြတ်လင်း

ထို့နောက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် လူရည်ချွန်မောင်မယ်များကို ရွေးချယ်နိုင်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု အခြေအနေအရ လူရည်ချွန်စခန်းများသို့စေလွှတ်ခြင်းကို ရပ်နားခဲ့ရသည်။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်နှင့် ၂၀၂၁ -၂၀၂၂ ပညာသင်နှစ်တို့တွင် ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်မှုအခြေအနေအရ လူရည်ချွန်စီမံကိန်းကို ခေတ္တရပ်နားခဲ့ရာမှ ၂၀၂၂ -၂၀၂၃ ပညာသင်နှစ်မှစ၍ ပြန်လည်အကောင်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

လူရည်ချွန်စီမံကိန်းကို ဆောင်ရွက်ရာတွင် ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရန်၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်စေသည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်လာစေရန်နှင့် ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများကို စံနမူနာပြု၍ ကျောင်းသားလူငယ်များအား ပြုစုပျိုးထောင်ပေးရန်ဟူသော ရည်ရွယ်ချက်(၃)ရပ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် လူရည်ချွန်များ၏ အမည်စာရင်းကို ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ထုတ်ပြန်ပေးခဲ့သည်နှင့်အညီ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပြင်ဦးလွင်ခရိုင်အတွင်းရှိ လူရည်ချွန်မောင်/မယ်များအား တွေ့ဆုံမေးမြန်းထားသည်များကို ယခုလိုဖော်ပြလိုက်ရပါသည်-

**မေး ။ ။ သမီးရဲ့အမည်နဲ့ လူရည်ချွန်အဖြစ်ရွေးချယ်ခံခဲ့ရမှု ပညာသင်နှစ်များနဲ့ ကိုယ်စားပြု မြို့နယ်နဲ့ကျောင်းအမည်ကို ပြောပြပေးပါဦး။**

**မနေခြည်လင်းလဲ့။** ။ သမီးကတော့ ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့ စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်းကနေ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် Grade-11 မှာ ပထမအကြိမ် လူရည်ချွန်၊ အခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-12 မှာ ဒုတိယအကြိမ် လူရည်ချွန် လူရည်ချွန် နှစ်ထပ်ကွမ်းအနေနဲ့ ရွေးချယ်ခံထားရတာပဲဖြစ်ပါတယ်ရှင်။

**မေး ။ ။ ဒီလိုမျိုး ပြင်ဦးလွင်ခရိုင် ကိုယ်စားပြု စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်းအတွက် နှစ်ထပ်ကွမ်းလူရည်ချွန်ဖြစ်ရတဲ့အပေါ် ဝမ်းသာပီတိစကားလေး ကြားပါရစေ။**

**မနေခြည်လင်းလဲ့။** ။ အခုလို စာပန်းအိမ်ကိုယ်ပိုင်ကျောင်း ပြင်ဦးလွင်ခရိုင်ကနေ နှစ်ထပ်ကွမ်းလူရည်ချွန်ဖြစ်ရတဲ့အတွက် အတိုင်းမသိဂုဏ်ယူဝမ်းမြောက်မိပါတယ်ရှင်။ ဒီလိုလူရည်ချွန်ရရှိတာကလည်း သမီးတို့ကျောင်းဖြစ်တဲ့ စာပန်းအိမ်ကိုယ်ပိုင်ကျောင်းရဲ့ ဖခင် ဒေါက်တာကျော်စောနဲ့တကွ ဆရာ ဆရာမများ၊ မိဘများရဲ့ပံ့ပိုးမှုကြောင့် ရရှိခဲ့တာပဲဖြစ်ပါတယ်ရှင်။ ဒါကြောင့် ဆရာနဲ့မိဘများရဲ့ ပံ့ပိုးမှုများကို အလဟဿမဖြစ်စေဘဲ နှစ်ထပ်ကွမ်းလူရည်ချွန်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့လို့ အလွန်ပဲဂုဏ်ယူမိပါတယ်ရှင်။

**မေး ။ ။ ဆက်လက်ပြီး သားရဲ့အမည်နဲ့ လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရမှု ပညာသင်နှစ်များနဲ့ ကိုယ်စားပြု မြို့နယ်နဲ့ ကျောင်းအမည်ကို ပြောပြပေးပါဦး။**

**မောင်ရန်လင်းအောင်။** ။ ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်းကနေ လူရည်ချွန်နှစ်ထပ်ကွမ်း ရရှိခဲ့တာပဲဖြစ်ပါတယ်။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် Grade-11 မှာ ပထမအကြိမ် လူရည်ချွန်၊ အခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-12 မှာ ဒုတိယအကြိမ် လူရည်ချွန် လူရည်ချွန်နှစ်ထပ်ကွမ်းအနေနဲ့ ရွေးချယ်ခံထားရတာပဲဖြစ်ပါတယ်။

**မေး ။ ။ မောင်ရန်လင်းအောင်အနေနဲ့ လူရည်ချွန် နှစ်ထပ်ကွမ်းဖြစ်ဖို့ ဘယ်လိုတွေ ကြိုးစားလေ့လာခဲ့ရသလဲဆိုတာ သိပါရစေ။**

**မောင်ရန်လင်းအောင်။** ။ ဒီလိုမျိုး နှစ်နှစ်ဆက်တိုက် နှစ်ထပ်ကွမ်း လူရည်ချွန်ဖြစ်ဖို့အတွက် လူရည်ချွန်နဲ့သက်ဆိုင်တဲ့ ဘာသာရပ်တွေဖြစ်တဲ့ မြန်မာစာ၊ အင်္ဂလိပ်စာနဲ့ သင်္ချာဘာသာရပ်တွေကို နှစ်စကတည်းက အစွမ်းကုန်ကြိုးစားလေ့လာခဲ့ရပါတယ်။ ဗဟုသုတပိုင်းအနေနဲ့လည်း လူရည်ချွန်စာမေးပွဲမစခင် သုံးလလောက်အလိုကတည်းက နေ့စဉ်ထုတ် သတင်းစာတွေကိုဖတ်ပြီး တခြားမှတ်ဖွယ် မှတ်ရာဗဟုသုတတွေကို ရှာဖွေစုဆောင်းထားခဲ့ပါတယ်။ အားကစားပိုင်းမှာလည်း နေ့စဉ်မပြတ် အားကစားတွေလုပ်ခဲ့ပါတယ်။ ကျွန်တော်ခုလို နှစ်နှစ်ဆက်တိုက် လူရည်ချွန်အဖြစ်ရွေးချယ်ခံရတာက မိဘနဲ့ဆရာသမားတွေရဲ့ ပံ့ပိုးပေးမှုတွေလည်း အများကြီးပါခဲ့ပါတယ်။

**မေး ။ ။ ဒီဘက်က သမီးရဲ့အမည်နဲ့ လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲရမှု ပညာသင်နှစ်များကို ပြောပြပေးပါဦး။**

**မသီရိထွန်း။** ။ သမီးကတော့ ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့ စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း ကိုယ်စားပြု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ပထမအကြိမ် လူရည်ချွန်၊ ယခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ ဒုတိယအကြိမ် လူရည်ချွန်အဖြစ် နှစ်နှစ်ဆက်တိုက် လူရည်ချွန် ရွေးချယ်ခံထားရတာပဲဖြစ်ပါတယ်။

**မေး။ ။ လူရည်ချွန်ဖြစ်ရတဲ့အပေါ် သမီးကိုသွန်သင်၊ ဆုံးမ၊ သင်ပြပေးတဲ့ ဆရာ ဆရာမများနဲ့ မိခင်ကျောင်းတော်ကြီးဖြစ်တဲ့ စာပန်းအိမ်ကိုယ်ပိုင်ကျောင်းကိုရော ဘယ်လိုကျေးဇူးတင်စကားတွေ ပြောချင်ပါသလဲ။**

**မသီရိထွန်း။** ။ ဒီလိုမျိုး သမီးလူရည်ချွန်ဖြစ်ခဲ့တာဟာ သမီးရဲ့ မိခင်ကျောင်းတော်ကြီးဖြစ်တဲ့ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်းက အုပ်ချုပ်သူဖခင်ကြီး ဒေါက်တာကျော်စောနှင့်တကွ ဆရာ ဆရာမများရဲ့ အဓိကသင်ကြားပြသပေးမှုကြောင့်ဖြစ်ပါတယ်။ မိဘ၊ ဆရာပူးပေါင်းကလေးပညာကောင်းဆိုတဲ့ စကားအတိုင်း ဆရာ ဆရာမတွေရဲ့ သင်ကြားပေးမှု၊ ပံ့ပိုးပေးမှုက ကလေးပညာကောင်းဖို့အတွက် အလွန်အရေးပါပါတယ်။ နှစ်စကတည်းက လူရည်ချွန်ဖြစ်ဖို့အတွက် ကျောင်းတော်ကြီးက အများကြီးပံ့ပိုးပေးခဲ့ပါတယ်။

ပထမဦးဆုံးအနေနဲ့ကတော့ စာပေပိုင်းမှာဆိုရင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ အထွေထွေဗဟုသုတ၊ မြန်မာ့ယဉ်ကျေးမှုနှင့်ထုံးဓလေ့၊ စာရိတ္တနှင့် ပြည်သူ့နီတိ ဒါတွေကို သမီးတို့ကယှဉ်ပြိုင်ရတဲ့အတွက် ကျောင်းကနေ သမီးတို့ကို တစ်ဘာသာကို ဆရာနှစ်ယောက်ကနေ သုံးယောက်အထိ ခွဲခြားပြီး စနစ်တကျ သင်ကြားပေးပါတယ်။ ဒါကြောင့် စာပေအပိုင်းနဲ့ပတ်သက်လို့ လူရည်ချွန်စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ပြီး အမှတ်ကောင်းကောင်းရခဲ့တာပါ။ မြန်မာ့ယဉ်ကျေးမှုနှင့်ထုံးဓလေ့၊ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်အနေနဲ့ သင်ရိုးအပြင် သမီးတို့ရဲ့ဉာဏ်ကို စမ်းသပ်တဲ့ဉာဏ်စမ်းမေးခွန်းများကိုလည်း ဖြေကြားစေကာ အမြဲတမ်းလေ့ကျင့်ပေးပါတယ်။ အားကစားမှာလည်း အပတ်စဉ်တနင်္ဂနွေနေ့မှအပ ကျန်တဲ့ရက်တိုင်းမှာ အားကစားလေ့ကျင့်ခန်း ပုံမှန်လုပ်ရပါတယ်။

ကျန်းမာရေးအပိုင်းမှာဆိုရင်လည်း အပတ်စဉ် ကျန်းမာရေးစစ်ဆေးပေးပါတယ်။ ဒါ့အပြင် လိုအပ်တဲ့အားဆေးတွေ၊ ဖြည့်စွက်စာတွေ၊ အာဟာရဖြစ်မယ့် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားစေမယ့် အစားအစာတွေနဲ့ အစားအသောက်ပိုင်းကိုလည်း ဖြည့်ဆည်းပေးပါတယ်။ ဒါကြောင့် နှစ်ထပ်ကွမ်းလူရည်ချွန်ဖြစ်ခဲ့ရတာဟာ သင်ကြားရေးပိုင်းက ဆရာ ဆရာမတွေသာမက၊ အဆောင်မှူးတွေ ၊ နည်းပေးလမ်းပြကောင်းများစွာနဲ့ သမီးတို့စိတ်ဓာတ်ကျ အားငယ်နေချိန်မှာ ဘေးကနေ စိတ်ဓာတ်ခွန်အားဖြစ်စေခဲ့တဲ့ ဆရာ ဆရာများအားလုံးရဲ့ ကျေးဇူးကြောင့်ပဲ ဖြစ်ပါတယ်။

**မေး ။ ။ ဒီဘက်က သမီးလေးရဲ့အမည်နဲ့ လူရည်ချွန်အဖြစ်ရွေးချယ်ခံခဲ့ရမှု ပညာသင်နှစ်များကို အရင်ပြောပြပေးပါဦး။**

**မဖူးနေခြည်ကို။** ။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ပထမအကြိမ် လူရည်ချွန်၊ ယခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ ဒုတိယအကြိမ် လူရည်ချွန်အဖြစ် ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့ စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်းမှ လူရည်ချွန်နှစ်ထပ်ကွမ်းရရှိထားတဲ့ မဖူးနေခြည်ကိုပဲ ဖြစ်ပါတယ်။

**မေး။ ။ ဒီလိုလူရည်ချွန်ဖြစ်လာအောင် မိဘတွေရဲ့ ပံ့ပိုးပေးမှု၊ သွန်သင်ဆုံးမမှုကို စနစ်တကျ နာခံခဲ့ရတာနဲ့ပတ်သက်ပြီး ပြောကြားပေးပါဦး။**

**မဖူးနေခြည်ကို။** ။ သမီးရဲ့မိဘတွေကတော့သမီးကိုငယ်ငယ်ကတည်းက ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးခဲ့ပါတယ်။ ကျောင်းစာတစ်မျိုးတည်းမှာတင်မကဘဲ ကာယပိုင်းဆိုင်ရာ၊ ဉာဏပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာနဲ့ မိတ္တပိုင်းဆိုင်ရာတွေမှာ အားလုံးဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် သမီးကို မိဘတွေက ဆုံးမသွန်သင်ပေးခဲ့ပါတယ်။ အဲဒါကြောင့် သမီးဒီပညာသင်နှစ်မှာ လူရည်ချွန်တစ်ယောက်ဖြစ်အောင် ကြိုးစားရတဲ့နေရာမှာ သမီးနဲ့ထပ်တူ မိဘတွေကလည်း အပင်ပန်းခံပြီး ကြိုးစားပံ့ပိုးပေးပါတယ်။ လူရည်ချွန်စာမေးပွဲဖြေဆိုနေချိန်ကာလမှာလည်း အခက်အခဲရှိနေတယ်ဆိုရင် သမီးမိဘတွေက အတတ်နိုင်ဆုံး နည်းပြလမ်းပြလုပ်ပေးတယ်။

ကာယကြံ့ခိုင်ရေးအပိုင်းမှာလည်း ကျွမ်းကျင်နေအောင် အားကစားကွင်းတွေကို ပို့ပေးပါတယ်။ ညဉ့်နက်တွေအထိ စာကျက်ရင်လည်း မိဘတွေကပါ အိပ်ရေးပျက်ခံပြီး သမီးနားကနေ ထောက်ပြပံ့ပိုးပေးခဲ့ပါတယ်။ လူရည်ချွန်ဖြစ်လာဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စမဟုတ်ပါဘူး။ သမီးတို့အကုန်လုံးဟာ စိတ်ဓာတ်ခွန်အားအပြည့်နဲ့ ကြိုးစားခဲ့ရတာပါ။ အဲဒါကြောင့် တစ်ခါတလေ ဒီလိုလူရည်ချွန်ရဖို့ ကြိုးစားခဲ့နေရင်းနဲ့ စိတ်အားငယ်ခဲ့ရတဲ့အချိန်တို့ ဆက်ပြီး ပြိုင်လိုစိတ် ပျောက်ခဲ့ရတဲ့ အချိန်မျိုးတွေလည်း ရှိခဲ့ပါတယ်။ ဒီလိုအချိန်မျိုးတွေမှာ မိဘတွေက သမီးစိတ်အားမငယ်ရအောင်၊ ဆက်ပြီးပန်းတိုင်ရောက်အောင် ကြိုးစားချင်စိတ်ရှိအောင် စိတ်ဓာတ်ခွန်အားတွေ ပေးခဲ့ပါတယ်။ ဒီလိုမျိုးမိဘတွေရဲ့ ပံ့ပိုးမှုတွေ၊ မိဘတွေရဲ့ ဆိုဆုံးမမှုတွေကို နာခံခဲ့ရတဲ့အတွက်ကြောင့် သမီးက အခုလို နှစ်ထပ်ကွမ်းလူရည်ချွန်ရရှိခဲ့တာပဲ ဖြစ်ပါတယ်ရှင်။

**စာမျက်နှာ ၁၁ သို့** ❖

# မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ လူရည်ချွန်စခန်းများသို့ သွားရောက်မည့် လူရည်ချွန်မောင်မယ်များ ကြိုဆိုညှော်ခံပွဲကျင်းပ



နေပြည်တော် မေ ၂၇

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကောဒသမတန်း (ငွေဆောင်လူရည်ချွန်စခန်း)နှင့် ဒွါဒသမတန်း (ချောင်းသာလူရည်ချွန်စခန်း)များသို့ သွားရောက်မည့် လူရည်ချွန်မောင်မယ်များအား ကြိုဆိုညှော်ခံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ လူရည်ချွန်မောင်မယ်များ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လူရည်ချွန်စခန်းသို့ သွားရောက်မည့် လူရည်ချွန်မောင်မယ်များအား ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့နှင့် လူရည်ချွန်မောင်မယ်များက အကၢ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကာ နေ့လယ်စာဖြင့် တည်ခင်းညှော်ခံခဲ့သည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကောဒသမတန်း (ငွေဆောင်လူရည်ချွန်စခန်း)နှင့် ဒွါဒသမတန်း (ချောင်းသာလူရည်ချွန်စခန်း)သို့ သွားရောက်မည့် လူရည်ချွန်မောင်မယ်များ ယာဉ်များဖြင့် ထွက်ခွာသွားမှုအား နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

❖ စာမျက်နှာ ၁၀ မှ

**မေး။** ။ နောက်ထပ် ဒီဘက်ကသားလေးကို ဆက်လက်မေးမြန်းချင်ပါတယ်။ သားရဲ့အမည်နဲ့ လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရမှု ပညာသင်နှစ်နဲ့ ကိုယ်စားပြုမြို့နယ်နဲ့ ကျောင်းအမည်ကို ပြောပြပေးပါဦး။

**မောင်ကျော်စွာဟိန်း။** ။ သားကတော့ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ပထမအကြိမ် လူရည်ချွန်၊ အခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ ဒုတိယအကြိမ်အဖြစ် လူရည်ချွန်နှစ်ထပ်ကွမ်းအနေနဲ့ ရွေးချယ်ခံထားရတာပဲဖြစ်ပါတယ်။

**မေး။** ။ မောင်ကျော်စွာဟိန်းအနေနဲ့ လူရည်ချွန်နှစ်ထပ်ကွမ်းအခုလို ရရှိအောင်အတွက် ကြိုတင်ပြင်ဆင်ခဲ့တာတွေကို နောင်မျိုးဆက်သစ် ညီငယ်/ ညီမငယ်တွေ ဗဟုသုတအဖြစ် သိရအောင် ပြောပြပေးပါဦး။

**မောင်ကျော်စွာဟိန်း။** ။ စာပေဘက်မှာဆိုရင်တော့ လူရည်ချွန် မေးခွန်းတွေဖြစ်တဲ့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ်တွေရဲ့ ပြဋ္ဌာန်းစာအုပ်တွေကို သေချာပိုင်နိုင်အောင် လေ့ကျင့်ပါတယ်။ အင်္ဂလိပ်စာမှာဆိုရင်တော့ Grammar ပိုင်းကို အစောကြီးကတည်းက လေ့လာထားပါတယ်။ အားကစားဘက်မှာဆိုရင် အပြေး၊ ဒိုက်ထိုး စတာတွေကိုလည်း ကြိုတင်လေ့ကျင့်ထားပါတယ်။ ဘာပဲလုပ်လုပ် ဖြည်းဖြည်းနဲ့ မှန်မှန်ပဲ လေ့ကျင့်ပါတယ်ခင်ဗျာ။

**မေး။** ။ နောက်ထပ်တစ်ဦးအနေနဲ့ လူရည်ချွန် မောင်စည်သူကျော်ဇောကို မေးမြန်းချင်ပါတယ်။ လူရည်ချွန်တစ်ယောက်ဖြစ်ဖို့ စာပေအပိုင်းသာမက အားကစားနှင့် တခြားသော စာရိတ္တပိုင်းဆိုင်ရာများအပေါ် လေ့လာခဲ့ရမှုအပိုင်းတွေကို ရှင်းပြပေးပါဦး ။

**မောင်စည်သူကျော်ဇော။** ။ အားကစားပိုင်းမှာဆိုရင် ရှေ့က အစ်ကို တွေပြောသွားသလိုပဲ ကျွန်တော် နွေရာသီကတည်းက နေ့စဉ် စံချိန်မကျအောင် လေ့ကျင့်ခဲ့ပါတယ်။ စာရိတ္တပိုင်းမှာဆိုရင်လည်း စာရိတ္တနှင့် လောကနီတိစာအုပ်တွေကို လေ့လာဖတ်ရှုခဲ့ရပါတယ်။

**မေး။** ။ မောင်စည်သူကျော်ဇောအနေနဲ့ လူရည်ချွန်အတွက် အထွေထွေဗဟုသုတပိုင်းနဲ့ ပတ်သက်ပြီး ကြိုတင်လေ့လာခဲ့ရတာများရှိရင် ပြောပြပေးပါဦး။

**မောင်စည်သူကျော်ဇော။** ။ အထွေထွေဗဟုသုတအပိုင်းမှာဆိုလည်း ဆရာတွေ လမ်းညွှန်ပေးသလို ကျွန်တော် နေ့စဉ်ထုတ်သတင်းစာတွေ ဖတ်ခဲ့ရတယ်။ ဆရာတွေပေးတဲ့ အခြားဗဟုသုတရမယ့်စာတွေ၊ မှတ်စုစာအုပ်တွေကို ရှာဖွေလေ့လာခဲ့ရတယ်။ ဗဟုသုတဖြစ်မယ့် အကြောင်းအရာတွေကို အပြန်အလှန် ဆွေးနွေးလို့ရမယ့်၊ မေးမြန်းလို့ရမယ့် သူငယ်ချင်းဖြစ်ဖြစ်၊ အဖေ အမေ ဖြစ်ဖြစ် ဆွေးနွေးပေးရင် ပိုမိုတိုးတက်စေမယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗဟုသုတ နှုတ်မေး၊ နှုတ်ဖြေမှာဆိုရင် ဒီအချက်တွေက လိုအပ်လို့ ကိုယ့်ကိုမေးမြန်းပေးမယ့်၊ ဆွေးနွေးပေးနိုင်မယ့်သူရှိရင် ပိုပြီး ကိုယ့်အတွက် အထောက်အကူဖြစ်မယ်လို့ ထင်ပါတယ်။

**မေး ။** ။ ဆက်လက်ပြီး ဒီဘက်ကသမီးလေးကို မေးချင်ပါတယ်။ သမီးလို လူရည်ချွန်အပါအဝင် မြန်မာတစ်နိုင်ငံလုံးက လူရည်ချွန်တွေနဲ့တွေ့ဆုံပွဲကို နေပြည်တော် MICC II မှာ အခုလ ၂၆ ရက် နေ့မှာ ကျင်းပမယ်လို့ သိရပါတယ်။ အဲဒီအပေါ်မှာ လူရည်ချွန်တစ်ယောက်အနေနဲ့ခံစားချက်ကို သိပါရစေ။



ပြင်ဦးလွင်ခရိုင်အတွင်းရှိ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များနှင့် တွေ့ဆုံမေးမြန်းစဉ်။

**မဆုလင်းထက်။** ။ သမီးအနေနဲ့ ဧပြီလ ၂၆ ရက်နေ့ နေပြည်တော် MICC II မှာ နိုင်ငံတော်အဆင့် ကျင်းပမယ့် လူရည်ချွန်တွေ့ဆုံပွဲကို တက်ရောက်ရမယ့်အတွက် အလွန်ပဲ ဝမ်းသာပီတိဖြစ်ရပါတယ်ရှင်။ ဒါ့အပြင် အရင်ပညာသင်နှစ်တွေမှာ လူရည်ချွန်အဖြစ် ရွေးချယ်ခံထားရတဲ့ နှစ်ထပ်ကွမ်း လူရည်ချွန်၊ သုံးထပ်ကွမ်း လူရည်ချွန်တွေအပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ Grade-9 လူရည်ချွန်အဖြစ် ရွေးချယ်ခံထားရတဲ့ သူငယ်ချင်းတွေနဲ့လည်း တွေ့ဆုံခွင့်ရပြီး မိတ်ဆွေအသစ်တွေတိုးမှာဖြစ်လို့ သမီးအနေနဲ့ ပျော်ရွှင်စိတ်လှုပ်ရှားမိပါတယ်ရှင်။

**မေး။** ။ ဒီလို လူရည်ချွန်တွေ့ဆုံပွဲမှာ အသိပညာပေး၊ နည်းပညာဆိုင်ရာ ပြခန်းတွေ၊ ပြပွဲတွေနဲ့ ဖျော်ဖြေရေး အစီအစဉ်များကိုပါ ထည့်သွင်းထားမယ်လို့ သိရပါတယ်။ ဒီအပေါ်မှာ လူရည်ချွန်အတွက် ဘယ်လိုအကျိုးရှိမယ်လို့ ထင်ပါသလဲ။

**မဆုလင်းထက်။** ။ ဟုတ်ကဲ့ပါရှင်။ ဒီပွဲမှာပြသမယ့် နည်းပညာပြခန်းတွေ၊ အထွေထွေဗဟုသုတပြခန်းတွေ၊ အသိပညာပေးပြခန်းတွေကို လေ့လာခွင့်ရမယ့်အတွက် အလွန်ပဲ ဝမ်းသာပီတိဖြစ်မိပါတယ်။ နည်းပညာပြခန်းတွေမှာဆိုရင် အခုခေတ်နဲ့ အညီ တိုးတက်နေတဲ့ နည်းပညာအသစ်တွေကို သူငယ်ချင်းတွေနဲ့အတူ စူးစမ်းလေ့လာခွင့်ရမယ်။ မျက်မြင်လည်း တွေ့ရှိခွင့်ရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ အခြားပြခန်းတွေမှာလည်း လူရည်ချွန်စီမံကိန်းဖြစ်ပေါ်လာခဲ့တဲ့ သမိုင်းကြောင်းတွေနဲ့အတူ လူရည်ချွန်ဟောင်းတွေနဲ့လည်း တွေ့ဆုံရင်းနှီးခွင့်ရမှာဖြစ်လို့ ပျော်ရွှင်မိပါတယ်ရှင်။

**မေး။** ။ သားလေး မောင်ထွဋ်မြတ်လင်းအနေနဲ့ ဒီနှစ်ပညာသင်နှစ်မှာတော့ လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရသလို နောင်အနာဂတ်မှာရော လူရည်ချွန်အဖြစ်ရွေးချယ်ခြင်းခံရဖို့ ဘယ်လိုမျိုး ဆက်လက်ကြိုးစားသွားမယ်ဆိုတဲ့ အနာဂတ်ရည်မှန်းချက်နဲ့ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးမှာ လူငယ်မျိုးဆက်သစ်လူရည်ချွန်တစ်ယောက်အနေနဲ့ ဘယ်လိုမျိုးပါဝင်သွားမလဲဆိုတာ သိပါရစေ။

**မောင်ထွဋ်မြတ်လင်း။** ။ သားအနေနဲ့ နောင်ပညာသင်နှစ်တွေမှာလည်း ရှေ့က အစ်ကိုအစ်မတွေကို လူရည်ချွန်နှစ်ထပ်ကွမ်းဖြစ်ဖို့ ဆက်လက်ကြိုးစားသွားမှာပဲ ဖြစ်ပါတယ်ခင်ဗျာ။ ပညာရေးအပိုင်းမှာတော့ အသိပညာပေးကဏ္ဍမှာပါဝင်ပြီး နောင်မျိုးဆက်သစ် ညီ/ညီမလေးများကို မိမိသိထား၊ တတ်ထားသမျှ မျှဝေပေးသွားမှာဖြစ်ပါတယ်။ လူရည်ချွန်တစ်ယောက်အနေနဲ့ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။** ။ မျိုးဆက်သစ် လူရည်ချွန်တွေအတွက် မောင်ထွဋ်မြတ်လင်းအနေနဲ့ အကြံပြုစကားလေး ပြောကြားပေးပါဦး။

**မောင်ထွဋ်မြတ်လင်း။** ။ ကျွန်တော့်အနေနဲ့ နောင်မျိုးဆက်သစ်လူရည်ချွန်တွေကို ပြောချင်တာကတော့ စာအုပ်၊ စာပေတွေကိုများများဖတ်ကြပါ။ လူရည်ချွန်မဖြေခင် ကြိုတင်ပြင်ဆင်ချိန်များများယူပါ။ နေ့စဉ်ထုတ်သတင်းစာအပါအဝင် အထွေထွေဗဟုသုတများကို လေ့လာဖတ်ရှုကြပါ။ နောက်ဆုံးမှာချင်တာကတော့ လူရည်ချွန်တစ်ယောက်ဖြစ်ချင်တယ်ဆိုရင် အဓိကကတော့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင်တည်ဆောက်ကြပါ။ ဒါ့အပြင် အားကစား၊ ကိုယ်ကာယကြံ့ခိုင်မှုနဲ့ ကျန်းမာအောင်ရယ် ပုံမှန်လေ့ကျင့်ခန်းလုပ်ကြပါ။ နောက်တစ်ချက်အနေနဲ့ စာပေပိုင်းကို နိုင်နင်းအောင် လေ့လာထားမယ်ဆိုရင် လူရည်ချွန်တစ်ယောက် မလွဲမသွေဖြစ်လာမှာပါလို့ အကြံပြုပါရစေခင်ဗျာ။

**ဒေါ်ယမင်းလှိုင်။** ။ အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့ လူရည်ချွန်မောင်မယ် ရှစ်ယောက်ကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။

လူရည်ချွန်မောင်မယ်များကို စနစ်တကျဖြင့် အောင်မြင်စွာရွေးချယ်ဆောင်ရွက်နိုင်ခြင်းသည် ပညာရေးဝန်ကြီးဌာန၏ အောင်မြင်မှုပြယုဂ်သာမက နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်ဖြစ်သည့် “တစ်နိုင်ငံလုံး အသိပညာ အတတ်ပညာဖြင့် မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး” နှင့် “နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး ”ဟူသော ဦးတည်ချက်များကို ပေါက်မြောက်အောင်မြင်စေသည့် လုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်ပါကြောင်း မေးမြန်းရေးသား တင်ပြလိုက်ရပါသည်။

---

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် မေ ၂၇

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူ ဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့် ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့် လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။ **မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ ဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

## (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လက်နက်မဲ့စစ်ရေးပြနှင့် မီးသတ်စက်ကလေးစွမ်းရည်ပြိုင်ပွဲ ကျင်းပ



**မန္တလေး ဧပြီ ၂၇**

၂၀၂၄ ခုနှစ် မေလ ၅ ရက်နေ့တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက်ပိုင်းက ၆၅ လမ်း၊ ၁၁၆ x ၁၁၇ လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လက်နက်မဲ့စစ်ရေးပြနှင့် အပေါ့စားမီးသတ်စက်ကလေး စွမ်းရည်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယ ညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်အောင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးမြို့ အရန်မီးသတ်ကြီးကြပ်ကော်မတီဝင်များ၊ ပြိုင်ပွဲအကဲဖြတ် အမှတ်ပေးရေးဒိုင်အဖွဲ့ဝင်များ၊ မန္တလေး ခုနစ်မြို့နယ်မှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းမှ ပြိုင်ပွဲဝင် အသင်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း အင်အား ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ညညည

## မင်္ဂလာဒုံမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲ ပြုလုပ်

**မင်္ဂလာဒုံ ဧပြီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် Seeder စိုက်ပျိုးစနစ်ဖြင့် စိုက်ပျိုးထားသော နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ရွှေနံ့သာကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၅၃၁)တွင် ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

အဆိုပါစံကွက်တွင် စိုက်ပျိုးထားသော စပါးအမျိုးအစားမှာ ဆင်းသုခစပါးမျိုးဖြစ်ပြီး လျာထားစိုက်ကေမှာ ၁၀ ဧက စိုက်ပျိုးထားနိုင်ခဲ့ကာ တစ်ဧကအထွက်နှုန်းမှာ ၁၁၅ တင်းရရှိသဖြင့် စုစုပေါင်း ၁၁၅၀ တင်းထွက်ရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဆွေထံမှ သိရသည်။

အဆိုပါ စပါးစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းညွန့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကျော်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနိုင်ဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဆွေနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်ကြသည်။

တစ်ဧကအထွက်နှုန်း တိုးတက်စေရေးအတွက် တောင်သူပညာပေးလုပ်ငန်းများနှင့် နွေစပါးစိုက်ခင်းများတွင် တစ်ဧကအထွက်နှုန်းအတွက် လိုက်နာရမည့်နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက အသိပညာပေးဆောင်ရွက်လျက်ရှိပြီး နည်းပညာမျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မျိုးစေ့ထုတ်တောင်သူများကိုလည်း မြေဩဇာများ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## ကာဗွန်ဓာတ်ငွေ့ကင်းစင်ရေးနယ်ပယ်၌ မူဘောင်သစ်တစ်ခု ပူးတွဲထူထောင်ရန် ဂျပန်နှင့်ဘရာဇီး ဆောင်ရွက်

**တိုကျို မေ ၂၇**

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါနှင့် ဘရာဇီး သမ္မတ လူလာဒါဆေးဗားတို့သည် ကာဗွန်ဓာတ်ငွေ့ကင်းစင်ရေး နယ်ပယ်တွင် နှစ်နိုင်ငံမူဘောင်သစ်တစ်ခုကို ပူးတွဲထူထောင်ရန် စီစဉ်နေကြကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

သမ္မတလူလာသည် ယခုနှစ်၏ စက်မှုထိပ်သီးနိုင်ငံ ၂၀ အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ ယခုဆောင်ရွက်သည့် နှစ်နိုင်ငံဆိုင်ရာ ကာဗွန်ဓာတ်ငွေ့ကင်းစင်ရေး မူဘောင်သစ်သည် ဘရာဇီးနိုင်ငံ၏ ကြွယ်ဝသော အရင်းအမြစ်များဖြစ်သည့် ဇီဝလောင်စာနှင့် ဂျပန်နိုင်ငံ၏ ဟိုက်ဘရစ်အင်ဂျင် နည်းပညာကဲ့သို့သော စက်မှုကဏ္ဍများအချင်းချင်း နည်းပညာကို ဖလှယ်၍အသုံးချရန် ရည်ရွယ်သည်။

ယင်းအစီအစဉ်အရ နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ပိုမိုပူးပေါင်းလုပ်ဆောင်နိုင်မည်ဟု တာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။

ဘရာဇီးနိုင်ငံသည် လာမည့်နှစ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ထားသည်။ ကမ္ဘာလုံးဆိုင်ရာ ကာဗွန်ဓာတ်ငွေ့ကင်းစင်ရေး ဆောင်ရွက်ရာတွင် ဘရာဇီးနိုင်ငံသည် အဓိကအခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်လျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**




ဂျပန်ဝန်ကြီးချုပ် ကီရှီဒါနှင့် ဘရာဇီးသမ္မတ လူလာဒါဆေးဗားတို့ တွေ့ဆုံစဉ်။



## အာကာသအတွင်းမှနေ၍ အမေရိကန်နှင့် အပေါင်းပါနိုင်ငံများ၏ စစ်ရေးလှုပ်ရှားမှုများကို စောင့်ကြည့်သွားမည်ဟု မြောက်ကိုရီးယားပြောကြား

**ပြုံယမ်း မေ ၂၇**

မြောက်ကိုရီးယားနိုင်ငံသည် အာကာသအတွင်းမှနေ၍ အမေရိကန်နှင့် အပေါင်းပါနိုင်ငံများ၏ စစ်ရေးလှုပ်ရှားမှုများကို စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် မကြာမီကာလအတွင်း စစ်ဘက်ထောက်လှမ်းရေး ဂြိုဟ်တုတစ်လုံးကို လွှတ်တင်ရန် ပြင်ဆင်နေသည်ဟု နိုင်ငံအများအပြားက သုံးသပ်ကြသည်။

ပြီးခဲ့သည့်နှစ်နိုဝင်ဘာလအတွင်းက Malligyong-1 အမည်ရှိ စစ်ဘက်ထောက်လှမ်းရေးဂြိုဟ်တုကို မြောက်ကိုရီးယားနိုင်ငံက အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကာ ယခုနှစ်အတွင်း စုစုပေါင်း စစ်ဘက်ထောက်လှမ်းရေးဂြိုဟ်တုသုံးလုံးကို လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏ အာကာသဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အရ စစ်ဘက်ဆိုင်ရာဂြိုဟ်တုများ လွှတ်တင်ခြင်းသည် နိုင်ငံလုံခြုံရေးနှင့် မိမိနိုင်ငံကို ကိုယ်တိုင်ကိုယ်ကျ ကာကွယ်နိုင်သည်ဆိုသည့် အခွင့်အရေးကို ရယူဆောင်ရွက်ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယား အမျိုးသားအာကာသနည်းပညာဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

## ပင်လယ်နီတွင် အကြမ်းဖက်မှုများ ဆက်လက်ဆောင်ရွက်မည်ဟု ဟူသီစစ်သွေးကြွခေါင်းဆောင် ပြောကြား

**အေဒင် မေ ၂၇**

ဟူသီစစ်သွေးကြွအဖွဲ့ခေါင်းဆောင် အဗ္ဗဒူမာလစ်အယ်လ်ဟူသီက ပင်လယ်နီတွင် ဟူသီအဖွဲ့က အကြမ်းဖက်မှုများ ဆက်လက်လုပ်ဆောင်ရွက်မည်ဟု ယနေ့တွင် ကတိပြုခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ဆာနာ၌ ကျင်းပသည့် လူထုစုဝေးပွဲကြီးတွင် မိန့်ခွန်းပြောကြားရာတွင် ယင်းဟူသီခေါင်းဆောင်က ၎င်းတို့၏ ရေကြောင်းစစ်ဆင်ရေးများကို အိန္ဒိယသမုဒ္ဒရာအတွင်းသို့ ချဲ့ထွင်နိုင်ခဲ့ကြောင်း ပြောကြားသည်။ ယမန်နှစ် အောက်တိုဘာ ၇ ရက် အစ္စရေးနှင့် ဟားမတ်စ်ပဋိပက္ခ စတင်ဖြစ်ပွားချိန်မှစ၍ အစ္စရေးနှင့်ဆက်စပ်သည့် သင်္ဘော ၁၀၂ စင်းကို တိုက်ခိုက်ခဲ့ကြောင်း အယ်လ်-ဟူသီက ပြောကြားခဲ့သည်။

အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့များအနေဖြင့် ပင်လယ်ပြင်တွင် တိုက်ခိုက်ခံရသည့် သင်္ဘောများ၏ ဘေးကင်းရေးကို စီမံဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ဆန္ဒပြပွဲများပြုလုပ်ခဲ့**

ဟူသီအဖွဲ့က ထိန်းချုပ်ထားသည့် ပြည်နယ်များတွင် ယနေ့၌ ဆန္ဒပြပွဲများပြုလုပ်ခဲ့ပြီး သန်းနှင့်ချီသည့်ဆန္ဒပြသူများက ပင်လယ်ရေကြောင်း ကုန်သွယ်မှု လမ်းကြောင်းများတွင် ဟူသီအဖွဲ့၏တိုက်ခိုက်မှုများအတွက် ထောက်ခံအားပေးခဲ့ကြပြီး ဂါဇာဒေသတွင် အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုများအတွက် ရှုတ်ချခဲ့ကြကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## အမေရိကန်နိုင်ငံ၌ ဆန္ဒပြပွဲများအား အကြမ်းဖက်နှိမ်နင်းမှုအပေါ် ရှုတ်ချဟု အီရန်နိုင်ငံခြားရေးဝန်ကြီးပြောကြား

**တီဟီရန် မေ ၂၇**

အမေရိကန် တက္ကသိုလ်ကျောင်းများ၌ ပါလက်စတိုင်းလိုလားသည့် ဆန္ဒပြပွဲများအတွင်း အမေရိကန် တက္ကသိုလ်ကျောင်းသားများနှင့် ပါမောက္ခများအား အမေရိကန်ရဲတပ်ဖွဲ့က အကြမ်းဖက်ဖြိုခွင်းခဲ့မှုအပေါ် ရှုတ်ချကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အမ်မာအဒိုလာဟင်က ပြောကြားခဲ့သည်ဟုယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။



အီရန်နိုင်ငံခြားရေးဝန်ကြီး အမ်မာအဒိုလာဟင်

ဂါဇာကမ်းမြောင်ဒေသ စစ်ဆင်ရေးအတွက် အစ္စရေးနိုင်ငံအား အမေရိကန်က စစ်ရေးအကူအညီများ ပေးအပ်ပြီးနောက် အမေရိကန်ပြည်ထောင်စု တစ်ဝန်းရှိ တက္ကသိုလ်အများအပြားတွင် ရာနှင့်ချီသော ပါလက်စတိုင်းလိုလားသည့် ကျောင်းသားများက ဆန္ဒဖော်ထုတ်ရာတွင် အမေရိကန်ရဲတပ်ဖွဲ့က အကြမ်းဖက် ဖမ်းဆီးခြင်းကို တုံ့ပြန်သည့်အနေဖြင့် ဆိုရှယ်မီဒီယာ ပလက်ဖောင်း အိပ်စ်တွင် ၎င်းက အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုဖြိုခွင်းမှုသည် အစ္စရေးနိုင်ငံအား ဝါရှင်တန်၏ လုံးလုံးလျားလျား ပံ့ပိုးကူညီမှုနှင့် ကျောထောက်နောက်ခံ ပြုမှုများကို ပြသနေပြီး လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်အတွက် အမေရိကန်၏မမျှတသည့်နှစ်ထပ်စံနှုန်းကို ရှင်းရှင်းလင်းလင်း ပြသနေသည်ဟု ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

ပါလက်စတိုင်း အမျိုးသမီးနှင့် ကလေးထောင်ပေါင်းများစွာကို အစ္စရေးက သတ်ဖြတ်ခဲ့ပြီးနောက် အစ္စရေးနှင့်၎င်းအား ကျောထောက်နောက်ခံပြုသူများအပေါ် ကမ္ဘာလုံးဆိုင်ရာ ကန့်ကွက်ဆန္ဒပြမှုများ မြင့်တက်လာကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

မကြာသေးမီက ကယ်လီဖိုးနီးယားတောင်ပိုင်း တက္ကသိုလ်၊ ကိုလံဘီယာ တက္ကသိုလ်၊ တက္ကဆက်တက္ကသိုလ်နှင့် ယေးလ်တက္ကသိုလ်တို့ အပါအဝင် အမေရိကန်တစ်ဝန်းရှိ တက္ကသိုလ်များတွင် ပါလက်စတိုင်း လိုလားသော ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့သည်။

အစ္စရေး တောင်ပိုင်းတွင် ဟားမတ်စ်အဖွဲ့က တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အဖွဲ့အား အစ္စရေးက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင်ထိုးစစ်ဆင်မှု စတင်ဆောင်ရွက်ခဲ့သည်။ ၎င်းပဋိပက္ခကြောင့် ယခုအချိန်အထိ ပါလက်စတိုင်း ၃၄၆၂ ဦး သေဆုံးပြီး ၇၇၂၉ ဦး ဒဏ်ရာရခဲ့ကြောင်း ဂါဇာအခြေစိုက်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## အိန္ဒိယနိုင်ငံ၌ လူကုန်ကူးခံရသည့် ကလေးများကို ကယ်တင်နိုင်ခဲ့

**နယူးဒေလီ မေ ၂၇**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒက်ရှ် ပြည်နယ်တွင် အသက်လေးနှစ်မှ ၁၂ နှစ်အတွင်း ကလေးငယ် ၉၅ ဦးကို အိမ်နီးချင်း ဘီဟာပြည်နယ်မှ တရားမဝင်လူကုန်ကူးလာစဉ်တွင် ကယ်တင်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ယနေ့တွင် အတည်ပြုပြောကြားသည်။

၎င်းဖြစ်စဉ်တွင် မိဘများ၏ သဘောတူညီချက်မပါဘဲ ကလေးများအား ဘတ်စ်ကားအတွင်း တင်ဆောင်၍ လူကုန်ကူးခဲ့ကြောင်းနှင့် ဥတ္တရာပရာဒေရှ် ပြည်နယ် ကလေးသူငယ်များဆိုင်ရာကော်မရှင်မှ တာဝန်ရှိသူများသည် ယင်းလူကုန်ကူးမှုကို သတင်းရရှိခဲ့ပြီးနောက် ကလေးငယ်များကို ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းဘတ်စ်ကားသည် ဥတ္တရာပရာဒေရှ်ပြည်နယ်၏ ဆဟာရန်ပါးဒေသဆီသို့ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ ကယ်တင်ခဲ့သည့် ကလေး ၉၅ ယောက်စလုံးမှာ အသက် လေးနှစ်မှ ၁၂ နှစ်အတွင်း ဖြစ်ပြီး အများစုမှာ ၎င်းတို့ကို မည်သည့်နေရာမှ ခေါ်လာသည်ကိုပင်မသိကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

"မိဘတွေဆီ ဆက်သွယ်နေပြီး သူတို့ရောက်လာတာနဲ့ ကလေးတွေကို လွှဲပြောင်းပေးတော့မှာပါ" ဟု ဒေသခံကလေးစောင့်ရှောက်ရေးကော်မတီမှ တာဝန်ရှိသူက The Times of India သတင်းစာကို ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အောင်လံမြို့နယ်တွင် ခရီးသွားပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၂၇

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ရှိ အောင်လံ-ရွှေပန်းတော လမ်းပိုင်းတွင် လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၂၅ ရက်တွင် ခရီးသွားပြည်သူများအား တားဆီးစစ်ဆေးပြီး ပြည်သူ ၆၀ ခန့်ကို ဖမ်းဆီးခဲ့ကြောင်း၊ အဆိုပါ ဖမ်းဆီးထားရှိသူများကို တစ်ဦးလျှင် ငွေကျပ်သိန်း ၅၀ ဖြင့် လာရောက်ရွေးယူရန်နှင့် လာရောက်မရွေးနိုင်သူများကို စစ်မှုထမ်းဆောင်ရန်အတွက် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါဖြစ်စဉ်သည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ခရီးသွားပြည်သူများကို ဖမ်းဆီးခဲ့ခြင်းမရှိကြောင်းနှင့် ငွေကျပ်သိန်း ၅၀ ဖြင့် လာရောက်ရွေးယူရသည်မှာလည်း မှန်ကန်မှုမရှိသည့် ဝါဒဖြန့်ဝေမှုသာဖြစ်ကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစပြီး တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက ကောလာဟလ သတင်းအမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်အတွက် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Ceramic Tiles (၄၄၄၄ ဒသမ ၂)စတုရန်းမီတာ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၉၃၀၉၇၂ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အပြင် မေ ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan X-Trail ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)နှင့် တရုတ်နိုင်ငံထုတ် Master တံဆိပ် ပဲငံပြာရည်ဖာ ၃၀၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၆၈၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၆၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မှ မန္တလေးသို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Cook and Lobster ငါးငံပြာရည် ပုလင်း ၆၀၀၊ Honda ဆိုင်ကယ်သုံးစီး အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Young Man Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၄ ဒသမ ၈၂၀ တန်၊ သစ်မာ ၁ ဒသမ ၆၀၃ တန်နှင့် အခြားသစ် ၁ ဒသမ ၇၀၄ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၄၄၃၉၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၈၂၄၃၉၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်- ထုံးဘိုတိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အိန္ဒိယနိုင်ငံထုတ် VK ကားတာယာ အလုံး ၃၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးစခန်း၌ ဆီသယ်ယာဉ်တစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ပရီမီယမ်ဒီဇယ်ဆီ ၈၇၉၉ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၇၈၉၀၀၀)နှင့် အဆိုပါ စက်သုံးဆီများတင်ဆောင်လာသည့် Dong Feng Dump Truck တစ်စီးနှင့် ဆီသယ်နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၇၈၉၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု(ခန့်မှန်းတန်ဖိုးငွေ ၄၁၅၆၁၂၃၆၂ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၅-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (မင်္ဂလသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ အိုးအငွေ့တွေကြားမှိန်းမောမနေကြဖို့
၀၉:၁၅ ကာတွန်းအစီအစဉ် 'လှပသောကြေးစည်' (အပိုင်း-၂)
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၂၀ 'ငွေပန်းချီ' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၂:၃၅ This Week's Special Interest
၁၃:၀၀ အသိပညာနှင့်အမှန်တရား
၁၃:၃၀ MRTV National News
၁၃:၄၀ ဆေးရောင်စုံရုပ်ရှင် 'လရောင်ဖြာတဲ့အင်းလေးမှာ' (နေတိုး၊ ဝါဝင်၊ ဝတ်မှုံရွှေရည်)
၁၆:၃၅ Sports Diary
၁၇:၁၀ ထူးခြားစုံလင်အာရုံစိမ့်စိတ်အစီအစဉ်
၁၇:၂၅ Economic Review
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'သုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၅၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ 'ဝန်တီးသူရဲ့အောင်မြင်ရာလမ်း' (အကယ်ဒမီဒါရိုက်တာဇော်မြင့်ဦး) (အပိုင်း-၂)
၂၁:၃၀ မြန်မာဗီဒီယိုဇာတ်လမ်း 'ပန်းသွတ်သည့်လေ' (ပြေတီဦး၊ အိန္ဒြာကျော်ဇင်)

### mitv

07:02 Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
07:09 Myanmar Traditional Brass Embossed Painting
07:30 Mote Pel Sote from Intaing Village
07:38 The Longest Living Siblings (Part-2)
08:01 News
08:27 The Recycle Art: Tyre
08:42 Myanmar Masterclass: Artist Phyu Soe Myint Kyaw
08:56 Topics Potpourri; Predicting Life Events Using AI
09:01 The Ornithologist: Dr. Thein Aung
09:33 Today Myanmar: Tele Rehabilitation Stroke Program
09:46 Myanmar's Entrepreneurs: Soe Moe Aung
10:01 News
10:28 The Four Famous of Bagan

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ရှမ်းထမင်းဝါ

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
မြန်မာ့မြေမှ စိုက်ပျိုးစီးပွား လုပ်မှုဘဝများ (ပိုးမွေးမြူရေးနှင့် ခေါက်ဆွဲနှံ့အကြောင်း)

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ (အပိုင်း-၂)

**စကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၃)

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
သဘာဝရဲ့အလှတရားများနဲ့ ကျောက်ပုထိုးစေတီတော်

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၈)

**ချင်း (လိုင်းဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
အံ့ဖွယ်အစွမ်းထက် ချဉ်ပေါင်

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ချင်းတောင်ပေါ်မှ တောလိုက်မုဆိုးများ

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ဓနိဖူး၏အသုံးဝင်ပုံအကျိုးကျေးဇူး

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ပိုက်ကမ်းခြေသို့အလည်သွားကြမယ်

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၈:၄၅ မြို့တော်သာယာ ရေကြည်ဖြာ
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၄၅ Next Level
၁၂:၁၅ စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၁၅ တိမ်တွေရဲ့အစွန်မြို့နောင်မွန်
၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၄၅ News Desk

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၃၀)

### MRTV FARMERS' / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ တောင်သူများနဲ့ပျော် ၂၀၂၄ မိုးစေ့ပြပွဲတော်
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၀:၀၀ The Father (2020)
၁၉:၃၀ Family Farmers - The Future of Asia and the Pacific
၂၂:၀၀ Back to Eden Gardening Documentary Film
၂၂:၄၅ Small Farm Rising Family Farm Chores

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၁၆:၃၀ MNL 2022 Match(Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၄၀ Weekend News

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# သတိပြုကာကွယ် အပူဒဏ်အန္တရာယ်

ဖြိုးစန္ဒာ (MDD)

ကမ္ဘာ့ရာသီဥတုသည် ပူပြင်းခြောက်သွေ့သော အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်နေခြင်းကြောင့် ကမ္ဘာကြီးပူနွေးမှုနှင့်အတူ သဘာဝပတ်ဝန်းကျင်များ ထိခိုက်လာပြီး ပုံမှန်ထက် ရာသီဥတုပြင်းထန်ဆိုးရွားလာမှုကို လူသားတို့ ပိုမိုခံစားလာကြရသည်။

ယနေ့အခါ လူတိုင်း၏ ပါးစပ်ဖျား၌ စကားတစ်ခွန်းကို နေရာတိုင်းလိုလို ကြားနေရသည်။ ထိုစကားသည်ကား "ပူလိုက်တာ" ဟူသော စကားပင်ဖြစ်သည်။ "တန်ခူးကဆုန် ဆွေ့ဆွေ့ခုန်" ဟူသော မြန်မာဆိုရိုးစကားအတိုင်း မြန်မာအခေါ် တန်ခူးလနှင့် ကဆုန်လ၊ အင်္ဂလိပ်လဖြစ်သော ဧပြီလနှင့် မေလတို့တွင် အပူချိန်များသည် တစ်နှစ်ထက်တစ်နှစ် တိုး၍သာလာသဖြင့် အပူချိန်မြင့်မားလာခြင်းကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲအန္တရာယ်များကို သတိပြုကာကွယ်ကြရန် လိုအပ်ပေသည်။

**ကမ္ဘာ့အပူဆုံးမြို့ ၁၀ မြို့စာရင်းတွင် မြို့ ငါးမြို့**

၂၀၂၄ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် Eldorado weather ၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့အပူဆုံးမြို့ ၁၀ မြို့စာရင်းတွင် မြန်မာနိုင်ငံမှ မြို့ ငါးမြို့ဖြစ်သည့် မကွေးတိုင်းဒေသကြီး ချောက်မြို့သည် အပူချိန် ၄၆ ဒသမ ၄ စင်တီဂရိတ်ဖြင့် ထိပ်ဆုံးမှ ရပ်တည်နေပြီး မန္တလေးတိုင်းဒေသကြီးရှိ ညောင်ဦးမြို့သည် ၄၄ ဒသမ ၈ စင်တီဂရိတ်ဖြင့် အဆင့် (၃) နေရာတွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးရှိ မင်းဘူးမြို့နှင့် မကွေးမြို့တို့သည် ၄၄ ဒသမ ၅ စင်တီဂရိတ်ဖြင့် အဆင့် (၄)နှင့် (၅)တွင်လည်းကောင်း၊ မန္တလေးမြို့သည် ၄၃ ဒသမ ၈ စင်တီဂရိတ်ဖြင့် အဆင့်(၁၀) နေရာတွင်လည်းကောင်း အသီးသီး ရပ်တည်လျက်ရှိကြောင်း သိရသည်။

နွေရာသီကာလတွင် အပူချိန်မြင့်မားခြင်းမှာ နှစ်စဉ်ကြုံတွေ့နေကျ သဘာဝတရားဖြစ်သော်လည်း ယခုနှစ်တွင် ကြုံတွေ့နေရသည့် အယ်လ်နီညိုရာသီဥတု၏ အကျိုးသက်ရောက်မှုနှင့်အတူ ပြင်းထန်သည့်အပူချိန်ကြောင့် အပူလျှပ်ခြင်း၊ သတိလစ်မေ့မြောခြင်း၊ ရုတ်တရက် သေဆုံးခြင်းကဲ့သို့သော ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ မြင့်မားသည့်အပူချိန်ကို ကာလကြာရှည်ခံစားရပါက အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပွားခြင်း၊ နှလုံး၊ သွေးတိုး၊ ဆီးချိုနှင့် ကျောက်ကပ်ရောဂါများဖြစ်ပွားခြင်း၊ အရွယ်မတိုင်မီ သေဆုံးခြင်းတို့ဖြစ်ပေါ်စေနိုင်ပါသည်။

အပူဒဏ်ကို လူတိုင်းခံစားကြရခြင်းဖြစ်သော်လည်း သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါ တစ်ခုခုရှိသူများ၊ ကိုယ်ဝန်ဆောင် မိခင်လောင်းများ၊ ကလေးငယ်များ၊ နေပူချိန်ပြင်ပတွင် အလုပ်လုပ်ကြရသူများ၊ ကာယလုပ်သားများ စသည်တို့မှာ အပူဒဏ်ကို ပို၍ ထိခိုက်ခံစားကြရသည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နေထိုင်ခြင်း၊ ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှား ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊ ပူပြင်းသည့် နေရောင်အောက်တွင် မဖြစ်မနေသွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း ထီး၊ ဦးထုပ်များ ယူဆောင်သွားရမည်ဖြစ်ပြီး အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပြီး အပူဒဏ်ကို ကာကွယ်သင့်ပါသည်။

**ခန္ဓာကိုယ်အတွင်း အပူငြိမ်းသောအစားအစာများ**

ထို့အပြင် ပြင်ပရာသီဥတု ပူပြင်း



လွန်းသည့်အတွက် ခန္ဓာကိုယ်အတွင်း အပူငြိမ်းသော အစားအစာများကို စားသုံးပေးခြင်းသည်လည်း အပူဒဏ်ကာကွယ်ရေးအတွက် အထောက်အကူတစ်ရပ်ဖြစ်စေမည်ဖြစ်ပါသည်။ ဥပမာ– ရေများများသောက်ခြင်း၊ အရည်ရွှမ်းသောအသီးအနှံများကို စားသုံးသင့်သလို နေပူရှိန်ပြင်းထန်နေချိန်တွင် ချင်း၊ ငရုတ်ကောင်း၊ ငရုတ်သီး၊ ချောကလက်၊ ဆိုဒါနှင့် ဆီကြော်မုန့်အမျိုးမျိုး၊ အရက်နှင့်ကော်ဖီတို့ သောက်သုံးခြင်းနှင့် နေပူရှိန်ပြင်းထန်သည့်အချိန် အပြင်မှ ပြန်လာလျှင် ရေခဲရေသောက်ခြင်းတို့ကိုလည်း ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။

အပူဒဏ်အန္တရာယ် ခံစားနေရသည့် လူနာကို အရေးပေါ်ရှေးဦးပြုစုရာတွင် အရိပ်ရအေးမြသောနေရာ၊ ပန်ကာ/ အဲကွန်းရှိသောနေရာတွင် လူနာကို ရွှေ့ပြောင်းထားရှိရန်၊ လူနာကို ဆေးရုံ/ ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ရန်၊ ဆေးရုံ/ ဆေးခန်းသို့ ပို့ဆောင်နေစဉ် လူနာ၏ခြေရင်းဘက်ကို မြင့်ထားပေးပြီး လူနာကိုပက်လက်ထားရန်၊ လူနာ၏ အဝတ်အစားများကို ချွတ်ပေးရန်၊ လူနာကောင်းစွာသတိရနေပါက ရေအေးအေး တိုက်ပေးရန်၊ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေးဖျန်းပေးရန်၊ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေအေးအေး/ ရေခဲရေစိမ်ထားသော ရေဖတ်အဝတ်များဖြင့် အုပ်ပေးရန်၊ လူနာကို ပန်ကာလေမှုတ်ပေးရန်/ ယပ်ခတ်ပေးရန်တို့ကို ပြုလုပ်ပေးကြရမည်ဖြစ်သည်။

**အပူရှိန်မြင့်မားမှု ဘေးအန္တရာယ်များ အသိ၊ သတိဖြင့် ကြိုတင်ကာကွယ်**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူများ အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အပူဒဏ်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်များ၊ ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်းများ မြင့်မားနေသည့်အတွက် ကာကွယ်နိုင်ရေး နည်းလမ်းများကို ရုပ်မြင်သံကြားတွင် လည်းကောင်း၊ သတင်းစာများတွင် လည်းကောင်း ထုတ်လွှင့်ဖော်ပြပေးလျက်ရှိရာ ပြည်သူများအနေဖြင့် မျက်စိဖွင့်၊ နားစွင့်ပြီး အပူရှိန်မြင့်မားမှု ဘေးအန္တရာယ်များ မဖြစ်ပေါ်ရလေအောင် အသိ၊ သတိဖြင့်




ကြိုတင်ကာကွယ်သင့်ပါသည်။

ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့် ဆိုစကားအတိုင်း နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်၊ ချောင်းကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ခြင်း၊ အရက်သေစာ သောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်သဖြင့် အရက်သောက်သုံးခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်းနှင့် အပူချိန် မြင့်မားမှုဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ကာ ကိုယ်လက်မအီမသာဖြစ်ပြီး မူးမေ့ခြင်းတို့ ဖြစ်စေနိုင်သည့်အတွက် ကြုံလာရသည့် ရာသီဥတုအန္တရာယ်ကို အသိဉာဏ်ဖြင့် ကာကွယ်ကြရမည်ဖြစ်သည်။

**အပူဒဏ်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ**

ထို့အပြင် လူတိုင်း အပူဒဏ်နှင့် ပတ်သက်သည့် အသိပညာဗဟုသုတများ ရှိကြရန်လိုအပ်ပြီး အရေးပေါ်အခြေအနေများ ကြုံတွေ့လာရပါက အပူဒဏ်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ ချက်ချင်းပို့ဆောင်ပေးရန်လိုအပ်ပေသည်။

ထိုသို့ နေ့အပူချိန်မြင့်တက်ခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများအဖြစ် မြန်မာနိုင်ငံရှိ အချို့ဒေသများတွင် နွေရာသီကာလ အပူရှိန်မြင့်မားမှုဒဏ်၊ သောက်ရေသုံးရေ ရှားပါးမှုဘေးဒဏ်၊ မီးဘေးဒဏ်၊ စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးမှုဘေးများနှင့် ကျန်းမာရေး ထိခိုက်မှု ဘေးဒဏ်များကိုလည်း ကြုံတွေ့နေရသည်ဖြစ်ရာ ယင်းအခက်အခဲများကို ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းကာ ယင်းအခက်အခဲကို နှစ်စဉ်ဝိုင်းဝန်းဖြေရှင်းလျက်ရှိနေကြသည်။

အပူချိန်မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှု မမှန်ခြင်းများ ဖြစ်ပေါ်လေ့ရှိသည့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဒေသအချို့တွင် နေ့အပူချိန်များ ပိုမိုမြင့်တက်လျက်ရှိကာ အချို့ဒေသများတွင် ပုံမှန်မဟုတ်သော မိုးရွာသွန်းခြင်းများ ဖြစ်ပေါ်နေသည့်အတွက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မိုးလေဝသသတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးချက်များကိုလည်း အမြဲနားစွင့်ထားရမည်ဖြစ်သည်။

လူသားတို့သည် မိမိတို့၏ "အသက်ရှည်ရာ အနာမဲ့ကြောင်း" အတွက် အပူဒဏ် ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များအတိုင်း လိုက်နာနေထိုင်ပြီး အပူဒဏ်ကို သတိပြု၊ အန်တုနိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုးကား–**

**သတင်းစာအယ်ဒီတာ့အာဘော်များ**

- အပူချိန်မြင့်မားမှုကာကွယ် ဥတုသပ္ပါယမျှတစွာနေထိုင် (မြန်မာ့အလင်းအယ်ဒီတာ့အာဘော်)
- အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ် (မြဝတီသတင်းစာအယ်ဒီတာ့အာဘော်)
- https:// www. moi. gov. mm/ news/54485
- https:// www. myawady. net. mm/ node/39991

**"နွေရာသီကာလတွင် အပူချိန်မြင့်မားခြင်းမှာ နှစ်စဉ်ကြုံတွေ့နေကျ သဘာဝတရားဖြစ်သော်လည်း ယခုနှစ်တွင် ကြုံတွေ့နေရသည့် အယ်လ်နီညိုရာသီဥတု၏အကျိုးသက်ရောက်မှုနှင့်အတူ ပြင်းထန်သည့် အပူချိန်ကြောင့် အပူလျှပ်ခြင်း၊ သတိလစ်မေ့မြောခြင်း၊ ရုတ်တရက်သေဆုံးခြင်းကဲ့သို့သော ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ မြင့်မားသည့်အပူချိန်ကို ကာလကြာရှည်ခံစားရပါက အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပွားခြင်း၊ နှလုံး၊ သွေးတိုး၊ ဆီးချိုနှင့် ကျောက်ကပ်ရောဂါများဖြစ်ပွားခြင်း၊ အရွယ်မတိုင်မီသေဆုံးခြင်းတို့ဖြစ်ပေါ်စေနိုင်"**

# တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေး ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြပါစို့

ကောင်းဆက်



ပြီးခဲ့သည့်ရက်က ဝန်ကြီးရုံးမှာ အစည်းအဝေး တစ်ခုရှိသဖြင့် ကားဖြင့်ထွက်လာခဲ့သည်။ အစည်းအဝေးက မွန်းလွဲ ၁ နာရီ ဖြစ်သဖြင့် ဇေယျာသီရိမြို့နယ်ရှိ အိမ်မှ မွန်းတည့် ၁၂ နာရီမှာ ထွက်ဖြစ်သည်။ မွန်းတည့်နေက အတော်ပူသည်။ ဆီချွေတာသည့်အနေဖြင့် အဲကွန်းမဖွင့်ဘဲ မောင်းလာသည့်အတွက် တစ်ခါတစ်ရံ လေပူတို့ အတိုးအဝှေ့ကြောင့် ကားမောင်းရင်း ချွေးပြိုက်ပြိုက်ကျနေသည်။

ထိုသို့မောင်းလာရင်းဖြင့် ရေဆင်းကျေးရွာနားတစ်ဝိုက်ရောက်သောအခါ ရေမြေသဘာဝအရ လေ၏ အေးမြမှု အထိအတွေ့ကို ခံစားရသည်။ ဘေးဘီဝဲယာကြည့်လိုက်သည့်အခါ နွေစပါးခင်းစိမ်းစိမ်းစိုစိုများကိုတွေ့ရသည်။ ကားလမ်းဘေးရေပေးမြောင်းများတွင်လည်း ရေကတစ်သွင်သွင်စီးဆင်းနေသည်။ နှစ်ချို့ကုက္ကိုပင်ကြီးများ၏ အရိပ်ကလည်း လမ်းဘေး ဝဲယာတွင် ယှက်လျက်ရှိနေသည်။ ထိုကဲ့သို့သော သဘာဝပတ်ဝန်းကျင်ကို ဖြတ်သန်းတိုက်ခတ်လာသောလေကြောင့် အေးမြသည့်အထိအတွေ့ကို ခံစားရခြင်းဖြစ်သည်။

ရေဆင်းနယ်မြေသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ရှိသည်။ ရေဆင်းဆည်အနီးတွင် တည်ရှိပြီး စိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့ အပြင် စိုက်ပျိုးရေးသုတေသန၊ သစ်တောသုတေသနလုပ်ငန်းများ တည်ရှိရာဖြစ်သဖြင့် စိုက်ပျိုးရေး စံပြနယ်မြေအဖြစ်တည်ရှိနေသည်။ နိုင်ငံတစ်ဝန်း မဟုတ်တောင် မိုးစပါးစိုက်ပျိုးမြေ တစ်ဝက်လောက် ရေဆင်းနယ်မြေကဲ့သို့ နွေစပါးစိုက်ပျိုးနိုင်လျှင် အပူဒဏ်အတော်သက်သာမည်ဟု အတွေးရောက်ရသည်။

### မြေဧကပေါင်း ၃၄ သန်းကျော်ရှိ

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတပေါကြွယ်ဝပြီး စိုက်နိုင်ပျိုးနိုင်သော မြေသယံဇာတများပေါများသည့် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံတစ်ဝန်းစိုက်ပျိုးနိုင်သည့်မြေဧကပေါင်း ၃၄ သန်းကျော်ရှိပြီး ကောင်းမွန်မျှတသော ရေမြေသဘာဝရာသီဥတုရှိသည်။ မြန်မာ့ရေမြေသဘာဝ၊ ရာသီဥတုကောင်းမွန်မှုနှင့်ပတ်သက်ပြီး အင်္ဂလိပ်လူမျိုး ဂျီ၊ အီး ဟာဗေးက **“မြန်မာနိုင်ငံ၏ ရာသီဥတုမှာ နေ့လယ်နေ့ခင်းဘက်တွင် အလွန်အမင်းပူပြင်းလှသည်ဖြစ်၍ နေ့လယ်တွင် မည်သူမျှ အလုပ်မလုပ်နိုင်ကြောင်း၊ ၎င်းပြင် မြန်မာပြည်၏ မြေဩဇာမှာ အဘယ်မျှကောင်းနေသနည်းဟူမူ မြေကြီးကိုထယ်ဖြင့် ကလိလိုက်ရုံမျှဖြင့် မြေကြီးမှာ အသီးအနှံဖြင့် ပွင့်ပေါက်ပြုံးရယ်လျက်ရှိနေရကား မြန်မာလူမျိုးတို့မှာ ကြိုးစားလုပ်ကိုင်နေရန် မလိုတော့ကြောင်း”** မှတ်ချက်ပေးထားသည်ကို ဖတ်ရဖူးသည်။

အမှန်တကယ် ဂျီ၊ အီး ဟာဗေး ပြောချင်သည့် အဓိပ္ပာယ်မှာ မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းပြီး မြေဆီမြေဩဇာနှင့် ပြည့်စုံသော စိုက်ပျိုးမြေများရှိသော်လည်း မြန်မာလူမျိုးတို့သည် ကြိုးစားလုပ်ကိုင်မှုအားနည်းခြင်း၊ ရောင့်ရဲတတ်ခြင်း၊ ပျင်းရိခြင်းတို့ကြောင့် ဆင်းရဲတွင်းနက်နေရခြင်းဖြစ်ကြောင်း ပြောလိုရင်းဖြစ်ပေမည်။ မှန်ပါသည်၊ မိမိတို့လူမျိုးသည် ရှိတာလေးနှင့် ရောင့်ရဲတင်းတိမ်တတ်ကြသည်။ လောဘမကြီးတတ်၊ စေတနာကောင်းကြသည် စသည်ဖြင့် ဂုဏ်ယူနေတတ်ကြသည်။ ထို့အတူပင် မြန်မာ့ရေမြေတောတောင်များတွင်ရှိသော သယံဇာတများ၊ အဖိုးမဖြတ်နိုင်သည့် တွင်းထွက်ရတနာများ၊ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေဆီမြေဩဇာကြွယ်ဝသော သဘာဝအနေအထားများ၏ မျက်နှာသာပေးမှုကို တစ်သက်တာပဒေသာပင်များ ထင်မှတ်ကာ မေ့မေ့လျော့လျော့ ပေ့ါပေ့ါဆဆနေခဲ့ကြသည်။

### မိရိုးဖလာစိုက်နည်းစနစ်များ

မိမိတို့နိုင်ငံရှိ တောင်သူလယ်သမားအများစုသည် စိုက်ကွက်ငယ်များကို အများစုပိုင်ဆိုင်ကြပြီး မိရိုးဖလာစိုက်နည်းစနစ်များကိုသာ ခေါင်းမဦးချလုပ်ကိုင်နေကြသည်။ ဝမ်းစာပိုလျှံပြီး အလှူအတန်းလုပ်နိုင်လျှင် ကျေနပ်နေသော လူမျိုးများဖြစ်သည်။ ထိုကဲ့သို့သော လောဘနည်းသော(တစ်နည်း) ရောင့်ရဲတင်းတိမ်နိုင်သော စိတ်ဓာတ်များကို ပြင်ဖို့လိုပါမည်။ ကြားသိရသလောက်ဆိုလျှင် နိုင်ငံတစ်ဝန်း တောင်သူလယ်သမားများ၏ သားသမီးများသည် ဆွေစဉ်မျိုးဆက် ဆင်းရဲတွင်းနက်သည့် လယ်သမားဘဝကို စိတ်ကုန်၊ နာကြည်းပြီး မိဘလက်ငုတ်လက်ရင်း လယ်သမားဘဝကို စွန့်လွှတ်ကာ ပြည်ပတွင် မျိုးစုံသောအလုပ်များ လုပ်ကိုင်ရန် ထွက်ခွာသွားကြ၊ ထွက်ခွာနေကြ၊ ထွက်ခွာရန် ကြိုးစားနေကြသည်ကို ဝမ်းနည်းဖွယ်မြင်တွေ့ရသည်။ ကျေးရွာများတွင် လယ်လုပ်မည့်သူ ရှားပါးသောပြဿနာကို အများစု ရင်ဆိုင်နေရသည်ဟုဆိုသည်။

တောင်သူဦးကြီးများအနေဖြင့် မိမိတို့သားသမီးများကို အိုးပိုင်၊ အိမ်ပိုင်၊ လယ်ပိုင်နှင့် ခံ့ခံ့ထည်ထည်နေနိုင်အောင် မိမိတို့တွင်ရှိသည့် အခြေအနေကို ခွဲခြမ်းစိတ်ဖြာအမွေခွဲပေးသည့် စနစ်အစား ရှိရင်းလယ်ယာကိုင်းကျွန်းများကို တစ်ကွင်းတစ်စပ်တည်း ဖော်ထုတ်၊ သားသမီးများကို စုပေါင်းဆောင်ရွက်စေခြင်းဖြင့် ရလာသော အကျိုးအမြတ် ဝေတူဝေမျှခွဲဝေယူခြင်းဖြင့် စည်းလုံးညီညွတ်မှု စိတ်ဓာတ်၊ ပေါင်းစည်းမှု၏ စွမ်းအားများကို ဖော်ထုတ်ကြရပေမည်။ စက်မှုလယ်ယာစနစ် ကူးပြောင်းဖော်ဆောင်နိုင်ပါက ရှိသမျှလယ်မြေများမှာ စပါးသီးနှံများဖြင့် ဝေဆာနေသည်ကို မြင်တွေ့ရမည်ဟု ယုံကြည်မိပါသည်။

> **“တောင်သူဦးကြီးများအနေဖြင့် မိမိတို့သားသမီးများကို အိုးပိုင်၊ အိမ်ပိုင်၊ လယ်ပိုင်နှင့် ခန့်ခန့်ထည်ထည် နေနိုင်အောင် မိမိတို့တွင်ရှိသည့် အခြေအနေကို ခွဲခြမ်းစိတ်ဖြာ အမွေခွဲပေးသည့်စနစ်အစား ရှိရင်းလယ်ယာကိုင်းကျွန်းများကို တစ်ကွင်းတစ်စပ်တည်း ဖော်ထုတ်၊ သားသမီးများကို စုပေါင်းဆောင်ရွက်စေခြင်းဖြင့် ရလာသောအကျိုးအမြတ် ဝေတူဝေမျှခွဲဝေယူခြင်းဖြင့် စည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ ပေါင်းစည်းမှု၏ စွမ်းအားများကို ဖော်ထုတ်ကြရပေမည်။ စက်မှုလယ်ယာစနစ် ကူးပြောင်းဖော်ဆောင်နိုင်ပါက ရှိသမျှလယ်မြေများမှ စပါးသီးနှံများဖြင့် ဝေဆာနေသည်ကို မြင်တွေ့ရမည်ဟု ယုံကြည်မိပါသည်”**

ယနေ့နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်နေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိသည်။

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်တွင်း၌ ထုတ်ကုန်များ ပြည့်ဝစွာဖြင့်ထုတ်လုပ်နိုင်ရေးပင်ဖြစ်သည့်အတွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ဒေသအသီးသီး၌ ပြည့်စုံလုံလောက်စွာထုတ်လုပ်နိုင်ရန် လိုအပ်သည်။ မြန်မာနိုင်ငံသည် အဓိကဆန်၊ စပါး ထုတ်လုပ်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းရှိသော်လည်း နွေစပါးစိုက်ဧက သုံးသန်းသာရှိကြောင်း သိရသည်။ တစ်ဧကပျမ်းမျှ အထွက်အနေဖြင့် မိုးစပါး ၇၅ တင်းနှင့် နွေစပါး တင်း ၉၀ ထွက်ရှိကြောင်း မှတ်တမ်းများအရ သိရသည်။

### ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများနှင့် အထွက်နှုန်း

၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်းက ပြုလုပ်သော အစည်းအဝေးတစ်ခုတွင် နိုင်ငံတော်ဝန်ကြီးချုပ်က **“စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ မိုးစပါး စိုက်ဧက ၁၅ သန်းနှင့် နွေစပါးစိုက်ဧက သုံးသန်းခန့် ရှိကြောင်း၊ စိုက်ဧက ၁၇ သန်းရှိသော်လည်း နွေစပါး၊ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုသည် ရည်မှန်းချက် မပြည့်မီသေးကြောင်း၊** စိုက်ဧက၊ ပြည်ပပို့သည့် ဆန်နှင့် လက်ကျန်ရှိသည့်ဆန်ကို ရာသီအလိုက် ချိန်ဆရာတွင် အလျှံပယ်ပိုခြင်းမရှိသည်ကို တွေ့ရကြောင်း၊ သတိထားရမည့်အခြေအနေမျိုးရှိကြောင်း၊ မိုးစပါးကို တစ်ဧက ၇၅ တင်းခန့်ထွက်မည်ဟု ခန့်မှန်းထားကြောင်း၊ ပထမအဆင့်အနေဖြင့် မိုးစပါးကို တစ်ဧကပျမ်းမျှတင်း ၈၀ ခန့်ထွက်ရှိအောင်ဆောင်ရွက်မည်ဆိုပါက စပါးတင်း ၇၅ သန်းခန့် ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း၊ အလားတူ နွေစပါးကို တစ်ဧကတင်း ၉၀ ခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး ပထမအဆင့် တစ်ဧက ၉၅ တင်းခန့် ထွက်ရှိအောင်ဆောင်ရွက်မည်ဆိုပါက စပါးတင်း ၁၅ သန်းခန့်ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း၊ နွေစပါး၊ မိုးစပါး နှစ်ခုပေါင်းပါက စပါးတင်းစုစုပေါင်း သန်း ၉၀ ခန့် ပိုမိုလာမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝင်ငွေ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထိုသို့ ရည်မှန်းချက်ပန်းတိုင်များချမှတ်ပြီး အသေအချာဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများနှင့် အထွက်နှုန်းကို မှန်မှန်ကန်ကန်ဖြစ်အောင် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း” လမ်းညွှန်မှာကြားထားသည်။

ထို့အတူ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်ကာ စိုက်ပျိုးရေးလုပ်ငန်းများမြှင့်တင်ရန်အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှစတင်ကာ ကျပ်ဘီလီယံပေါင်း ၃၃၀ ကို ထုတ်ချေးပေးထားသည်။

အထက်ပါ လမ်းညွှန်မှာကြားချက်များနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မည်ကဲ့သို့အကောင်အထည်ဖော်ဆောင်ရွက်နေကြသည်ကို အသေးစိတ်မသိရသော်လည်း ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၂၃-၂၀၂၄ မိုးစပါးရာသီတွင် ၂၀၂၂-၂၀၂၃ မိုးစပါးရာသီကထက် တစ်ဧက ပျမ်းမျှ ၉ ဒသမ ၃၅ တင်းနှုန်း ပိုမိုထွက်ရှိအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း အင်တာဗျူးတစ်ခုတွင်ဖတ်လိုက်ရသည်။



စာမျက်နှာ ၁၇ သို့ ○



# ဟင်္သာတခရိုင်၌ လယ်ယာသုံးစက်ကိရိယာ (ကောက်စိုက်စက်)ထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ဟင်္သာတ ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဟင်္သာတခရိုင်အတွင်း ခေတ်မီလယ်ယာသုံးစက်ကိရိယာ(ကောက်ရိတ်စက်)များ ထုတ်လုပ်နိုင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးသူရိန်က အမှာစကားပြောကြားပြီး ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးအောင်ကျော်သန်းက လယ်ယာသုံးစက်ကိရိယာများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အလတ်စားစက်ပြင်အလုပ်ရုံမှူး ဦးဇော်လွင်ဦးက လက်ဆွဲကောက်စိုက်စက် ထုတ်လုပ်နိုင်ရေး စက်ပစ္စည်းများအကြောင်း Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးဆောင်ရွက်မှုများပြုလုပ်**

ဆက်လက်၍ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ် ဥက္ကဋ္ဌများဦးဆောင်၍ အဖွဲ့အလိုက်ဆွေးနွေးဆောင်ရွက်မှုများပြုလုပ်ခြင်းနှင့် ဆွေးနွေးပွဲရလဒ်များအပေါ် အဖွဲ့တာဝန်ခံကိုယ်စားလှယ်များက ကောက်စိုက်စက် (Drum Seeder) ထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များအား ရှင်းလင်းတင်ပြကာ သိရှိလိုသည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများက မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးပြောကြားခြင်း၊ နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးမိုးထွန်းနှင့် ဦးမင်းမင်းဦးတို့က အဖွဲ့လိုက်ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားကာ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးသူရိန်က နိဂုံးချုပ်စကား ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒုတိယမြို့တော်ဝန် ဦးညီညီ ဒဂုံမြို့သစ်ခရိုင်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဧပြီ ၂၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီသည် ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁၅၂)ရပ်ကွက် အမှတ်(၂) လမ်းမကြီးရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)သို့ သွားရောက်၍ ကျောင်းဝင်းအတွင်း မိုးတွင်းကာလ ရေကြီးရေလျှံမှုမဖြစ်စေရေးအတွက် စက်ယန္တရားကြီးများဖြင့် ရေစုကန်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်ကွက်နေ ပြည်သူများပူးပေါင်းအင်အားဖြင့် မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကျောင်းအဆောက်အအုံများနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကျောင်းဝင်းအတွင်း၊ အပြင် ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် အမှိုက်နှင့် မြောင်းချေးများ ဆယ်ယူရှင်းလင်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ခြင်ဆေးမှုတ်ခြင်း၊ ကျောင်းများရှိ ရေစည်၊ ရေကန်များ အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လေးထောင့်ကန်ကျေးရွာအုပ်စု ထောင်တလုပ်ကျေးရွာနှင့် ကြာနီကန်ကျေးရွာတို့ကို ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်ခင်းကျင်းရန် ဆောင်ရွက်နေမှု၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၁၅၅)၊ (၁၅၆)နှင့် (၁၅၇) ရပ်ကွက်တို့ကို ဆက်သွယ်သည့် ရှင်မတောင်လမ်းကို ကွန်ကရစ်ခင်းကျင်းရန် ဆောင်ရွက်နေမှု၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၁၃၃)ရပ်ကွက် ဟံသာဝတီလမ်းရှိ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း သန့်ရှင်းသာယာလှပစေရေး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်းအင်အားဖြင့် သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၇)ရပ်ကွက် မဟာဗန္ဓုလလမ်း ကွန်ကရစ်တိုးချဲ့ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# သာစည်မြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေး

**သာစည် ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ရွာကြီးကျေးရွာအနီးရှိ ကျော်လေးဆူသမိုင်းဝင် ရွှေယင်မျှော်စေတီတော်ကြီးရှိ သာသနိကအဆောက်အအုံများ မီးဘေးလုံခြုံရေးအတွက် ယနေ့နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် အဆောက်အအုံများနှင့် လျှပ်စစ်မိန်းခုံများ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ၊ မီးသတ်ဆေးဘူးထားရှိမှုများကို စစ်ဆေးပြီး ရွာကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးတိုးဝင်းနှင့် ဘုရားကြီး၏ ဂေါပကအဖွဲ့များအား လိုအပ်သည့်မီးဘေးလုံခြုံရေး အကြံပြုခြင်းများ ဆောင်ရွက်ကာ မီးသတ်ဆေးဘူးအသုံးပြုနည်းများကို ရှင်းလင်းပြသခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

○ စာမျက်နှာ ၁၆ မှ

**ဆန်စပါးသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်သွေးကြောသဖွယ်ဖြစ်သည်။ နိုင်ငံ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလာပြီး စိုက်ပျိုးမြေများမှာမူ မြို့ပြဖွံ့ဖြိုးမှုများကြောင့်တစ်ဆတစ်ဆလျော့ပါးလာသည်။ တိုးပွားလာသည့် လူဦးရေအတွက် စားရေရိက္ခာလုံလောက်မှုရှိစေရန် ဆန်စပါးထုတ်လုပ်မှုကဏ္ဍကို မိရိုးဖလာ နည်းစနစ်များအတိုင်းဆောင်ရွက်နေ၍မဖြစ်တော့ပေ။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက၊ တောင်သူများပူးပေါင်း၍ ဆန်စပါးအထွက်တိုးရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စက်မှုလယ်ယာစနစ်သို့ပီပီပြင်ပြင် ကူးပြောင်းရမည်။ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားဖြစ်အောင်လုပ်ရမည်။ အထွက်တိုးအောင်လုပ်ရမည်။ ခေတ်မီနည်းပညာများ အသုံးပြုရမည်။ သို့မှသာ ပြည်တွင်းစားသုံးမှုဖူလုံပြီးပိုလျှံသည်များကို ပြည်ပသို့တင်ပို့၍ နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။**

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် မိမိတို့နိုင်ငံတွင် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များရှိပြီးဖြစ်သည်။ သို့သော်လည်း စီးပွားရေးအရ ပိတ်ဆို့ခြင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများအား



ပိတ်ဆို့ခြင်းနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်ဆောင်ရွက်၍ ကုန်စည်စီးဆင်းမှုများ နှောင့်နှေးပိတ်ဆို့အောင် ဆောင်ရွက်နေခြင်းတို့ကြောင့် အခက်အခဲအချို့ ဖြစ်ပေါ်လျက်ရှိသည်။ ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန် ကဏ္ဍအသီးသီးတွင် ပါဝင်နေသူများက မိမိတို့၏လုပ်ငန်းတာဝန်များကို မခိုမကပ် အားသွန်ခွန်စိုက် အားထည့်ကြိုးပမ်းကြရန်လိုအပ်သည်။

**မျိုး၊ ရေ၊ မြေ၊ နည်းပညာဟူသည့် အချက်လေးချက်**

အထူးအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ ရေ၊ မြေ၊ နည်းပညာဟူသည့် အချက်လေးချက်သည် အရေးကြီးသဖြင့် စနစ်တကျအသုံးချတတ်ရန် လိုအပ်သည်။ နိုင်ငံတော်အပိုင်းကလည်း မျိုးကောင်းမျိုးသန့်ရရှိရေး၊ ရေဖူလုံမှုရှိစေရေးနှင့် နည်းပညာများကူညီပံ့ပိုးပေးလျက်ရှိသည့်အပြင် ဒေသတွင်းနိုင်ငံများ၏ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ မြန်မာနိုင်ငံနှင့် သင့်တော်သည့် ဥပဒေ၊ မူဝါဒများချမှတ်ကာ ထိန်းကျောင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း/ပြည်ပသို့ တင်ပို့ရောင်းချသည်အထိ ပါဝင်နေသူများဖြင့် Supply Chain Mechanism တစ်ရပ်ထူထောင်ပေးခြင်း၊ မြန်မာ့ဆန်စပါး စံချိန်စံညွှန်းသတ်မှတ်ချက်များ ဆောင်ရွက်ပေးခြင်းနှင့် မြန်မာ့ခေတ်မီဆန်စက်များ တိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်ပေးခြင်း၊ ကန်ထရိုက်လယ်ယာစနစ်ထူထောင်ပေးခြင်း၊ မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာများ ရေးဆွဲထားရှိခြင်းများ ဆောင်ရွက်ပေးနေသည့်အတွက် တောင်သူများအနေဖြင့် ကျွဲကူးရေပါဆိုသည့်အတိုင်း မိမိတို့အကျိုးစီးပွားနှင့် နိုင်ငံတော်စားရေရိက္ခာဖူလုံရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်




**ပုသိမ် မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ရှစ်ခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပုသိမ်ခရိုင်အသင်းနှင့် မြောင်းမြခရိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကိုလည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကျုံပျော်ခရိုင်အသင်းနှင့် မြောင်းမြခရိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ရာ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ပုသိမ်ခရိုင်အသင်းမှ မြောင်းမြခရိုင်အသင်းအား သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် မြောင်းမြခရိုင်အသင်းမှ ကျုံပျော်ခရိုင်အသင်းအား သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားပြုလုပ်ရာ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြောင်းမြခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို တိုင်းဒေသကြီး ဥပဒေချုပ်ကလည်းကောင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပုသိမ်ခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို တိုင်းဒေသကြီးတရားသူကြီးချုပ်ကလည်းကောင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြောင်းမြခရိုင်အသင်းအား ပထမဆုဖလားကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးကလည်းကောင်း ပေးအပ်ခဲ့ကြပြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပုသိမ်ခရိုင်အသင်းအား ပထမဆုဖလားကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်လက် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကော့ကရိတ်မြို့အတွင်း ပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင် တာဝန်ရှိသူများက လိုအပ်သည့်ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေး



**ဘားအံ မေ ၂၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် တိုက်ပွဲဖြစ်စဉ်များကြောင့် မြို့နေ ပြည်သူလူထုသည် ဘေးလွတ်ရာ ဆွေမျိုးများနေအိမ်နှင့် ဘာသာရေးအဆောက်အအုံများသို့ ယာယီပြောင်းရွှေ့နေထိုင်ခဲ့ကြရာ ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းမှု အားကောင်းလာပြီဖြစ်သည့်အတွက် မေ ၂၇ ရက် နံနက်ပိုင်းမှစ၍ ကော့ကရိတ်မြို့အတွင်း ပြန်လည်ဝင်ရောက်နေထိုင်လာကြရာ တာဝန်ရှိသူများက လိုအပ်သည့်ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကော့ကရိတ်မြို့အတွင်း အများပြည်သူအေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်၊ လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်၊ ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကော့ကရိတ်မြို့အတွင်း ထိခိုက်ပျက်စီးမှုများ၊ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်း၊ လုံခြုံရေးအစီအမံများ ဆောင်ရွက်ပေးခြင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြပြီး နေအိမ်မီးလောင်ပျက်စီးဆုံးရှုံး အိမ်ထောင်စုများအား နေရာချထားပေးနိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေး၊ ဆန်ရိက္ခာများ၊ ကယ်ဆယ်ရေးပစ္စည်းများ စုပုံထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ နေရပ်ပြန်လည်နေထိုင်သည့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဖွင့်လှစ်မည့် Diploma in English for Communication Skills သင်တန်းအမှတ်စဉ်(၁)ကို စိတ်ဝင်စားသူ များပြား

**ရန်ကုန် မေ ၂၇**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် Diploma in English for Communication Skills သင်တန်းကို အမှတ်စဉ်(၁)အဖြစ် ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ဝင်စားသူ များပြားနေကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်လှစ်မည့်ကိစ္စနှင့်ပတ်သက်၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၏ လူမှုကွန်ရက်ပို့စ်အောက်တွင် ကြေညာထားရာ စိတ်ဝင်စားသူအများအပြားက မှတ်ချက်ပြုရေးသားကြသည်ကိုလည်း တွေ့မြင်ရသည်။

ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် CHRD အစီအစဉ်ဖြင့် ဖွင့်လှစ်မည့် Diploma in English for Communication Skills သင်တန်းကို Face to Face နှင့် Online နှစ်မျိုးစလုံးဖွင့်လှစ်မည်ဖြစ်ကာ English Basic Level 1 သို့မဟုတ် Level 2 အထိ YUFL တွင်တက်ရောက်ပြီးသူများသည် တစ်ဆင့်မြင့်အတန်းတွင် တိုက်ရိုက်တက်ရောက်နိုင်ပြီး ဝင်ခွင့်ဖြေဆိုရန်မလိုအပ်ကြောင်း သိရသည်။

ကျောင်းသားသစ်များမှာမူ English Basic Level 1 မှစတင်တက်ရောက်ရမည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်ဖြစ်ကာ Face to Face တက်ရောက်ရန် လျှောက်ထားသူများသည် ဝင်ခွင့်စာမေးပွဲကို YUFL တွင် လာရောက်ဖြေဆိုရမည်ဖြစ်သည်။ အွန်လိုင်းမှတက်ရောက်ရန် လျှောက်ထားသူများသည် ဝင်ခွင့်စာမေးပွဲကို အွန်လိုင်းတွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုချိန်ရောက်ပါက e-mail မှတစ်ဆင့် Web link ပေးပို့မည် ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

လျှောက်လွှာပုံစံကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ရယူပြီးလျှောက်ထားနိုင်ကာ မေ ၂၉ ရက်မှ မေ ၃ ရက်အထိ လျှောက်ထားနိုင်ပြီး မေ ၅ ရက်တွင် ဝင်ခွင့်စာမေးပွဲခုံအမှတ်စာရင်း ထုတ်ပြန်မည်ဖြစ်ကာ မေ ၆ ရက်တွင် ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်းနှင့် မေ ၈ ရက်တွင် ဝင်ခွင့်အောင်စာရင်းကြေညာပြီး ငွေသွင်းရမည့်ရက်မှာ မေ ၈ ရက်မှ ၁၀ ရက်အထိဖြစ်သည်။

သင်တန်းကာလမှာ ၁၈ လဖြစ်၍ level တစ်ခုလျှင် သုံးလဖြင့် စုစုပေါင်း ခြောက်ခုဖြစ်ကာ သင်တန်းကြေး အနေဖြင့် တစ်သိန်းကျပ်ဖြင့် level တစ်ခုချင်းစီခွဲသွင်းရန်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် သင်တန်းပို့ချမည်ဖြစ်ပြီး Face to Face ကို စနေ၊ တနင်္ဂနွေတွင်လည်းကောင်း၊ Online –Basic I၊ II ကို သောကြာ၊ စနေ၊ တနင်္ဂနွေတွင်လည်းကောင်း၊ Online –Inter I ကို စနေ၊ တနင်္ဂနွေတွင်လည်းကောင်း သင်တန်းပို့ချမည်ဖြစ်ပြီး သင်တန်းအနေဖြင့် Face to Face Basic I၊ II ကို နံနက် ၉ နာရီမှ ၁၂ နာရီအထိနှင့် Inter I ကို မွန်းလွဲ ၁ နာရီမှ ၄ နာရီ အထိ လည်းကောင်း၊ Online Basic I၊ II ကို ညနေ ၆ နာရီမှ ၈ နာရီအထိနှင့် Inter I ကို နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဖြစ်သည်ဟု ကြေညာထားချက်အရ သိရသည်။

သင်တန်းကာလမှာ မေ ၁၁ ရက်မှစ၍ ၁၈ လ ဖြစ်ပြီး အနိမ့်ဆုံးပညာအရည်အချင်းမှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ရမည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့်မိတ္တူ (သို့မဟုတ်)ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားမူရင်းနှင့်မိတ္တူ၊ ပတ်စပို့ဓာတ်ပုံ သုံးပုံကို တင်ပြရမည်ဟု သိရသည်။

**MT**

# ထန်းတပင်မြို့နယ်၌ မြေပြင်လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်စေရေး စိစစ်မှုလုပ်ငန်းများ ဆောင်ရွက်နေ



**ရန်ကုန် မေ ၂၇**

မြေပြင်လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင် မြို့နယ်မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီမှ မေ ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြေပြင်လူဦးရေစာရင်းစိစစ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

မြေပြင်လူဦးရေစာရင်းစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးစွာ မြို့နယ်မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်နိုင်ဦးက မြေပြင်လူဦးရေစာရင်းစိစစ်ရေးလုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဝန်ထမ်းများက မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးသည့်လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်စေရေးကို စိစစ်ဆောင်ရွက်ခဲ့ကြကြောင်းလည်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူများအား သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**နေပြည်တော် မေ ၂၇**

နွေရာသီ ကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူများအား သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးအစီအစဉ်အရ ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်း (လမ်း၃၀၊ ၆၃ x ၆၄ လမ်းကြား) စုဝေးခန်းမ၌ မန္တလေးခရိုင်နှင့် ရမည်းသင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးများ ဦးဆောင်၍ "မြန်မာနိုင်ငံ၏ သစ်တောဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများ" ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပသည်။

ထို့နောက် ဆရာမများနှင့် ကျောင်းသူများကို သစ်တောသစ်ပင် စိုက်ပျိုးခြင်းနည်းစနစ် မှန်ကန်သိရှိစေရန် သရုပ်ပြ၍ ကျောင်းဝင်းအတွင်း အမှတ်တရ ပျိုးပင်များ စိုက်ပျိုးခဲ့ကြပြီး ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာန မြို့မအမြဲတမ်း ပျိုးဥယျာဉ်သို့သွားရောက်၍ ပျိုးဥယျာဉ်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြသသည်။

ဟောပြောပွဲသို့အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်မှ ဦးစီးအရာရှိများ ဦးဆောင်သည့် သစ်တောဝန်ထမ်းများ၊ ချမ်းအေးသာစံမြို့နယ် အမျိုးသမီးကလေးများ သင်တန်းကျောင်းမှ ကျောင်းအုပ် ဒေါ်မီမီလွင်နှင့် ကြီးကြပ်ဆရာမများ၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသူများ စုစုပေါင်း ၉၉ ဦး တက်ရောက်ခဲ့သည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ဦးဆောင်၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ထားဝယ်မြို့တွင် သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပရာ ထားဝယ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ထားဝယ်မြို့နယ် ဦးစီးအရာရှိတို့က ကျောင်းသား ကျောင်းသူများအား သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ချစ်ခင်မြတ်နိုးလာစေရန်၊ ရာသီဥတုပြောင်းလဲမှုကို သိရှိနားလည်စေပြီး သစ်တောများမှ လူသားများနှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် အထောက်အကူပြုပေးသည့် အကြောင်းအရင်းများကို သိရှိစေရန်နှင့် သစ်တောသစ်ပင်များ၏ အရေးပါမှုကိုသိရှိပြီး ပူးပေါင်းဆောင်ရွက် နိုင်ရန်တို့အတွက် သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေး၊ သစ်တောများနှင့် ရေဝေရေလဲဒေသများစသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြရာ ဟောပြောပွဲသို့ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# မော်ဘီမြို့နယ်၊ မိုင်းဆတ်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် သာယာကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ခြောက်ပါးနှင့် ဒေသခံပြည်သူ ၁၄၈ ဦးတို့ကို အဆိုပါကျေးရွာရှိ ရွှေဟင်္သာရွာဦးကျောင်းတိုက်၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံနယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် လွယ်ဆောင်ကျေးရွာအုပ်စု နားလည်ကျေးရွာမှ ဒေသခံပြည်သူ ၁၂၆ ဦးတို့ကို အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံနယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်မှ သံဃာတော် ၁၇ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၂၉ ပါးနှင့် ဒေသခံပြည်သူ ၁၀၅ ဦးတို့ကို အဆိုပါရပ်ကွက်ရှိ ဆင်များရှင်ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစစ်ဆေးပေးခြင်း၊ သွေးဖောက်၍ ဆီးချို/သွေးချိုရောဂါ စစ်ဆေးပေးခြင်းနှင့် သွေးအုပ်စုများစစ်ဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများအား နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာနယ်မြေခံတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ **MNL Cup ပြိုင်ပွဲမှ**

ထိပ်ဆုံးမှ ဒဂုံစတားအသင်းမှာလည်း နိုင်ပွဲပျောက်ခဲ့သဖြင့် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက် ပြန်လည်ရှင်သန်လာသည်။ ငွေကြယ်ပွင့်အသင်းမှာမူ MNL ထိပ်သီးကလပ် ဟံသာဝတီအသင်းကို မယှဉ်နိုင်ဘဲ နှစ်ကျော့စလုံး ဂိုးပြတ်အရေးနိမ့်ခဲ့သည်။

ဟံသာဝတီအသင်းသည် နိုင်ပွဲပြန်ရှာတွေ့ရန် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ငွေကြယ်ပွင့်အသင်းကလည်း လူစုံအသုံးပြုခဲ့သည်။ ဟံသာဝတီအသင်းသည် ဂိုးဒါဇင်ဝက်ဖြင့် အနိုင်ရခဲ့သော်လည်း မိနစ် ၇၀ နောက်ပိုင်းမှ ငါးဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ၁၃ မိနစ်တွင် အောင်မိုးထွေး (၁) က အဖွင့်ဂိုးသွင်းယူခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် ဂိုးထပ်မံရရှိရန် ရုန်းကန်ခဲ့ရပြီး မိနစ် ၇၀ မှ ဂိုးထပ်ရခဲ့သည်။ ဟံသာဝတီအသင်းအတွက် နောက်ထပ်အနိုင်ဂိုးများကို မိနစ် ၇၀ တွင် သန်းတိုးအောင်၊ ၇၂ မိနစ်တွင် ကောင်းထက်အောင်၊ ၈၄ မိနစ်တွင် အောင်မိုးထွေး (၁)၊ ၈၆ မိနစ်တွင် ဖွဲ့မာန်သာ၊ ၉၀+၃ မိနစ်တွင် နေမိုးနိုင်တို့က သွင်းယူခဲ့သည်။

တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် Dagon Port အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ပထမအကျော့ လေးပွဲစလုံးအနိုင်ရပြီး အုပ်စုကိုဦးဆောင်နေသည့် ဒဂုံစတားအသင်းသည် ဒုတိယအကျော့အဖွင့်ပွဲတွင် သရေကျခဲ့သဖြင့် နောက်တစ်ဆင့်တက်ရန် လာမည့်သုံးပွဲတွင် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။ ၃၈ မိနစ်တွင် မိုဂူက Dagon Port အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ဒဂုံစတားအသင်းအတွက် ချေပဂိုးကို ၇၃ မိနစ်တွင် ဇော်ရဲထွန်းက သွင်းယူခဲ့သည်။ အုပ်စု (ဂ) တွင် ဒဂုံစတားအသင်းက ငါးပွဲကစား ၁၃ မှတ်၊ ဟံသာဝတီအသင်းက ငါးပွဲကစား ကိုးမှတ်၊ ရှောဝတီအသင်းက လေးပွဲကစား ကိုးမှတ်၊ Dagon Port အသင်းက ငါးပွဲကစား လေးမှတ်ရထားပြီး ငွေကြယ်ပွင့်အသင်းမှာမူ ငါးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MNL**

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၄-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၄၅ | ၂၉၁၀ | ၂၈၉၅ | ၂၈၅၅ | ၂၉၁၀ | ၂၉၃၀ | ၂၉၃၅ | ၂၈၉၅ | ၃၀၃၀ | ၃၀၅၅ | ၂၉၀၀ | ၂၉၁၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၅၀ | ၃၃၇၅ | ၃၄၅၀ |
| 95 Ron | ၂၉၆၀ | ၃၀၂၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၄၅ | ၃၀၀၅ | ၃၁၄၅ | ၃၁၇၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၀ | ၃၀၅၅ | ၃၀၆၅ | ၃၄၉၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၈၀ | ၂၄၆၅ | ၂၄၂၀ | ၂၄၈၀ | ၂၄၉၅ | ၂၅၀၀ | ၂၄၆၀ | ၂၆၀၀ | ၂၆၂၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၀ | ၂၅၁၅ | ၂၉၄၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၉၉၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၉၉၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၀၈ | ၂၇၉၆ |
| 95 Ron | ၂၈၁၈ | ၂၉၀၈ |
| HSD (500 ppm) | ၂၂၈၉ | ၂၃၆၄ |
| HSD (50 ppm) | ၂၃၃၅ | ၂၄၁၁ |
| HSD (10 ppm) | ၂၃၃၅ | ၂၄၁၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ဝတ္ထုတို

ဆောင်းမာန်ဝင့်အောင် (တောင်ကြီး)




" ၁ "

"အမလေး ရိုင်းလှချည်လားဟဲ့။ ဘယ်မိမဆုံးမ ဖမဆုံးမ သားသမီးတွေလဲ"

"ခင်ဗျားနော် ကျွန်တော်တို့ မိဘတွေကို မစော်ကားနဲ့ ခုဖြစ်တဲ့ကိစ္စမှာ ခင်ဗျားသားက အရင်စတာဗျ"

"အောင်မာ မလောက်လေး မလောက်စားနဲ့ လက်တောက်လောက်က ငါ့ကို အာခံပြောနေတယ်။ ငါ့သားက နင့်ကို ဘာလုပ်လို့လဲ ပြောစမ်းပါဦး"

"ကျွန်တော် ဈေးရောင်းလာတာကို အရှေ့က ခြေထိုးခံတာလေ။ တော်သေးတယ် ဟင်းထုပ်တောင်း မမှောက်သွားလို့ နို့မို့မလွယ်ဘူး"

"တော်ပါ ကိုလတ်ရာ သွားကြမယ်။ ရန်မဖြစ်ပါနဲ့တော့"၊ "မဟုတ်ဘူးကိုကြီး သူ့သားလူပါး ဝတာ"

"အေးပါကွာ သည်းခံလိုက်ပါ"

တန်ခူးမောင်တစ်ယောက် အစ်ကိုဖြစ်သူက ချော့မော့ဆွဲခေါ်လာ၍ မလိုက်ချင်ဘဲ လိုက်ခဲ့ရသည်။ ဒေါသတွေက ငယ်ထိပ်ထိ တက်နေတာမို့ မြင့်နိုင်၏မျက်နှာကို လေးငါးဆယ်ချက် ဆွဲထိုးချင်မိသည်။ ကိုကြီးနှင့် သူ့မိဘတွေ အချိန်မီ ရောက်လာ၍ သက်သာသွားတာဖြစ်သည်။ အချိန်တိုင်း ရန်စထိပါးနေတာမို့ အကြိမ်ကြိမ် သည်းခံခဲ့သည်။ ခုတော့ ကိုယ်ထိလက်ရောက် စော်ကားလာတာမို့ ပြဿနာက ကြီးသွားရခြင်းဖြစ်သည်။

"စိတ်လျှော့ပါ ကိုလတ်ရာ။ အရာရာ ဒေါသရှေ့မထားပါနဲ့"

"ကိုယ်ထိလက်ရောက် စော်ကားလာလို့ပါ ကိုကြီးရာ။ ဈေးရောင်းတဲ့ကောင်၊ မိမရှိဖမရှိကောင်၊ စုတ်ပြတ်နေတဲ့ကောင်လို့ အမြဲပြောနေတာ ညီလေး သည်းခံပါတယ်။ ခုဟာက အတော်လွန်လာလို့ပါ"

"အေးပါကွာ နောက်တစ်ခါကြည့်ရှောင်လိုက်ပါ။ ကိုယ့်အတွက် အကျိုးမရှိတာတွေ လှည့်ကြည့်မနေနဲ့။ အချိန်ကုန်တယ်။ ကိုယ့်အလုပ်ပဲလုပ်စမ်းပါ"

"ဟုတ်ကဲ့ပါ ကိုကြီးရာ"

ဟင်းထုပ်တောင်းကိုယ်စီဖြင့် ရပ်ကွက်တကာ လှည့်ရောင်းရသည့် သူတို့ညီအစ်ကိုအတွက် ထိုင်စကားပြောဖို့ အချိန်ရှားလွန်းသည်။ ကျောင်းသွားနေကြသည့် ညီမငယ်သုံးယောက်အတွက် အချိန်မီပြန်ပြီး ချက်ပြုတ်ရဦးမှာမို့ လက်ကျန် ဟင်းထုပ်များရောင်းရန် လမ်းခွဲလိုက်ကြသည်။ နေပူမိုးရွာမရှောင် မနက်ပိုင်း အီကြာကွေး၊ ပဲပြုတ်၊ ညပိုင်း ဟင်းထုပ်၊ ပဲမုန့်ထုပ်လည်ရောင်းရသည်။ ညီအစ်ကိုနှစ်ယောက် ကြိုးစားရုန်းကန်နေ၍ မောင်နှမငါးယောက် ဝမ်းရေးအဆင်ပြေနေရခြင်းဖြစ်သည်။ အသက်ငယ်ရွယ်လွန်းသည့် ညီမငယ်သုံးယောက်ကတော့ ကျောင်းနေမည့် အရွယ်တွေမို့ စာသင်ကျောင်းနှင့် မဝေးရအောင်သူတို့ ညီအစ်ကို နှစ်ယောက်ပဲ ရုန်းကန်ရသည်။ ဆယ့်ငါးနှစ်အရွယ် သူကအကြီးဆုံးမို့ အားကိုးစရာ မိဘမရှိတော့သည့်အချိန်မှာ ကျောင်းထွက်လိုက်ရသည်။ အလတ်ကောင်လည်း သူ့နည်းတူစွာ စာသင်ကျောင်းကို လက်ပြနှုတ်ဆက်ခဲ့တာ အတူတူပင်ဖြစ်သည်။ ခုတော့ ဈေးသည်ဘဝဖြင့် ကျင်လည်နေရပြီမို့ မိသားစု မောင်နှမတာဝန်တွေက သူတို့ပခုံးပေါ်မှာ ထမ်းနေရပြီဖြစ်သည်။

" ၂ "

"အမလေးအေ အဲ့မောင်နှမတွေများ အဖက်လုပ်ပြီး ရန်သွားဖြစ်နေတယ်။ ဆွေမရှိမျိုးမရှိ ရေမျောကမ်းတင်တွေများ"

"မဖြစ်ပါဘူး ဒေါ်မြရယ် အိမ်ကကောင်ကြောင့်ပါ။ ရိုင်းလိုက်တာဆိုတာလေ။ အလတ်ကောင်လေး ပိုဆိုးတယ်"

"ဟုတ်ပအေ တန်ခူးမောင်မို့လား စနေသားမို့ ထက်တာနေမှာပေ့ါ"

"လူတွေက မွဲခြောက်နေပြီး နာမည်တွေက အပျံစားနော်"

"သူ့အမေက ဗီဒီယိုအကြည့်များပြီး စိတ်ကူးယဉ် မှည့်ထားတာပေ့ါအေ။ အားလုံးဧပြီလမှာ မွေးကြတာ။ အကြီးဆုံးကောင်လေးက ဧပြီတစ်ရက်မှာမွေးလို့ အတာဦးတဲ့၊ အလတ်ကောင်က အကြိုရှေ့ တစ်ရက်မှာမွေးတာ တန်ခူးမောင်၊ အကြီးမက အကြိုနေ့မွေးလို့ ပန်းငုဝါတဲ့။ အလတ်မက အကျနေ့မွေးတာ ရွှေပိတောက်တဲ့။ အငယ်မလေးက သင်္ကြန်အပြီးမွေးတာမို့ ပွင့်ခရေတဲ့အေ။ အားလုံးနှစ်နှစ်ကြီး နှစ်နှစ်ငယ်တွေ။ အကုန် ဧပြီလဖွားတွေလေ"

"သူ့ မိဘတွေကကော"

"အမလေး အမေဖြစ်သူက အဖေသေပြီး သုံးလအကြာမှာ ကလေးငါးယောက်ကို အဘွားနဲ့ထားခဲ့ပြီး မူဆယ်ဖက်ထွက်သွားတာပဲ။ နောက်လင်ယူသွားတာတဲ့။ အဘွားကြီးကပဲ အရွယ်မရောက်သေးတဲ့ ကလေးငါးယောက်ကို ဈေးရောင်းကျွေးခဲ့တာ။ အဘွားကြီးဆုံးတော့ အကြီးကောင်က ဆယ့်နှစ်နှစ်ပဲရှိသေးတယ်လေ။ အားလုံး လမ်းဘေးရောက်တော့မလို့ ရပ်ကွက်လူကြီးက ကူညီပေးခဲ့လို့ အိမ်ရှင်က ပေးနေရတာပေ့ါ။ အစပိုင်း အိမ်လခငါးလစာကို ရပ်ကွက်ကပဲနိုင်သလောက်စိုက်ပေးခဲ့တာ။ အကြီးနှစ်ယောက်က ကျောင်းထွက်ပြီး ဈေးရောင်းကြတာလေ။ အငယ်မတွေကတော့ ကျောင်းနေပေ့ါ"

"အင်း သေချာစဉ်းစားကြည့်တော့ သနားစရာလေးတွေပါ။ အမေက ပြန်မကြည့်ဘူးလား"

"ထွက်သွားပြီးကတည်းက စာမလာ သတင်းမကြားပါအေ။ သေပြီနေမှာပေ့ါ"

" သြော် ဒုက္ခများလှပါလား"

" ၃ "

ဈေးရောင်းမကောင်း၍ အတာဦး စိတ်ညစ်နေမိသည်။ အခြားအပိုမသုံးတတ်သလို ချွေတာစားသောက်ရတာ သူတို့ အသိဆုံးပင်။ သားငါးဆိုတာ ဆယ်ရက်တစ်ခါမချက်ဖြစ်၊ ကန်စွန်း၊ ချဉ်ပေါင်၊ ပဲပင်ပေါက် တစ်လှည့်စီမို့ မညည်းညူဘဲစားခဲ့ကြသည်။ အခုက ဈေးအရောင်းအဝယ်ပါးတာမို့ ပိုအခက်တွေ့ရသည်။ အငယ်မသုံးယောက်၏ ကျောင်းစရိတ်ကလည်း မသေးလှပေ။ ခုနစ်တန်း၊ ငါးတန်း၊ သုံးတန်း ရောက်လာကြပြီမို့ ပို၍ကြိုးစားရှာရသည်။ ဒါတောင်အလျဉ်မမီပေ။ ကိုလတ်ကလည်း ရသလောက်အကုန်ပေး သည်။

"ဈေးမှ ရောင်းမကောင်းတာဗျာ။ဘာလုပ်ကြမလဲကိုကြီး"

"ကိုကြီး ပွဲရုံမှာဝင်လုပ်မယ်။ ထမ်းခ အသတင်ရတယ်လေ"

"ကျွန်တော်လည်း လမ်းထိပ်က မီးသွေးဆိုင်မှာ ဝင်လုပ်ဖို့ ပြောပြီးသွားပြီ။ ပို့ခ ထမ်းခလည်းရမှာ။ ခုကဈေးရောင်းတာတော့ လုံးဝအဆင်မပြေတော့ဘူး"

မုန့်တွေ အကျန်များသလို အလေအလွင့်ဖြစ်ကုန်တာများတာမို့ သူတို့ ညီအစ်ကို ဖောက်သည်မယူရဲတော့ပေ။ စုထားသည့်ငွေလေးပါ ပြောင်သွားတာမို့ လုပ်အားကိုသာ အားကိုးရတော့မည်။ အရွယ်တွေထွားလာတာမို့ အချိန်သုံးဆယ်လောက်တော့ သူထမ်းနိုင်ပြီဖြစ်သည်။ လုပ်ရင်လုပ်သလောက်ရမှာမို့ ပျော်မိသည်။ သစ်သီးပွဲရုံတစ်ခုမှာလည်း အလုပ်ပြောထားသည်။ ရသည့်အလုပ် ချက်ချင်းဝင်ရမှာမို့ မစောင့်ချင်ပေ။

"ကိုကြီး ကျွန်တော်သွားပြီ"

"အေး ငါလည်း သွားထပ်ပြောရမယ်။ အရေးတကြီးလိုနေလို့ပါပြောရမယ်ကွာ။ လက်ထဲမှာ ငွေတစ်ပြားမှမရှိတော့ဘူး"

" ၄ "

ငုဝါနှင့်ပိတောက်က ရေမြောင်းထဲဆင်းကာ ကန်စွန်းရွက်တွေကို လောဘတကြီးခူးနေကြသည်။ အငယ်မ ခရေကတော့ အပေါ်မှာနေ၍ အစ်မတွေခူးတာကိုယူပေးကာ စောင့်ကြည့်ပေးနေသည်။ ကျောင်းကပြန်လာတိုင်း အိမ်ကိုတန်းမပြန်ပေ။ ကျောင်းဝတ်စုံတွေ ချွတ်ကာ ကန်စွန်းရွက်တွေခူးပြီး ဈေးထဲက ဟင်းရွက်သည် ဒေါ်လေးမြင့်နား ဖောက်သည်သွင်းသည်။ ရသည့်ပိုက်ဆံလေးတွေကို စုထားကြသည်။အစ်ကိုနှစ်ယောက် မရိပ်မိအောင်နေခဲ့သည်။ ခုတော့ တော်တော်လေး စုမိနေပြီဖြစ်သည်။

"မငုဝါ ပိတောက်တို့ ဟိုဖက်လမ်းထိပ် သွားဦးမယ်"

"တော်ပြီ ပိတောက်မိုးချုပ်တော့မယ်။ အမြန်ပြန်ရအောင်။ ကိုကြီးတို့သိရင် မလွယ်ဘူး"

ညီအစ်မနှစ်ယောက် မြောင်းထဲက တက်လာကာ ကန်စွန်းရွက်တွေကို ကြိုးတစ်ခုဖြင့်စုစည်းကာ ဈေးသို့အမြန်ပြေးလာကြသည်။ ဈေးထဲမှာဖောက်သည်သွင်းကာ ဈေးဘုံပိုင်မှာပဲ သန့်ရှင်းရေးလုပ်ကာ ဟန်မပျက် ပြန်လာခဲ့ကြသည်။ အစ်ကိုတွေမရောက်သေးတာမို့ စိတ်အေးသွားရသည်။ အရင်နှစ်ကတည်းက အချက်အပြုတ်တာဝန်ကို ငုဝါလုပ်ရတာမို့ ထမင်းချက်ဖို့ပြင်ဆင်ရသည်။ ပိတောက်နှင့်ခရေက ရေသွားဆွဲကြသည်။ ရပ်ကွက်ဘုံပိုင်တိုင်လေး ရှိလို့တော်သေးသည်။ ထမင်းကျက်သွားတော့ ကြက်ဥငါးလုံးပြုတ်ကာ ခရမ်းချဉ်သီးဖြင့်ချက်သည်။ ငပိရည်ကျိုကာ ကန်စွန်းရွက်ပြုတ်ထားလိုက်သည်။ ဆန်အိုးထဲမှာ ဆန်မရှိတော့တာမို့ကိုကြီးကိုပြောရတော့မည်။ အလုပ်အကိုင်မကောင်းလို့ ကိုကြီးနှင့်ကိုလတ် မျက်နှာမကောင်းတာသိသည်။ သိတတ်သည့်အရွယ်ရောက်ပြီမို့ ငုဝါပူပန်တတ်နေပြီဖြစ်သည်။ ကိုကြီးနှင့် ကိုလတ် ပင်ပန်းတာကိုသိသည်။ ကျောင်းစာကိုပဲ စိတ်ဝင်စားလို့ပြောပေမယ့် မပြေလည်သည့် အိမ်စားဝတ်နေရေးက သိသာလာပြီဖြစ်သည်။ ကိုကြီးကိုဆန်ဖိုးမပြောတော့ဘဲ သူတို့စုထားသည့်ပိုက်ဆံလေးဖြင့် ဝယ်ဖို့ ဆုံးဖြတ်လိုက်တော့သည်။

" ၅ "

"ဒီဆန်တွေက ဘယ်ကရတာလဲ ငုဝါ"

ထမင်းစားဖို့ ပြင်ဆင်နေတုန်း ကိုကြီး အော်သံကြောင့် ငုဝါတို့ ညီအစ်မတွေလန့်သွားကြသည်။ ခေါင်းတွေငုံ့ထားကြပြီး ခေါင်းမဖော်ရဲပေ။

"ငါမေးနေတယ်လေ"

"ဟို ဟို "

"မမေးနဲ့ ကိုကြီးရေ ဒီနေ့မှညီလည်း သိရတာ။ ဈေးထဲက စားသောက်ဆိုင်မှာ မီးသွေးသွားပို့ရင်း ဟင်းရွက်သည် ပြောမှသိရတာ။ ညီအစ်မ သုံးယောက် ကျောင်းကအပြန် မြောင်းထဲ ကန်စွန်းရွက်တွေခူးပြီး လာပို့နေတာကြာပြီတဲ့"

အလုပ်က ပြန်လာသည့် ကိုလတ်က အိမ်ပေါ်ရောက်ရောက်ချင်း ပြောချလိုက်တော့၏။

"ဘာ"

ငုဝါတို့သုံးယောက်သားလက်ကလေးတွေဆုတ်ကိုင်ကြကာ ငိုနေကြတော့သည်။ ဒေါသတကြီးအံ့သြစွာကြည့်နေသည့် ကိုကြီးနှင့်ကိုလတ် အကြည့်ကိုရင်မဆိုင်ရဲပေ။ ညီမတွေအပေါ် အနစ်နာခံပေးဆပ်လွန်းသည့် ကိုကြီးကတော့ မျက်ရည်တွေစီးကျနေရှာသည်။ ဒေါသအလွန်နည်းပြီး အေးအေးနေတတ်သည့် ကိုကြီးငိုလေတော့ မောင်နှမအားလုံး ငိုပွဲဆင်ကြလေပြီ။

"ဘာလို့ ဒီလိုတွေလုပ်ရတာလဲ ညီမတို့ရယ်"၊ "ကိုကြီးတို့ကို တစ်ဖက်တစ်လမ်းက ကူညီချင်လို့ပါ။ ကိုကြီးတို့ပင်ပန်းတာ ငုဝါတို့သိပါတယ် ကိုကြီးရယ်။ ကိုကြီးတို့ ပေးတဲ့ မုန့်ဖိုးကိုလည်း မသုံးဘဲစုထားကြတာ။ ဆန်ကုန်နေလို့ လိုအပ်လို့ဝယ်လိုက်တာပါ"

မျက်ရည်တွေစီးကျကာ အတာဦးတစ်ယောက် ညီအစ်မသုံးယောက်ကို တင်းတင်းကြပ်ကြပ် ဖက်ထားမိသည်။ ကိုလတ်လည်း ထိုင်ရာမှထလာကာ အနောက်ဘက်မှ ဖက်ထားလိုက်သည်။

"ကျေးဇူးပါ ညီမလေးတို့ရယ်။ နောက်တစ်ခါမလုပ်ရဘူးနော်"

"အင်းပါကိုကြီးရယ် အိမ်လခလည်း ညီမလေးတို့နားကပေးလိုက်နော်"

"အင်းပါဗျာ"

"လိမ္မာလိုက်တဲ့ ငါ့ညီမတွေ"

"ခရေတို့က အမြဲတမ်း လိမ္မာမှာပါ ကိုကြီးတို့ရယ်"

"ကိုကြီးတို့ အလုပ်ကြိုးစားမှာပါ။ ညီမလေးတို့က စာကြိုးစားကြနော်။ မဟုတ်တာတွေ ဘာမှမလုပ်ပါနဲ့တော့။ ကိုကြီးတို့အမောပြေအောင် ပညာတတ်ကြီးတွေဖြစ်ရင် ကျေနပ်ပါပြီ"

အလုပ်က နောက်လေးငါးရက်မှ ရမည်မို့ သူစိတ်ညစ်နေတာ အမှန်ပင်။ လိုအပ်ချိန်မှာ အလိုက်သိလေတော့ ရင်ထဲမှာပီတိဖြစ်ကာ ဝမ်းနည်းရသည်။ ဧပြီနွေဦးသည် အတာတန်ခူးလဖြစ်သည်။ အတာတန်ခူးကို အလှဆင်ကူညီဖို့ နွေပန်းတို့က အပြိုင်အဆိုင်ထွက်ပေါ်လာကြပြီ။ ငုဝါ၊ ပိတောက်၊ ခရေတို့က အတာတန်ခူးကို အလှဆင်ဖို့ ကာရံညီစေဖို့ သဘာဝတရားကြီးက အချိန်တိုင်း ဖန်ဆင်းနေမည်မဟုတ်ပါလား။

" ၆ "

"ဟဲ့ ပန်းငုဝါက ဆယ်တန်းနှစ်ချင်း ပေါက်အောင်ပြီး ပညာရေးကောလိပ် တက်နေတယ်တဲ့"

"အံမယ် ရွှေပိတောက်ကလည်း ကွန်ပျူတာ တက္ကသိုလ်တက်နေတာပါနော်"

"အငယ်မ ပွင့်ခရေက ဆယ်တန်းဟဲ့"

"သူ့အစ်ကိုတွေတော့ ပြုံးပျော်နေကြမှာပေ့ါ"

"အမှန်ပဲ ဒေါ်ညိုရေ မောင်နှမတွေ တော်ပဲ့တော်"

အတာဦးတစ်ယောက် ပတ်ဝန်းကျင် ချီးမွမ်းစကားတွေကြောင့် ပျော်နေမိသည်။ ရင်တွင်းဆန္ဒကလည်း ညီမသုံးယောက်လုံးကို ပညာတတ်ကြီးဖြစ်စေချင်သည်။ သူတို့ဘဝတွေ အနာဂတ်တွေတောက်ပစေချင်သည်။ ကိုလတ်လည်း သူ့အတိုင်းဖြစ်ပေလိမ့်မည်။ ဆယ်တန်းအောင်ကတည်းက ညစာပြသည့် အလုပ်တွေလုပ်ရင်း ဝင်ငွေရှာကြသည်။ ညီမဖြစ်သူခရေကိုလည်း ညပိုင်းစာပြပေးသေးသည်။ တက္ကသိုလ်ကျောင်းကို ကိုယ့်ဝင်ငွေဖြင့် တက်ကြသလို အိမ်အတွက်လည်း လိုအပ်တာ အားဖြည့်ကြသည်။ လေးငါးခြောက်နှစ်အတွင်းမှာ အိမ်ခန်းငှားလေးကိုစွန့်၍ အသင့်အတင့်သော ခြံလေးငှားနိုင်ခဲ့သည်။ ကုန်ထမ်းအလုပ်ကို ရေရှည်မလုပ်စေချင်၍ ထွက်ခိုင်းသည်။ အရောင်းအဝယ်လုပ်ရန် တိုက်တွန်းတော့ သူတို့ညီအစ်ကိုနှစ်ယောက် သစ်သီးပွဲရုံက အသီးအနှံတွေ ဖောက်သည်ယူကာ ဈေးထဲမှာ ဆိုင်ခန်းလေးဖြင့် အခြေချရရောင်းနိုင်ခဲ့သည်။ ကုန်ထမ်းအလုပ်မှရသမျှကို ချွေတာစုခဲ့သလို ညီအစ်မနှစ်ယောက်ကလည်းစုဆောင်းထားတာလေးတွေပါ သူ့ကိုအပ်ကြသည်။

ပုံမှန်လေးရောင်းနေရတော့ သူတို့အတွက်အဆင်ပြေသည်။ ဒါတောင် ညီမတွေမသိအောင် သစ်သီးပွဲရုံမှာ ကုန်အဝင်များပါက အချိန်ပိုင်းသွားလုပ်ပြီး ပိုက်ဆံရှာနေသေးသည်။ ပို၍ အဆင်ပြေအောင် ကြိုးစားရမည်။ အတာတန်ခူးမှာ ငုပိတောက်ခရေတို့က အားမာန်အပြည့်ဖြင့် အလှဆင်နေပြီ မဟုတ်ပါလား။ ။

ဆောင်းပါး

# အနာဂတ်ကို တံဆိပ်ခတ်နိုင်ကြမည့် လူငယ်များသို့ ပေးစာ

■ မင်းသူရိန်(သာကီနွယ်)

လူငယ်များသည် အနာဂတ်၏ တန်ဖိုးထားရသော ရတနာများပင်ဖြစ်သည်။ အနာဂတ်မှာ မိမိတို့၏ ကြိုးစားအားထုတ်မှုကို ပြသရန်အတွက် လက်ရှိတွင် သက်လုံကောင်းဖို့ လိုအပ်ပါသည်။ သက်လုံဆိုသည်မှာ ပြည့်ဝသော ကြိုးစားအားထုတ်မှုကို တင်စားခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ လူငယ်များသည် အောင်မြင်မှုနှင့် အနီးစပ်ဆုံးရှိနေသော ပုဂ္ဂိုလ်များဆိုလျှင်လည်း မှားလိမ့်မည်မဟုတ်ပါ။ အောင်မြင်မှုနှင့် နီးစပ်ရန် လွယ်ကူသလို ကျရှုံးခြင်းနှင့် ကြုံတွေ့ရန်လည်း ဝေးလှသည်မဟုတ်ပေ။ ထို့ကြောင့် မိမိ၏ ကြိုးစားအားထုတ်မှုသည် မိမိ၏ အနိုင်အရှုံးကို အဆုံးအဖြတ်ပေးမည့် အရေးကြီးသော နေရာတစ်ခုတွင် ပါဝင်နေသည်။

ယနေ့ခေတ်တွင် အားကောင်းမောင်းသန်ဖြင့် ထိုးဖောက်နေသော လူငယ်ပုံရိပ် အများအပြား မြင်တွေ့ရသည်မှာ အားရစရာပင်။ သို့သော် အတွေးအခေါ်နှင့် လုပ်ရည်ကိုင်ရည် တိုးတက်မြင့်မားရန်ကား လိုအပ်ပေ၏။ ထို့ပြင် သဟဇာတကျကျနှင့် လူမှုဆက်ဆံရေးပြေပြစ်ရန်လည်း ယခုခေတ် အနေအထားတွင် များစွာလေ့လာသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ခေတ် တစ်နိုင်တစ်ပိုင်စီးပွားရေး ချဲ့ထွင်လာကြသည့် လူငယ်များသည် လူမှုဆက်ဆံရေးပညာကိုအသုံးချကာ လုပ်ငန်းအောင်မြင်အောင် အပြိုင်အဆိုင်ကြိုးစားနေသောကာလဆိုလျှင် မမှားချေ။ ဥပမာ လူမှုကွန်ရက်မီဒီယာတွင် live လွှင့်ကာ မိမိတို့ ရောင်းချလိုသောပစ္စည်းများကို လူအများ စိတ်ပါဝင်စားလာအောင် ပြုလုပ်လာကြသည်။ ဝယ်ယူအားပေးမည့် ပရိသတ်များ၏ မေးမြန်းစုံစမ်းမှုများကို စိတ်ရှည်ချိုသာစွာ ဂဃနဏရှင်းလင်းပြောကြားလျက် ရောင်းချနေသည်မှာ လူမှုဆက်ဆံရေးပညာကို အသုံးချနေခြင်းပင် ဖြစ်ပေသည်။ ခေတ်စနစ်၏ စီးပွားရေးရေစီးကြောင်းအတိုင်း စီးမျောဖော်ဆောင်တတ်သော လူငယ်တို့၏ စိတ်ကူးကို ချီးကျူးမှုမပြုဘဲ မနေနိုင်လောက်အောင်ပင်ဖြစ်သည်။ အနာဂတ်အတွက် ခိုင်မာသောစီးပွားရေးအမြင်ဟုဆိုလျှင်လည်းမမှားပေ။

လူငယ်လူရွယ်အများစုသည် ယခုအခါ လူမှုကဏ္ဍအသီးသီးတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားနေလျက်ရှိပေသည်။ အောင်မြင်နေသည့် လူငယ်များရှိသလို ကျရှုံးမှုအခက်အခဲများစွာကို ရင်ဆိုင်ကျော်ဖြတ်နေကြသောလူငယ်များလည်း အမြောက်အမြားပင်ဖြစ်ပေသည်။ သို့သော် အောင်မြင်မှုအတိုင်းအတာတစ်ခုကို ရောက်နေသည်ဖြစ်စေ၊ မရောက်သည့်အခြေအနေပင်ဖြစ်စေ လူမှုပေါင်းသင်းဆက်ဆံရေးတွင် ဘာသာတရားနှင့် ရိုးရာဓလေ့ထုံးထမ်းစဉ်လာ ယဉ်ကျေးမှုကောင်းများကို လက်ကိုင်ကျင့်သုံးပါမည်ဆိုပါက ၎င်းလူငယ်သည် အနိမ့်ဆုံးအနေအထားတစ်ခုကို ကျော်လွှားနိုင်မည်ဟု ထင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် “ကြီးသူကိုရိုသေ၊ ရွယ်သူကိုလေးစား၊ ငယ်သူကို သနား” ဟူသော လူကြီးသူမများ၏ စကားများအရ အချင်းချင်း အထက်အောက် မေတ္တာတရားဖြင့် ညှာတာထောက်ထားမှုကို အစဉ်ထာဝရကျင့်သုံးသော လူ့ဘောင်အဖွဲ့အစည်းကို ယခုခေတ်လူငယ်များ အလေးထားဆောင်ရွက်သင့်သည် မဟုတ်ပါလော။ သို့မှသာ တစ်ဦးအပေါ်တစ်ဦး လေးစားယုံကြည်လျက် မေတ္တာရောင်ပြန်ဟပ်မှုက ငြိမ်းချမ်းသာယာလာပေလိမ့်မည်။

တိုးတက်ခေတ်မီလာသော ကမ္ဘာကြီးတွင် လေ့လာသင်ယူစရာများက လိုက်မမီနိုင်လောက်အောင်ပင်ဖြစ်သည်။ အစဉ်အမြဲ နိုးကြားတက်ကြွနေမှသာ မိမိလိုရာခရီးကို လျှောက်လှမ်းနိုင်မည်ဖြစ်ပေသည်။ လူငယ်များကို လမ်းကြောင်းသွေဖည်စေသော အရာများတွင် အရေးကြီးဆုံး သတိထားရမည့် အရာမှာ ပျင်းရိခြင်းနှင့် အပေါင်းအသင်းမှားခြင်းတို့ဖြစ်ပါသည်။ ပျင်းရိနေပါက မိမိ၏ အောင်မြင်မှုကိုနှေးကွေးစေနိုင်သလို တစ်ခါတစ်ရံ လတ်တလော အောင်မြင်မှုကိုပါ ပျောက်ကွယ်သွားစေနိုင်သည်။ မပျင်းမရိ မှန်မှန်ကန်ကန် ကြိုးစားမှသာလျှင် မိမိမျှော်မှန်းထားသော အနာဂတ်ကို လက်ဝယ်ပိုင်နိုင်မည်ဖြစ်သည်။ သို့ရာတွင် မပျင်းရိဘူးဆိုသော်လည်း အပေါင်းအသင်းများ၏ လှုံ့ဆော်မှုကြောင့် မိမိရဲ့ အောင်မြင်မှုကို မျက်ကွယ်ပြုလိုက်ရတာမျိုးလည်း ရှိတတ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ မိမိ၏ ယုံကြည်မှုကို မိမိစိတ်ဖြင့်သာ အကောင်းအဆိုးခွဲ၍ လေ့လာအားထုတ်သင့်ပါသည်။ အဆိုးအကောင်း၊ အကျိုးအကြောင်းကိုလည်း စဉ်းစားဝေဖန်သုံးသပ်သင့်ပါသည်။ မိမိထက် နားလည်တတ်ကျွမ်းသော ပုဂ္ဂိုလ်များထံတွင် သိလိုသည့်အချက်အလက်များကို မေးမြန်းစုဆောင်းသင့်ပေသည်။ လူငယ်တိုင်း လူငယ်တိုင်းသည် စိတ်မြန်လက်မြန် ဆန္ဒကိုချုပ်တည်း၍ သည်းခံစိတ်ထားမွေးမြူတတ်သော အလေ့အကျင့်ကောင်းတစ်ရပ်ကို ပြုလုပ်ထားသင့်ပေသည်။

ထို့နောက် တိကျခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ကြိုးစားမှသာလျှင် အောင်မြင်မှုများ သက်ရောက်လာနိုင်မည်ဖြစ်သည်။ ကြိုးစားပိုင်ခွင့် အပြည့်အဝရရှိထားသော လူငယ်ဘဝတွင် အမှန်အမှားကိုဆင်ခြင်၍ ဖော်ဆောင်သွားစေချင်သည်။ တန်ဖိုးကြီးသော အောင်မြင်မှုများသည် လွယ်လင့်တကူရရှိခြင်းမျိုး မဟုတ်ပေ။ လူငယ်တိုင်းသည် အနာဂတ်အတွက် ဦးဆောင်သူများဟု မိမိကိုယ်ကို မှတ်ယူကာ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အရင်းတည်၍ ရလဒ်ကောင်းများ ဖြစ်လာအောင် အစွမ်းကုန် ဖော်ဆောင်ကြမှသာ တော်ကာကျပေလိမ့်မည်။ လုံလောက်သောပေးဆပ်ရင်းနှီးမှုဖြင့် သေသပ်လှပသော အောင်မြင်မှုကို လက်လှမ်းယူနိုင်ဖို့ လူငယ်များအားလုံးတွင် အခွင့်အရေးရှိပါသည်။ နိုးကြားတက်ကြွသောစိတ်ဓာတ်ဖြင့် အမြဲတမ်းကြိုးစားရှာဖွေနေရန်လည်း လိုအပ်ပါသည်။ အောင်မြင်မှုကို တိုင်းတာသည့်အရာမှာ ဆင်းရဲခြင်း၊ ချမ်းသာခြင်းမဟုတ်ပါ။ မိမိတတ်ထားသော ပညာဖြင့် ကောင်းမွန်စွာရပ်တည်ပြီး လောကကို မည်မျှအကျိုးပြုနိုင်သလဲဆိုတာကို တိုင်းတာခြင်းသာဖြစ်ပါသည်။

ကြိုးစားအားထုတ်မှုဆိုသောအရာသည် လက်ရှိဘဝနှင့် တိုက်ရိုက်အချိုးကျနေသည်။ ကြိုးစားအားထုတ်မှုမရှိပါက အောင်မြင်မှုသည် အရိပ်အယောင်မျှပင် ထိတွေ့လိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ စေတနာထားပြီး အနာဂတ်ကိုကြိုတွေး၍ ကြိုးပမ်းလုပ်ကိုင်သွားသင့်ပါသည်။ ယခု အောင်မြင်နေသော မည်သူမဆို လူငယ်ဘဝ ဖြတ်သန်းမှုကြီးကို မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ခဲ့ရသူများဖြစ်သည်။

အလွန်အမင်းလောဘကြီး၍ ကြိုးစားရမည်ဟု မဆိုလိုပါ။ သင့်တင့်လျောက်ပတ်သော ကြိုးစားအားထုတ်မှုဖြင့် မိမိ၏ဂုဏ်ကို မြှင့်တင်ရန်သာ လိုအပ်ပါသည်။ ထို့ကြောင့် အောင်မြင်တောက်ပသော အနာဂတ်ဘဝများ လင်းလက်စေရန် လူငယ်များတွင် တာဝန်ရှိပါသည်။ သို့ဖြစ်ပါ၍ လူငယ်မောင်မယ်များအားလုံး တက်ကြွသောစိတ်ဓာတ်များဖြင့် ခေတ်မီတိုးတက်သော အသိပညာ၊ အတတ်ပညာများ လေ့လာဆည်းပူးပြီး အနာဂတ်ကို လှပစွာ ထုဆစ်နိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။

## ဘက်စုံတော်ချင် ပညာသင်

❖ ဘက်စုံတော် စွမ်းရည်ပြ
ကြိုးစားကြတဲ့ တို့မောင်မယ်။
ဇွဲကိုယ်စီ လုံ့လထားလို့
နိုးကြားတင့်တယ်။
အနာဂတ် လှဖို့ရယ်
တို့လူငယ် ဂုဏ်သတင်း။
နိုင်ငံ့ဂုဏ် စည်သာဖြိုးလို့
တိုးပွားစေမင်း။

❖ ပညာသည် အမှောင်ခွင်းလို့
အလင်းများ ရရှိရန်။
ငယ်ရွယ်စဉ် ဉာဏ်ရည်ထက်ဖို့
ဘဝတွက်အမှန်။
ပြည့်ဝတဲ့ ဗလငါးတန်
တုပကေန် ပြုပြင်ပေး။
နောင်ချိန်မှာ တိုင်းပြည်အကျိုးမို့
သယ်ပိုးမယ်လေး။

❖ စိတ်ဓာတ်ကို ဖြူစင်မွေးစေဖို့
မြင့်မြင့်တွေး ကျင့်ကြံပါ။
ဘက်စုံတော် ဉာဏ်စွမ်းပြုလို့
ရှေးရှုရမှာ။
ကောင်းခြင်းထပ် မွန်မြတ်စွာ
စံပြကာ ဂုဏ်ရောင်လွှမ်း။
ပန်းတိုင်ဆီ ရှေ့ဆက်လျှောက်ဖို့
ထွန်းတောက်ရှင်လန်း။ ။

ကလေးလေး (ဟသ်ာတ )

## စာပေကိုချစ် နှံ့မနစ်

❖ ဖတ်ရှုလို့ လေ့လာပါ
စာပေသည် အလင်းတံခါး။
ကိုယ်ပိုင်ဉာဏ် တိုးတက်ဖို့
ရှေ့ဆက်ကြိုးစား။

❖ စာပေသည် လူ့ဘဝ
ကျော်ဖြတ်ရ အချိန်တွင်
လမ်းပြကြယ်စင်။
ဒုက္ခနှင့် တွေ့ကြုံလျှင်
အမြဲပင် အနိုင်ရ။
စာဖတ်သူ အသိတိုးလို့
တန်ဖိုးကြီးလှ။

❖ စာပေသည် အမှောင်ခွင်း
အလင်းရလို့ အမြင်ကျယ်။
လောကဓံ စိန်ခေါ်မှု
အန်တုနိုင်တယ်။
လူသားတို့ ဘဝမယ်
နေ့စဉ်ကွယ် စာဖတ်ပေး။
ထိပ်ဆုံးကို သေချာပေါက်
ရောက်ရမယ်လေး။ ။

မောင်လူစိုး

## သတိပြုကာကွယ် အပူဒဏ်အန္တရာယ်

❖ နွေဦးရာသီ ရောက်ချိန်ခါ
သတိပြုကာကွယ်ပါ
အပူချိန်ဟာ လွန်မြင့်မား
အသက်ဘေး အန္တရာယ်များ... ။

❖ ဟိုနားဒီနား သွားမယ်ဆို
သတိပြုစေလို
အရိပ်နားခို ထီးကိုဆောင်း
ကာကွယ်ကြစေကြောင်း... ။

❖ မြစ်ကမ်းချောင်းဖျား ရေထဲတွင်
ရေချိုးခြင်း ရှောင်ကြဉ်
နေ့လယ်ကောင်တွင် အလုပ်ကြမ်း
ချွေးထွက်လွန် မောပန်း... ။

❖ အရောင်ဖျော့နွမ်း အဝတ်စားတွေ
ဝတ်ဆင်ကြပါလေ
ချွေးထွက်လွန်ပေ သတိထား
လျှင်မြန်သောက် ဓာတ်ဆား... ။

❖ ရေများများသောက် ပူငြိမ်းအောင်
ရေခဲရေကို ရှောင်
လိုက်နာဆောင်ရန် ညွှန်ကြားချက်
ဂရုစိုက် မှတ်သားအပ် ... ။

❖ အသက်ရှူကြပ် မူးဝေလျှင်
ဆေးရုံသွားစေချင်
စုပေါင်းလို့ပင် လိုက်နာလို့
အပူဒဏ် ကာကွယ်စို့ ... ... ... ။

ဇင်မင်းစိုး (ဗိုလ်ကလေး)

## မြတ်စာပေ

❖ အသိပညာ တိုးတက်ရေး
စာဖတ်ပေး နေ့စဉ်ကွယ်။
အလိမ္မာ စာမှာရှိလို့
အသိဉာဏ်ကြွယ်။
ဗဟုသုတ စုံလင်တယ်
စာပေရယ် လမ်းပြထား။
ကောင်းရာကို တွေးကြံဆလို့
ဘဝခွန်အား။

❖ စာဖတ်သူ နှလုံးသား
အမုန်းမပွား ထာဝစဉ်။
အတ္တမာန် ပယ်ကာသတ်
စိတ်ဓာတ်ဖြူစင်။
စာပေဖတ်လို့ အလှဆင်
အောင်မြင်ရန် ဘယ်မလွဲ။
ပန်းတိုင်ဆီ မနေမနား
ကြိုးစားအမြဲ။

❖ တွေ့ကြုံလာ အခက်အခဲကို
ဇွဲလုံ့လနှင့် ဖြတ်ကျော်လေ။
စာဖတ်လျှင် အချိန်မနှောင်း
ကောင်းခြင်းအမွေ။
လူသားတို့ ချစ်မိတ်ဆွေ
သိဉာဏ်တိုးပေ ဘဝလမ်း။
လောကအလယ် ဂုဏ်ရောင်လင်းလို့
သင်းထုံလန်းဆန်း။

မင်းဝေအောင်(ရဲကျွန်း)

# ထိခိုက်ဆုံးရှုံးမှုများလျှော့ချဖို့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်စို့

မောင်သောင်းဝင်း(တမန်ဟောင်း)

၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း၌ မီးလောင်မှုအကြိမ် ၁၇၀၀ နီးပါးဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် ငွေကျပ်သန်းပေါင်း ၃၅ ဘီလီယံကျော် ဆုံးရှုံးခဲ့ကြောင်း၊ သေဆုံးသူ ၇၇ ဦးနှင့် ဒဏ်ရာရရှိသူ ၁၉၃ ဦး ရှိခဲ့ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကထုတ်ပြန်ထားရှိသည်။ မီးလောင်မှုဖြစ်စဉ်အများဆုံးအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ၂၃၂ ကြိမ်၊ ဒုတိယအများဆုံးအနေဖြင့် ရှမ်းပြည်နယ်တွင် ၁၈၃ ကြိမ်နှင့် တတိယအများဆုံးအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် ၁၇၅ ကြိမ် ဖြစ်ပွားခဲ့သည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ်အတွင်းရှိ ဈေးများတွင် မီးဘေးအန္တရာယ်ကင်းဝေးစေရေး မီးသတ်ဦးစီးဌာနက လက်တွေ့မီးငြိမ်းသတ် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်စဉ်။

**အသိပညာပေး**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန အနေဖြင့် နိုင်ငံတော်အတွင်း မီးလောင်မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတစ်ဝန်း အရှိန်အဟုန်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၂၉ ရက်နေ့အထိ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ် ၁၂၅ မြို့နယ်မှ အိမ်ခြေ ၃၄၀၀၀ တွင် နေထိုင်လျက်ရှိသည့် ပြည်သူ ၁၂၀၀၀၀ ကျော်အား မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဆောင်ရွက်ခဲ့သည်။ ထိုသို့ လုပ်ဆောင်ရာတွင် မီးသတိမူရေးဆိုင်ရာနှိုးဆော်ခြင်း၊ မီးဘေးလုံခြုံရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ပညာပေးခြင်းများ လုပ်ဆောင်ခဲ့သည်။

**ရန်သူလား မိတ်ဆွေလား**

မီးသည် နွေ၊ မိုး၊ ဆောင်း အချိန်မရွေး၊ နေရာမရွေး လောင်တတ်သဖြင့် ထိုမီးဘေးအန္တရာယ်ကို လူတိုင်းအထူးဂရုပြုသင့်သည်။ မီးဘေးအန္တရာယ်ကြောင့် တန်ဖိုးရှိသည့် လူ့အသက်များစွာ ဆုံးရှုံးခဲ့ရသည်။ "မီး" သည် သုံးတတ်လျှင် "မိတ်ဆွေ" ဖြစ်သော်လည်း မသုံးတတ်သူများအတွက်မူ "ရန်သူ" ထက်ပင် အန္တရာယ်ကြီးမားနေမည် ဖြစ်သည်။ "လူခိုးလျှင် အစုတ်ကျန်၊ မီးခိုးလျှင် အပြုတ်နံ့" ဆိုသောစကားများကလည်း မီးဘေးအန္တရာယ်ကို ကြိုတင်သတိပေးနေခြင်းပင်ဖြစ်သည်။

**ကြိုတင်ပြင်ဆင်ထားသင့်**

မြန်မာနိုင်ငံတွင် မိုးအကုန် ဆောင်းအကူးအချိန်တွင် ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ် မကြာခဏ ကြုံတွေ့ရသည်။ အစိုဓာတ်ခန်းခြောက်သည့်အချိန်တွင် နိုင်ငံတစ်ဝန်း ကြုံတွေ့ရတတ်သည့် သဘာဝဘေးတစ်ခုသည် မီးဘေးအန္တရာယ်ပင်ဖြစ်သည်။ တောမီးလောင်ခြင်းများ အပါအဝင် ကျေးရွာကြီးများ၊ လူနေထူထပ်သော မြို့ကြီးများတွင် အကြောင်းအမျိုးမျိုးကြောင့် မီးလောင်မှုများ ကြုံတွေ့ရတတ်သည်။ မီးလောင်မှုအများဆုံးသည် ပေါ့ဆမှုကြောင့်ဖြစ်သည်။ ထို့ကြောင့် နွေရာသီတွင် မီးဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရမည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်၏ပေါ့ဆမှုကြောင့် မကြာခဏကြုံတွေ့ရသည်။ အထူးသဖြင့် ပူပြင်းခြောက်သွေ့သော နွေရာသီတွင် ဆုံးရှုံးမှုများစွာဖြစ်ပေါ်စေသည့် မီးလောင်မှုများကို ပြည်သူတိုင်း "မီးအသိ၊ မီးသတိ" ရှိနေရန် လိုအပ်သည်။ ရုံး၊ ဌာန၊ ကုမ္ပဏီများ၊ နေအိမ်၊ အဆောက်အအုံများတွင် မီးသတ်ဆေးဘူးများ၊ ရေ၊ သဲ၊ မီးချိတ်၊ မီးကပ် စသည့် မီးငြိမ်းသတ်ရေး အထောက်အကူပစ္စည်းများကို လုံလောက်စွာထားရှိရန် လိုအပ်သည်။

မီးသတ်ဆေးဘူးများကို နှစ်စဉ် ဆေးဖြည့်ထားရန် လိုအပ်သည်။ ဝန်ထမ်းအားလုံးကိုလည်း မီးသတ်ဆေးဘူး ကိုင်တွယ်နည်းသင်တန်းများ ပို့ချထားသင့်သည်။ တချို့သော ရုံး၊ ဌာနများသည် မီးသတ်ပစ္စည်းများကို ဟန်ပြသက်သက်လောက်သာ ထားရှိကြသဖြင့် မီးဘေးအန္တရာယ် ကြုံတွေ့ရသည့်အချိန်တွင် ထိုပစ္စည်းများကို ထိရောက်စွာ ကိုင်တွယ်အသုံးမပြုနိုင်ကြတော့ပေ။

ရပ်ကွက်၊ ကျေးရွာများတွင်လည်း အိမ်တိုင်းရေအိတ်၊ သဲအိတ်၊ မီးချိတ်၊ မီးကပ်၊ လှေကား စသည့် မီးငြိမ်းသတ်ရေး အထောက်အကူပစ္စည်းများကို လုံလောက်စွာထားရမည်။ တတ်နိုင်ပါက ရပ်ကွက်လမ်းဆုံများတွင် အရန်ရေကန်ကြီးများ တည်ဆောက်ကာ ရေအပြည့်ဖြည့်ထားရမည်။ ထို့ပြင် အိမ်တိုင်းတွင် သဲများ စုပုံထားရမည်။ သစ်တော၊ သစ်ပင်များနှင့်နီးသော ရုံးများ၊ စက်ရုံများနှင့် လူနေအိမ်များ၊ အဆောက်အအုံများ၏ပတ်ပတ်လည်တွင် မီးတားလမ်းများ ကြိုတင်ရှင်းလင်းထားရမည်။ ထို့ပြင် ကျေးလက်ဒေသများတွင်လည်း ထမင်း၊ ဟင်းချက်ရန်အတွက် မီးကျင်းများကို ခပ်နက်နက်တူးထားရန် လိုအပ်ပါသည်။ အထူးသဖြင့် ထမင်း၊ ဟင်းကို သတ်မှတ်ချိန်တွင်သာ ချက်ပြုတ်စေပြီး မီးကြွင်းမီးကျန်များကိုလည်း စနစ်တကျ စစ်ဆေးရမည်။

**ဇာတ်တိုက်လေ့ကျင့်**

မီးလောင်မှုဖြစ်စဉ်ကြုံတွေ့ချိန်မှသာ ဖြစ်သလို မီးငြိမ်းသတ်သည်ထက် မီးငြိမ်းသတ်နည်းများကို ရပ်ကွက်၊ ကျေးရွာအလိုက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ထားရမည်။ မီးလောင်မှုဖြစ်ပွားချိန်တွင် မီးသတ်ကားများ ဝင်၊ ထွက်နိုင်အောင်လမ်းများ ရှင်းလင်းခြင်း၊ ရောဂါသည်များ၊ သက်ကြီးရွယ်အိုဘိုးဘွားများနှင့် ကလေးများကို ဦးစားပေး ကယ်ဆယ်ရေးအတွက် စနစ်တကျ ဇာတ်တိုက်ထားမှသာ မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်မည် ဖြစ်သည်။ ထို့ပြင် ရပ်ကွက်၊ ကျေးရွာအလိုက်လည်း အရန်မီးသတ်တပ်ဖွဲ့များ စနစ်တကျ ဖွဲ့စည်းထားသကဲ့သို့ ရပ်ကွက်မီးကင်းတဲများသည် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အပြင် ရပ်ကွက်လုံခြုံရေးကိုလည်း များစွာအထောက်အကူပြုပါသည်။

**လမ်းများချဲ့ထားရန်လို**

တချို့သော ရပ်ကွက်၊ ကျေးရွာများတွင် လမ်းများကို စနစ်တကျဖောက်လုပ်ထားလေ့မရှိပေ။ လမ်းပေါ်အထိ နယ်မြေချဲ့ကာ အိမ်များအဖီဆွဲခြင်း၊ ဈေးဆိုင်များဆောက်ခြင်း၊ ခြံဝင်းခတ်ထားခြင်းများ လုပ်ထားလေ့ရှိကြသည်။ ထိုရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးအန္တရာယ်ကြုံတွေ့ရသည့်အခါ မီးသတ်ကားများ၊ ကယ်ဆယ်ရေးယာဉ်များ အချိန်မီဝင်ရောက်နိုင်ခြင်းမရှိသည့်အခါ တစ်ရပ်ကွက်လုံး၊ တစ်ရွာလုံး မီးလောင်ဆုံးရှုံးမှု ပိုမိုများပြားသွားနိုင်သည်။ ထို့ပြင် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များကိုလည်း အချိန်မီကယ်တင်နိုင်ခြင်းမရှိသည့်အတွက် အသက်များဆုံးရှုံးကြရသည်။

ထို့ပြင် တချို့သောရပ်ကွက်များရှိ လမ်းများသည်လည်း လွန်စွာကျဉ်းမြောင်းသောကြောင့် မီးလောင်ရာနေရာသို့ မီးသတ်ကားများ အချိန်မီဝင်ရောက်နိုင်ခြင်းမရှိကြချေ။ ထို့ကြောင့် ရွာအဝင်လမ်းများ၊ ရပ်ကွက်လမ်းများကို မီးသတ်ကားများ ဝင်၊ ထွက် သွားလာနိုင်သည်အထိ ချဲ့ထားရပေမည်။

**လျှပ်စစ်ပစ္စည်းများကိုစစ်ဆေးရန်လို**

နွေရာသီရောက်ရှိချိန်တွင် လျှပ်စစ်မီးရရှိသည့် ဒေသများ၌ ငွေကြေးတတ်နိုင်သူများသည် အပူဒဏ်ကို အန်တုရန်အတွက် အဲကွန်း၊ ပန်ကာ၊ ရေခဲသေတ္တာများကို အချိန်ပြည့်သုံးစွဲလာကြသည်။ ထိုသို့လျှပ်စစ်မီးကို လွန်ကဲစွာအသုံးပြုပါက ဝိုင်ယာကြိုးများ ခံနိုင်ရည်မရှိသဖြင့် အရည်ပျော်ပြီး ရှော့ခ်ဖြစ်တတ်ပါသည်။ နှစ်စဉ် ဝိုင်ယာရှော့ခ်မှတစ်ဆင့် မီးလောင်ကျွမ်းမှုကြောင့် လူပေါင်းမြောက်မြားစွာ အိုးမဲ့အိမ်မဲ့ဖြစ်ပေါ်လျက်ရှိသည်။ ထို့ပြင် ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည်လည်း လွန်စွာပင် များပြားလျက်ရှိသည်။

ထို့ကြောင့် နွေရာသီတွင် လျှပ်စစ်ဝိုင်ယာကြိုးများ၊ မီးပလပ်များ၊ ခလုတ်များ၊ ဖြူးစ်များ၊ ဘရိတ်ကာများ စသည့် လျှပ်စစ်အထောက်အကူပြုပစ္စည်းများကို ကျွမ်းကျင်သူများနှင့် စစ်ဆေးပြီး လိုအပ်ပါက အသစ်လဲလှယ်ရပါမည်။ ငွေကုန်မည်ကို နှမြောပြီး လျှပ်စစ်ပစ္စည်းဟောင်းများကိုသာ ဆက်လက်သုံးစွဲနေပါက ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားနိုင်ပါသည်။

ထို့ပြင် လုပ်ငန်းတာဝန်ဖြင့် အပြင်သို့သွားနေပါကလည်း လျှပ်စစ်မီးခလုတ်အားလုံးကို ပိတ်ထားသင့်ပါသည်။ တတ်နိုင်ပါက အဆောက်အအုံအတွင်းသို့ဝင်သည့် ဘရိတ်ကာကို ချထားခဲ့သင့်သည်။ အဝင်မီးခလုတ်အားလုံး ပိတ်ထားမည်ဆိုလျှင် လုံးဝစိတ်ချနိုင်ပြီ ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ လျှပ်စစ်မီးကို ပေါ့ပေါ့ဆဆမထားဘဲ သတိရှိရှိဖြင့် သုံးစွဲသွားရန်လိုအပ်ပေသည်။ မီးလောင်မှုဖြစ်ပွားခဲ့လျှင်လည်း ဆုံးရှုံးမှုနည်းအောင် ကြိုတင်စီမံထားရပါသည်။ အထူးသဖြင့် မီးသတ်တပ်ဖွဲ့ကို ချက်ချင်းအကြောင်းကြားရန်လိုသည်။

**မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်**

ဆိုရလျှင် မျက်မှောက်ကမ္ဘာကြီးတွင် အစွန်းရောက်ရာသီဥတုကြောင့် လူသားတို့သည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ် ပိုမိုကြုံတွေ့ခံစားနေကြရသည်။ ခပ်စိပ်စိပ် ဖြစ်ပေါ်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်များသည် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာတို့ကို ခြိမ်းခြောက်လာလျက်ရှိသည်။ နှစ်စဉ် မိုးကြီးခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေငလျင်လှုပ်ခတ်ခြင်း၊ ဆူနာမီလှိုင်းကြီးများ ရိုက်ခတ်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် သဘာဝဘေးအန္တရာယ်များအပြင် လူသားတို့၏ ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ်များကိုပါ ကြုံတွေ့ခံစားနေကြရသည်။ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးအနက် မီးဘေးအန္တရာယ်သည် ၇၀ ရာခိုင်နှုန်းခန့် ရှိနေသည်။

ဆိုရလျှင် နှစ်စဉ် နွေ၊ မိုး၊ ဆောင်း ရာသီဥတုသုံးမျိုးကို မဖြစ်မနေ ဖြတ်သန်းနေရမည် ဖြစ်သည်။ ပွင့်လင်းရာသီရောက်ရှိချိန်တွင် မီးဘေးအန္တရာယ်ကြုံတွေ့ရလေ့ရှိသည်။ ထို့ကြောင့် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ပါသည်။ အထူးသဖြင့် ရုံး၊ ဌာန၊ ကုမ္ပဏီများ၊ နေအိမ်၊ အဆောက်အအုံများတွင် မီးသတ်ဆေးဘူးများ၊ ရေ၊ သဲ၊ မီးချိတ်၊ မီးကပ် စသည့်မီးငြိမ်းသတ်ရေးအထောက်အကူပစ္စည်းများကို လုံလောက်စွာထားရှိရန် လိုပါသည်။ မီးသည် "သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူ" ဆိုသည့်စကားအတိုင်း မီးလောင်ခံရလျှင် ပိုင်ဆိုင်မှုအားလုံးကို အလုံးစုံဆုံးရှုံးရနိုင်သဖြင့် ထိခိုက်ဆုံးရှုံးမှုများလျှော့ချဖို့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်ကြရန် အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။

"မြန်မာနိုင်ငံတွင် မိုးအကုန် ဆောင်းအကူးအချိန်တွင် ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ် မကြာခဏ ကြုံတွေ့ရသည်။ အစိုဓာတ်ခန်းခြောက်သည့် အချိန်တွင် နိုင်ငံတစ်ဝန်း ကြုံတွေ့ရတတ်သည့် သဘာဝဘေးတစ်ခုသည် မီးဘေးအန္တရာယ်ပင်ဖြစ်သည်။ တောမီးလောင်ခြင်းများအပါအဝင် ကျေးရွာကြီးများ၊ လူနေထူထပ်သော မြို့ကြီးများတွင် အကြောင်းအမျိုးမျိုးကြောင့် မီးလောင်မှုများ ကြုံတွေ့ရတတ်သည်။ မီးလောင်မှုအများဆုံးသည် ပေါ့ဆမှုကြောင့်ဖြစ်သည်။ ထို့ကြောင့် နွေရာသီတွင် မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရမည်"



# မှော်ဘီသာသနာ့ဗိမာန်တော်ကြီး ဖွင့်လှစ်

မှော်ဘီ ဧပြီ ၂၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ မှော်ဘီသာသနာ့ဗိမာန်တော်ကြီး ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီး၊ မှော်ဘီမြို့နယ် တောင်ပိုင်းတိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်စိုးတင်လတ်၊ မှော်ဘီမြို့နယ် သာသနာ့ဗိမာန်တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြည်မြင့်၊ ဗိမာန်တော်ကြီး၏ မတည်အလှူရှင်များဖြစ်ကြသော ဒေါ်ရွှေယင်းမာ၊ ဦးထွန်းထွန်း၊ ဒေါ်လှယဉ်ဝင်း၊ ဦးဝင်းသောင်း၊ ဒေါ်ခင်မိုမိုလှိုင်၊ ဒေါ်နန္ဒာဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး အောင်ဇမ္ဗူတောရဓမ္မရိပ်သာ ဆရာတော်၊ ဇောဓိရိပ်ငြိမ်ဆရာတော်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့က စက်ခလုတ်နှိပ်၍ သာသနာ့ဗိမာန်တော်ကြီးအား ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဇောဓိရိပ်ငြိမ်ဆရာတော်ထံမှ ငါးပါးသီလဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် မြို့နယ်သာသနာ့ဗိမာန် အကျိုးတော်ဆောင် ဦးစီးကော်မတီနာယက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဝင်းစိုးတို့က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် အောင်ဇမ္ဗူတောရဓမ္မရိပ်သာ ဆရာတော်ထံမှ ဩဝါဒခံယူကာ လှူဒါန်းမှုအစုစုကို ရေစက်သွန်းချတရားနာယူခဲ့ပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

# ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆောင်ရွက်

ပဲခူး ဧပြီ ၂၇

ပဲခူးတိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက် MEVM (Myanmar Electronic Voting Machine– MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဧပြီ ၂၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကောလိယခန်းမ၌ ကျင်းပသည်။

ထို့နောက် ဒိုက်ဦးမြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စု ၅၃ ခုမှ ပြည်သူ ၃၁၀ တက်ရောက်ပြီး လက်တွေ့စမ်းသပ် မဲပေးလေ့လာကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး နယ်မြေတာဝန်ခံ ဦးစိုးဦးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များကိုလည်း ပေးခဲ့ကြသည်။

မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကို ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**






# အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့် တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်–

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန်အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ချိုင်းကြား(၂)ဖက်နှင့်ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**(ဧပြီလ၊ ၂၀၂၄)**

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၂၈/ သုမင်္ဂလာ)၊ ဦးပိုင်(၁)၊ မန္တလေး-လားရှိုးလမ်းနှင့် မြို့ပတ်လမ်းထောင့်ရှိ သုမင်္ဂလာဈေး (ညံ့တောဈေး)အား မြေအောက်ထပ်+ RC (၆)ထပ် အဆင့်မြှင့်ဈေးတည်ဆောက်ခြင်းလုပ်ငန်းကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရုံးချိန်အတွင်း အောက်ပါအတိုင်း တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် | - | ၂၇-၄-၂၀၂၄(စနေနေ့) |
| (ခ) တင်ဒါလျှောက်လွှာရောင်းချခြင်းပိတ်သိမ်းမည့်နေ့ရက်နှင့်အချိန် | - | ၂၄-၅-၂၀၂၄(သောကြာနေ့) (၁၂:၀၀)နာရီ |
| (ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေ့ရက်နှင့်အချိန် | - | ၃၀-၅-၂၀၂၄(ကြာသပတေးနေ့) နံနက်(၉:၃၀)မှ(၁၆:၃၀)နာရီထိ |
| (ဃ) တင်ဒါတစ်စောင်ဈေးနှုန်း | - | ၇၅၀၀၀၀၀/-ကျပ် (ကျပ်ခုနစ်ဆယ့်ငါးသိန်းတိတိ) |

၂။ တင်ဒါကော်မတီမှ တင်ဒါလျှောက်လွှာဝယ်ယူထားသည့် ကုမ္ပဏီများအား (၂၅-၅-၂၀၂၄) ရက်နေ့ (၁၃:၀၀)နာရီတွင် တင်ဒါကိစ္စများရှင်းလင်းခြင်း(Pre-Bid Meeting) အစီအစဉ်အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုမ္ပဏီများမှ တက်ရောက်ကြရန်ဖြစ်ပါသည်။

၃။ တင်ဒါကိစ္စနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၂-၂၈၄၄၀၀၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ၂၀၂၄ ခုနှစ် 'ဟဂ္ဂျ'လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄ ခုနှစ်၊ ဟဂ္ဂျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာစိစစ်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် 'ဟဂ္ဂျ' ပြုလုပ်လိုသူများသည် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးရုံးများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီးရုံး (အမှတ်-၁၈၄၊ ၃-လွှာ၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်)နှင့် တိုင်းဒေသကြီး/ ပြည်နယ်အစ္စလာမ်ဘာသာရေးအဖွဲ့ခွဲရုံးများတွင် ၂၈-၄-၂၀၂၄ ရက်နေ့မှ ၄-၅-၂၀၂၄ ရက်နေ့အထိ ရုံးချိန်အတွင်း လျှောက်လွှာပုံစံများကို တစ်ဦးလျှင် ကျပ်တစ်ထောင်နှုန်းဖြင့် ရယူဖြည့်စွက်၍ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူဦးရေသည် ခွင့်ပြုအရေအတွက်ထက် ကျော်လွန်ပါက အများရှေ့မှောက်တွင် မဲစနစ်ဖြင့် စနစ်တကျ မဲဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၃။ ယခုနှစ် 'ဟဂ္ဂျ' အတွက် ကုန်ကျစရိတ်မှာ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၄၆၀၀)ကို ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ လျှောက်ထားသူများသည် မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းရှိသူများဖြစ်ရမည်။

**၂၀၂၄ ခုနှစ်၊ ဟဂ္ဂျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာစိစစ်ရေးအဖွဲ့**

နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးရုံးများ၊
၀၉-၅၁၆၂၆၀၃၊ ၀၉-၅၁၃၇၇၀၄၊ ၀၉-၇၉၅၅၀၂၈၈၂
(မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး)

## ဦးထွန်းထွန်းအောင်[၁၂/သကတ(နိုင်)၁၃၁၅၅၄]နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စန္ဒာဆွေ [၁၂/စခန(နိုင်)၀၅၀၅၀၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးထွန်းထွန်းအောင်သည် ဇနီးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေအား အသိပေးသဘောတူညီချက်ရယူခြင်းမရှိဘဲ မိသားစုခွင့်မလွှတ်နိုင်သောကိစ္စရပ်များကို ကျူးလွန်၍ ၎င်း၏သဘောဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ အကြင်လင်မယားအဖြစ်မှ ပြတ်စဲ၍ ခင်ပွန်းအဖြစ်မှ အပြီးတိုင်စွန့်လွှတ်လိုက်ပါသည်။ ဦးထွန်းထွန်းအောင်နှင့်ပတ်သက်သော ကိစ္စအဝဝသည် ကျွန်ုပ်၏မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိပါသဖြင့် မည်သည့်အရှုပ်အရှင်းကိစ္စကိုမျှ ကျွန်ုပ်၏မိတ်ဆွေက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ဦးထွန်းထွန်းအောင်နှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အိအိအောင် (LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (လိုင်စင်-၇၆၆၄)**
**အမှတ်(၅၆၁)၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၆၅၉၂၈၁၊ ၀၉-၄၄၃၁၃၆၀၁၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ပုဗ္ဗသီရိမြို့၊ နဝဒေးရပ်ကွက်၊ မြေတိုင်းအမှတ်(၁၃/နဝဒေးရပ်)၊ မြေကွက်အမှတ် (ပစ(B)၇၅၇)၊ အကျယ်အဝန်း(၆၀x၈၀)ပေ၊ ဧရိယာ(၀. ၁၁၀)ဧကရှိ နှစ်(၃၀)ဂရန်မြေနှင့် အဆောက်အဦကို ဒုအရာခံဗိုလ်အေးရွှေ (ဘ) ဦးသိန်းမောင် [၉/ပမန(နိုင်)၁၉၁၅၆၈]က အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ရောင်းချပိုင်ခွင့်ရှိသူ ဒုအရာခံဗိုလ်အေးရွှေထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်လှနွယ် (ဘ) ဦးထွန်းရွှေ [၁/မညန(နိုင်)၀၂၄၄၀၂] သည် (၂၅- ၄- ၂၀၂၄)ရက်စွဲပါ "မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား နှစ်ဦးသဘောတူ အရောင်းအဝယ်စရန်ပေး ကတိစာချုပ်" ဖြင့် ရောင်းချငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါလျှင် ခိုင်လုံသော အထောက်အထား (မူရင်း)တို့ဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဆုဆုလှိုင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၈၉၅) (၂၀-၁၁-၂၀၂၀)**
**ဖုန်း-၀၉-၄၄၄၀၃၇၃၄၉**

# ၂၀၂၄ ခုနှစ် မေလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် မေ ၂၇**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေ ၂၁ ရက်မှ ၂၆ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ လည်းကောင်း၊ မေ ၂၇ ရက်မှ ဇွန် ၂ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့ လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၇ ရက်မှ ၂၂ ရက်ခန့်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၆ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တို့တွင် ၅ ရက်မှ ၁၀ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မေလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၄ ခုနှစ် မေလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ခြောက်ပေမှ ၁၀ ပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် လေးပေမှ ခုနစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် လေးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် တစ်ပေခန့်နှင့် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် သုံးပေမှ လေးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

❖ **ကျောဖုံးမှ**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၃- ၂၀၂၄ ပညာသင်နှစ်တွင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း အခြေခံပညာကျောင်းပေါင်း ၄၁၉၈ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၃၁၁ ကျောင်း၊ ကိုယ်ပိုင်ကျောင်းပေါင်း ၂၃၅ ကျောင်းရှိကြောင်း၊ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံခြင်းကို မေ ၂၃ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ပေးခဲ့ပြီး ဇွန် ၁ ရက်တွင် ကျောင်းများ စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်း လောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် လွှတ်တော်ဝင်းအတွင်းဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မြို့ပြလုပ်ငန်း

- (Lot 1) ဧည့်ခံကြိုဆိုရေးဆောင် (A-ဆောင်)ရှိ Roof Slab များ ရေလုံလုပ်ငန်း ဆောင်ရွက်ခြင်း
- (Lot 2) ရေးရာဆောင်များ (I-2, I-3, I-5) ရှိ Roof Slab များ ရေလုံလုပ်ငန်း ဆောင်ရွက်ခြင်း
- (Lot 3) ရေးရာဆောင်များ (I-6, I-10, I-13) ရှိ Roof Slab များ ရေလုံလုပ်ငန်း ဆောင်ရွက်ခြင်း
- (Lot 4) ရေးရာဆောင်များ (I-14, I-15, I-16, I-19) ရှိ Roof Slab များ ရေလုံလုပ်ငန်းဆောင်ရွက်ခြင်း
- (Lot 5) လွှတ်တော်အဆောက်အဦများရှိ ကြွေပြားများ ပြုပြင်ခြင်း
- (Lot 6) ပြည်သူ့လွှတ်တော်(C, F, I-1, I-5, I-6, I-7, I-11 ဆောင်) ရှိ နံရံမှန်များ၏ ကြံ့ခိုင်မှုစစ်ဆေးခြင်း နှင့် မှန်ဆီလီကွန်ထိုးခြင်း
- (Lot 7) သမ္မတနားနေဆောင် (G-ဆောင်) ၏ အပြင်နံရံများအား ဆေးသုတ်ခြင်းနှင့်Portico အတက်အဆင်းလမ်းပြုပြင်ခြင်းလုပ်ငန်း (Bellshape ခုံတုံးနံရံများ ပြုပြင်ဆေးသုတ်ခြင်း နှင့် သစ်သားမျက်နှာကြက် အရောင်တင်ခြင်း အပါအဝင်)

(ခ) လျှပ်စစ်လုပ်ငန်း

- (Lot 8) လွှတ်တော်ဝင်းအတွင်း လုံခြုံရေးအတွက် IP CCTV Camera များ တိုးချဲ့ တပ်ဆင်ခြင်း
- (Lot 9) လွှတ်တော်ဝင်းအတွင်း လုံခြုံရေးအတွက်တပ်ဆင်ထားသည့် Analong CCTV များအား IP CCTV Camera စနစ်အဆင့်မြှင့်တင် မွမ်းမံခြင်း (Phase-1)
- (Lot 10) Lighting System Spare Parts များ ဝယ်ယူခြင်း

၂။ တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၂၄-၄-၂၀၂၄ ၊ ဗုဒ္ဓဟူးနေ့

၃။ တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် - ၈-၅-၂၀၂၄ ၊ ဗုဒ္ဓဟူးနေ့

၄။ တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန် - ၉-၅-၂၀၂၄၊ ကြာသပတေးနေ့ (၁၄:၀၀)နာရီ

၅။ တင်ဒါဖွင့်မည့်ရက်/နေရာ/ အချိန် - ထပ်မံအသိပေးအကြောင်း ကြားသွားပါမည်။

၆။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား လွှတ်တော်နှင့်အိမ်တော် အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့၊ လွှတ်တော်ဝင်း (ICT-2) ရှိ သက်ဆိုင်ရာ ဌာနခွဲများတွင် လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များသိရှိလိုပါက ဖုန်း ၀၆၇-၆၉၅၆၅ (မြို့ပြဌာန) နှင့် ဖုန်း ၀၆၇-၆၉၅၆၇ (လျှပ်စစ်ဌာန) တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ မြေကွက်အမှတ်(၂၅၇၇)၊ (၄၀ x ၈၀) ပေ၊ မြေဧရိယာ(၀.၀၇၃)ဧကရှိမြေကို မြိုင်သာယာ ဝန်ထမ်းအိမ်ရာဖော်ထုတ်နေရာချထားရေးဗဟိုကြီးကြပ်မှုကော်မတီမှ ဗိုလ်မှူးကြီးခင်မောင်ထူးအမည်ဖြင့် ချထားပေးခဲ့သောမြေဖြစ်ပြီး ဗိုလ်မှူးကြီးခင်မောင်ထူး ကွယ်လွန်သွားပြီးနောက် ဇနီးဖြစ်သူ ဒေါ်မြခင်မှ ဆက်လက်ပိုင်ဆိုင်လာပြီး ဒေါ်မြခင်ထံမှ ဦးမြင့်လွင်သည် ဝယ်ယူပိုင်ဆိုင်လာပြီး ၎င်းအမည်ဖြင့်နှစ်ရှည် မြေငှားဂရန်ချထားပေးပါရန် ဦးမြင့်လွင်မှ မြေချမိန့်မိတ္တူ၊ အရောင်းအဝယ်စာချုပ်မိတ္တူများဖြင့် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြေညာသည့်နေ့ရက်မှစတင်၍ ရက်ပေါင်း(၃၀)အတွင်း စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဤရုံးသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ တင်ပြချက်တစ်စုံတစ်ရာမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင် - မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အကွက်အမှတ်/အမည်(၇၅/ကွင်းရပ်)၊ ဦးပိုင်အမှတ်(၁၃၃/ခ)၊ ဧရိယာ(၀.၀၉၃)ဧကရှိမြေသည် ဂရန်အမှုတွဲအမှတ်(V)၁၀၇/၁၉၉၀-၁၉၉၁ အရ ဒေါ်ရွှေမှုံအမည်ဖြင့် နှစ်(၃၀)အငှားဂရန်ရရှိထားပြီး ဒေါ်ရွှေမှုံထံမှ ဒေါ်စန်းစန်းမြင့်သည်လည်းကောင်း၊ ဒေါ်စန်းစန်းမြင့်ထံမှ ဒေါ်ကျင်စိုးသည်လည်းကောင်း အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်လာပြီး နှစ်ရှည်မြေငှားဂရန်ချထားပေးပါရန် ဒေါ်ကျင်စိုးမှ ဂရန်စာချုပ်မိတ္တူ၊ အရောင်းအဝယ်စာချုပ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများဖြင့် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြေညာသည့်နေ့ရက်မှစတင်၍ ရက်ပေါင်း(၃၀)အတွင်း စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ တင်ပြချက်တစ်စုံတစ်ရာမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**




## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဇေယျာသီရိရပ်ကွက်၊ အကွက်အမှတ်/အမည်(၁၅/ခ)၊ ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ(၀.၈၅၈)ဧကရှိမြေသည် ဂရန်အမှုတွဲအမှတ်(V)၁၃၂/၁၉၉၃-၁၉၉၄ အရ ဦးစိုးလွင်အမည်ဖြင့် နှစ်(၃၀)အငှားဂရန်ရရှိထားပြီး ဦးစိုးလွင်ထံမှ ဦးမိုးကျော်သည် ဝယ်ယူပိုင်ဆိုင်လာပြီး ၎င်းအမည်ဖြင့် နှစ်ရှည်မြေငှားဂရန်ချထားပေးပါရန် ဦးမိုးကျော်မှ ဂရန်စာချုပ်မိတ္တူ၊ အရောင်းအဝယ်စာချုပ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများဖြင့် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်နေ့ရက်မှစတင်၍ ရက်ပေါင်း(၃၀)အတွင်း စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ တင်ပြချက်တစ်စုံတစ်ရာမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင် - မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၄)ရပ်ကွက်၊ ရွှေပြည်စိုးလမ်း၊ အမှတ်(၁၇၃၀/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ရှိ မြေနှင့်နေအိမ်အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမြမောင် [၉/တကန(နိုင်)၁၉၇၇၄၂] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် နေအိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာထိုက် [၁၀/ကမရ(နိုင်)၀၆၃၆၇၄] ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဇော်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-258465871, 09-953010778**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ ရော(၁၈)လမ်း၊ အမှတ်(၇၉၁/က)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ x ၆၀)ပေရှိ မြေနှင့် နေအိမ်အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သက်သက်မြင့် [၁၀/ကထန(နိုင်)၀၇၀၂၁၁] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် နေအိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဂျူလိုင်မိုး [၁၂/မဘန(နိုင်)၁၃၇၁၈၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဇော်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၈၄၆၅၈၇၁၊ ၀၉-၉၅၃၀၁၀၇၇၈**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ မြေကွက်အမှတ်(၁၂)၊ (၈၀ x ၁၀၀)ပေသည် မြိုင်သာယာဝန်ထမ်းအိမ်ရာ ဖော်ထုတ်နေရာချထားရေးဗဟိုကြီးကြပ်မှုကော်မတီမှ ဦးထွန်းမြင့်အမည်ဖြင့် ချထားပေးခဲ့သောမြေဖြစ်ပြီး အဆိုပါမြေအနက်မှ (၆၀ x ၈၀)ပေအား ဦးထွန်းမြင့်ထံမှ ဦးထွန်းအေးသည်လည်းကောင်း၊ ဦးထွန်းအေး ကွယ်လွန်သွားပြီးနောက် သားသမီးများဖြစ်သည့် ဦးမင်းကျော်ရှင်း၊ ဒေါ်အေးမြပိုင်နှင့် ဦးမင်းပြည့်ကျော်ကျော်တို့(၃)ဦးမှ ဆက်လက်ပိုင်ဆိုင်လာပြီး မိသားစုစီမံခန့်ခွဲမှုသဘောတူစာချုပ်အရ ဦးမင်းကျော်ရှင်းနှင့် ဒေါ်အေးမြပိုင်တို့ထံမှ ဦးလှမြင့်သည် ဝယ်ယူပိုင်ဆိုင်လာပြီး ၎င်းအမည်ဖြင့် နှစ်ရှည်မြေငှားဂရန်ချထားပေးပါရန် ဦးလှမြင့်မှ မြေချမိန့်မိတ္တူ၊ အရောင်းအဝယ်စာချုပ်မိတ္တူ၊ မိသားစုစီမံခန့်ခွဲမှုသဘောတူစာချုပ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများဖြင့် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြေညာသည့်နေ့ရက်မှစတင်၍ ရက်ပေါင်း(၃၀)အတွင်း စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ တင်ပြချက်တစ်စုံတစ်ရာမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

**ရွှေပြည်သာမြို့နယ်**
**မြေကွက်များ**
**ဝယ်လိုသည်**
**09-5139064**

## ဒေါက်တာဦးအောင်ကို

အိမ်တိုင်ရာရောက်
နားပေါက်ကျယ်ချုပ်သည်၊ နားပေါက်ဖောက်သည်။
နဂိုအတိုင်းလှပစွာ ချုပ်ပေးသည်။
တစ်ပေါက်(၁၅၀၀၀၀)ကျပ်၊ နှစ်ပေါက်(၃၀၀၀၀၀)ကျပ်။
**PH: 09-777747223, 09-772038930**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့၊ (၂)ရပ်ကွက်၊ ကမ်းနားလမ်း၊ အိမ်အမှတ်(၅)နေ ဦးမြင့်သန်း(ဘ) ဦးတင်လှ [၁၂/ခရန(နိုင်)၀၀၆၄၆၄] နှင့် ဒေါ်မြင့်မြင့်ဝင်း (ဘ) ဦးတင်အုန်း [၁၂/ခရန(နိုင်)၀၀၄၂၅၉] (ဗမာ/ဗုဒ္ဓ)၊ ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည် -

ကျွန်ုပ်တို့မိတ်ဆွေများ၏သမီးဖြစ်သူ မကျော့ကျော့စံ (ဘ)ဦးမြင့်သန်း [၁၂/ခရန(နိုင်)၀၁၀၀၆၄] ကိုင်ဆောင်သူသည် မိဘများအား စိတ်ဆင်းရဲမှုဖြစ်စေသည့် အပြောအဆို၊ အပြုအမူများ နေ့စဉ်ပြုလုပ်နေသဖြင့် မကျော့ကျော့စံအား မိဘများက (၁၆-၄-၂၀၂၄) ရက်နေ့က နေအိမ်ပေါ်မှ နှင်ချခဲ့ပါသည်။ ယင်းနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ မိဘများက မကျော့ကျော့စံကို အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သမျှ ငွေရေးကြေးရေးကိစ္စ၊ လူမှုရေးကိစ္စအပါအဝင် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျင်ထွေး (B.A, H.GP, R.L)** | **ဒေါ်သင်းကြူကြူလှိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၇၅၄)** | **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၄၇၄)** |

**ရုံးခန်းအမှတ်(၄၈၄)၊ ဦးညီလှလမ်း၊ ၃-ရပ်ကွက်၊ ခရမ်းမြို့။**
**ဖုန်း-၀၉-၄၂၁၆၃၃၇၅၊ ၀၉-၄၂၀၂၃၀၇၄၃**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ မြေကွက်အမှတ်(၃၀၀)၊ (၄၀ x ၆၀)ပေ၊ မြေဧရိယာ(၀.၀၅၅) ဧကရှိ မြေကို မြိုင်သာယာဝန်ထမ်းအိမ်ရာ ဖော်ထုတ်နေရာချထားရေးဗဟိုကြီးကြပ်မှုကော်မတီမှ ဒုအရာခံဗိုလ်ကြင်စိန်အမည်ဖြင့် ချထားပေးခဲ့သော မြေဖြစ်ပြီး ဒုအရာခံဗိုလ်ကြင်စိန်ထံမှ ဒေါ်လှမြင့်သည်လည်းကောင်း၊ ဒေါ်လှမြင့်ထံမှ ဒေါ်အိအိချောသည်လည်းကောင်း၊ ဒေါ်အိအိချောထံမှ ဒေါ်သန်းသန်းအေးသည်လည်းကောင်း၊ ဒေါ်သန်းသန်းအေးထံမှ ဦးမျိုးဦးနှင့် ဒေါ်ဝင်းဝင်းလွင်တို့(၂)ဦးသည်လည်းကောင်း၊ ဦးမျိုးဦးနှင့် ဒေါ်ဝင်းဝင်းလွင်တို့(၂)ဦးထံမှ ဦးခင်မောင်တင့်နှင့် ဒေါ်ညိုညိုစန်းတို့(၂)ဦးသည်လည်းကောင်း အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လာပြီး ၎င်းတို့(၂)ဦးအမည်ဖြင့် နှစ်ရှည်မြေငှားဂရန်ချထားပေးပါရန် ဦးခင်မောင်တင့်နှင့် ဒေါ်ညိုညိုစန်းတို့(၂)ဦးမှ မြေချမိန့်မိတ္တူ၊ အရောင်းအဝယ်စာချုပ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူများဖြင့် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြေညာသည့်နေ့ရက်မှစတင်၍ ရက်ပေါင်း(၃၀)အတွင်း စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ တင်ပြချက်တစ်စုံတစ်ရာမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင် - မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာခြင်း

`မော်လမြိုင်မြို့၊ ခြောက်မိုင်ကွဲခြံကုန်းရပ်ကွက်၊ မြေကွက်အမှတ်(၁၉/က)၊ (၆၀ x ၈၀)ပေ၊ မြေဧရိယာ(၀.၁၁၀)ဧကရှိ မြေကွက်ကို မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြေနေရာရှာဖွေနေရာချထားရေးကော်မတီ)မှ ဦးထွန်းရှင်အမည်ဖြင့် ချထားပေးခဲ့သောမြေဖြစ်ပြီး ဦးထွန်းရှင်ကွယ်လွန်သွားပြီးနောက် အမွေဆက်ခံခွင့်ရှိသူ ဦးကျော်နိုင်စိုး၊ ဦးမြတ်မိုးအောင်၊ ဦးရန်လင်းအောင်၊ ဒေါ်သင်ဇာစိုးနှင့် ဦးမိုးမင်းစိုးတို့မှ ပိုင်ဆိုင်လာပြီး ယင်း(၅)ဦးထံမှ ဦးနိုင်နိုင်နှင့် ဒေါ်သီတာအေးတို့သည် အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လာခဲ့ပြီး ၎င်းတို့(၂)ဦးအမည်ဖြင့် နှစ်ရှည်မြေငှားဂရန်ချထားပေးပါရန် ဦးနိုင်နိုင်နှင့် ဒေါ်သီတာအေးမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူများဖြင့် တင်ပြလာမှုအပေါ် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြေညာသည့်နေ့ရက်မှစတင်၍ ရက်ပေါင်း(၃၀)အတွင်း စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ တင်ပြချက်တစ်စုံတစ်ရာမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင် - မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၂၀၄၁)၊ (၄၀ ပေ x ၆၀ ပေ)(၂၄၀၀)စတုရန်းပေအကျယ်အဝန်းရှိ ဒေါ်ခင်ရှိန် (TYG-၀၁၄၇၉၉) အမည်ပေါက်ပိုင်ဆိုင်သည့် ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်သူ ဦးတင်မိုးဝင်း [၇/မညန(နိုင်)၀၇၆၄၆၅]မှ ပိုင်ဆိုင်လက်ရှိဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်မြင့် (LL.B,D.B.L,D.M.L,D.I.L)** | **ဦးကျော်ဝင်းလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၅၆၈၃) (၂၈-၆-၁၉၉၁)** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **(စဥ်-၁၇၄၇၇)(၂၁-၁၂-၂၀၂၁)** |
| **ဖုန်း-၀၉-၄၃၀၃၂၁၈၁** | **ဖုန်း-၀၉-၄၂၁၀၈၆၁၆၀** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)၊ မြေကွက်အမှတ်(၁၅၄၇)၊ (၄၀ ပေ x ၆၀ ပေ) (၂၄၀၀)စတုရန်းပေအကျယ်အဝန်းရှိ ဦးသန်းဝင်း [၁၂/ဥကမ(နိုင်)၀၈၆၉၄၇] အမည်ပေါက်ပိုင်ဆိုင်သည့် ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးတင်မိုးဝင်း [၇/မညန(နိုင်)၀၇၆၄၆၅]မှ ပိုင်ဆိုင်လက်ရှိဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်မြင့် (LL.B,D.B.L,D.M.L,D.I.L)** | **ဦးကျော်ဝင်းလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၅၆၈၃) (၂၈-၆-၁၉၉၁)** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **(စဥ်-၁၇၄၇၇)(၂၁-၁၂-၂၀၂၁)** |
| **ဖုန်း-၀၉-၄၃၀၃၂၁၈၁** | **ဖုန်း-၀၉-၄၂၁၀၈၆၁၆၀** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ ငှက်ပျောတောလမ်း၊ အမှတ်(၄)၊ (၄-လွှာ) (ခြေရင်းခန်း) အကျယ်အဝန်း (၁၂½ x ၅၀) ပေရှိ (ကိုယ်ပိုင်ရေ + မီးအစုံပါဝင်သော Hall အကြမ်းထည်တိုက်ခန်း)ကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်သန္တာဝင်း [၁၁/သတန(နိုင်)၀၅၀၅၆၈] သို့ ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဦးသိန်းညွှန့်** |
| **BSc,DA, HGP, R.L, DBL, DML, DIL** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ (စဥ်-၃၅၆၁)** |
| **ဖုန်း-၀၉-၄၂၈၇၇၀၈၂၀** | **ဖုန်း-၀၉-၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှမောင် (မုံရွာ)
## အသက်(၈၂)နှစ်

မုံရွာမြို့၊ စတိတ်တူးကျောင်းသားဟောင်း ဦးလှမောင်(ခ) သံလုံးသည် ၁၁-၄-၂၀၂၄ ရက်တွင် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်ရောက် စတိတ်တူးမိတ်ဆွေများအကျိုးဆောင်အဖွဲ့**

## အထူးကျေးဇူးတင်ရှိခြင်း

ဧပြီလ ၂၀ ရက်၊ ၂၀၂၄ ခုနှစ်၊ စနေနေ့တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ဦးအောင်ပြည့်စုံ၏ နောက်ဆုံးအချိန်တိုင် ကူညီပေးခဲ့ကြသော သူငယ်ချင်းမိတ်ဆွေများ၊ နာရေးကိစ္စတွင် အစမှအဆုံး ကိုယ်တိုင်လာရောက်ဝိုင်းဝန်းကူညီအားပေး နှစ်သိမ့်ပေးခဲ့ကြသော ဆွေမျိုးများ၊ မိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများ၊ PIL Myanmar ကုမ္ပဏီဝန်ထမ်းမိသားစုများ၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း Telephone, Viber, Facebook အစရှိသည့် လူမှုကွန်ရက်များမှတစ်ဆင့် အားပေးနှစ်သိမ့်ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများ၊ လွမ်းသူ့ပန်းခြင်း၊ လွမ်းသူ့ပန်းခွေများ၊ ရည်စူးအလှူငွေများ၊ သက်န်းပရိက္ခရာ လှူဖွယ်အစုံပေးပို့ကြသော မိတ်ဆွေသူငယ်ချင်းများ၊ လိုအပ်သည့်နေရာများသို့ ကျန်ရစ်သူမိသားစုကိုယ်စား ကွယ်လွန်သူအား ရည်စူး၍ ဆွမ်းကပ်လှူဒါန်းပေးခြင်း၊ အလှူဒါနပြုလုပ်ပေးကြသည့် နိုင်ငံတကာမှ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများ၊ Shipping line မိသားစုများ၊ ရေကြောင်းအင်ဂျင်နီယာအသင်း၊ Asia World Port Terminal, Myanma Port Authority မှ လူကြီးမင်းများ၊ PIL Myanmar ကုမ္ပဏီ၏ Client များ၊ အစားအသောက်များ၊ နေရာထိုင်ခင်း၊ မီးစက်အစရှိသည်များအား ပေးပို့ကူညီစီမံပေးကြသော ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများ၊ အထူးအားဖြင့်နှစ်သိမ့်ကူညီ ဝိုင်းဝန်းဆောင်ရွက်ပေးကြပြီး မိသားစုနှင့်ထပ်တူ ဝမ်းနည်းပူဆွေးပေးကြသော ဦးအောင်ပြည့်စုံ၏ သူငယ်ချင်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျန်ရစ်သူမိသားစုမှ ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ပြုံးရီ

**အထက်တန်းပြ (ငြိမ်း) အ.ထ.က (၂) သင်္ဃန်းကျွန်း**

## အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ အမှတ်-၉၃၅(က)၊ ဦးကြင်ဥ (၂)လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းနေ (ဦးပေါ်ကျင်-ဒေါ်ချိုယဉ်)တို့၏သမီး၊ ဦးစိုးအောင် (နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)-(ဒေါ်လှလှလွင်)၊ (ဦးအောင်မြင့်-ဒေါ်ခင်မာချို)၊ ဦးမောင်မောင်(ကာတွန်း)-ဒေါ်ခင်ထားမြင့်၊ ဦးခင်ဇော် (ဗဟိုသုတေသန-ငြိမ်း)၊ [ဒေါ်မြသန်း-ငြိမ်း (ဗဟိုသုတေသန)]၊ ဦးတင်မောင်ဝင်း-(ဒေါ်ငွေငွေယဉ်)၊ (ဦးကိုကို-ကာတွန်း) တို့၏ ညီမ၊ (ဦးသန့်ဇင်-ကာတွန်း)-ဒေါ်ခင်မေမြင့်၊ ဦးဝင်းဇော် (နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)-ဒေါ်ကြူကြူ၊ ဒေါ်ဖြူဝင်းမာ (ဗဟိုသုတေသန-ငြိမ်း)တို့၏အစ်မ၊ တူ၊ တူမ ၂၁ ယောက်တို့၏ချစ်လှစွာသောအဒေါ်သည် ၂၆-၄-၂၀၂၄ (သောကြာနေ့) ညနေ ၅:၀၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ၂၈-၄-၂၀၂၄ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၂၄ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ တာဂွ ကျေးရွာအုပ်စု၊ တာဂွကျေးရွာ၊ ဦးပိုင်အမှတ်(၅၈)၊ ကွင်းအမှတ်)-(၇၀၄/ခ)၊ တလုတ်ထော်ကန်ရှိ အကျယ်အဝန်း(အလျား၁၂၀ပေ x အနံ၁၀၀ပေ)ရှိ အမည်ပေါက် ဦးမျိုးမင်းဦး [၁၂/မဂဒ(နိုင်)၀၀၀၅၁၁]ထံမှ လက်ရှိထားဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်ချိုနွယ်ဦး[၁၂/မဘန(နိုင်)၀၄၆၇၆၇]သည် ၎င်းပိုင်ဆိုင်ရောင်းချခွင့်ရှိသော အထက်ပါမြေကွက်အားရောင်းချမည်ဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့် ပတ်သက်ပြီးပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ အကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိဝေ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၅၉၉)**
**အမှတ်(၃၃၃)၊ နဝရတ်ရေစင်(၁)လမ်း၊ ပြည်တော်စက်မှုရပ်ကွက်၊**
**လှည်းကူးမြို့နယ်။ Ph:09-261446441**

## သိရှိက အမြန်ဆက်သွယ်ပါ

(၂၆-၄-၂၀၂၄)ရက်နေ့ ည(၂၂:၄၅)အချိန်ခန့် ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းပေါ် မြန်မာပလာဇာမှတ်တိုင်ရှေ့တွင် အမည်/နေရပ်လိပ်စာ (စုံစမ်းဆဲ)အသက်(၂၇)နှစ်ခန့်၊ မြန်မာအမျိုးသမီးတစ်ဦး(အနက်ရောင်တီရှပ်လက်တို၊ အနက်ရောင်ဘောင်းဘီရှည်ဝတ်ဆင်ထားသူ)မှာ ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရသေဆုံးသွားသဖြင့် သေဆုံးသူနှင့်၎င်း၏မိသားစုအား သိရှိသူများရှိပါက ဖုန်း(၀၉-၂၆၉၄၈၁၂၃၇)သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**လ ၂၀၁၆၄၆ ရဲအုပ်သက်ဇင်ထွန်း**
**အမှတ်(၇)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်-အနောက်)**
**ဗဟန်းမြို့နယ်ယာဉ်မှုစစ်ရုံး**
**ဖုန်း ၀၉-၂၆၉၄၈၁၂၃၇**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံ ဒါယိကာမကြီး**

## ဒေါ်တင်စိန်

## အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ တိုက်-၉၂၊ အခန်း-၈၊ မီးဒုံးလမ်းနေ(ဦးဦးဖေ-ဒေါ်စီစီ)တို့၏သမီးကြီး(ဗိုလ်ကြီးအောင်သင်း)၏ဇနီး၊ ဒေါ်ခင်မို့မို့သင်း၊ ဦးဌေးအောင်-ဒေါ်နှင်းမူ၊ ဒေါ်ဝါဝါသင်း-(ဦးကျော်တင်အောင်)၊ ဦးအောင်ဇော်မိုး-ဒေါ်မူမူအေး၊ ဒေါ်ကြူကြူသင်း၊ ဒေါ်ချယ်ရီသင်းနှင့်ဒေါ်သဇင်သင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်ဟိဏ်းသက်ထက်ဇော်၊ မဆုလဲ့ဝတီ၊ မရွှေကဗျာနှင့် မရွှေပန်းချီတို့၏အဘွားသည် ၂၇-၄-၂၀၂၄(စနေနေ့)နံနက် ၁:၂၀ နာရီတွင် ၉၆ ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ကွယ်လွန်ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၉-၄-၂၀၂၄(တနင်္လာနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၂၄ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးဉာဏ်ဝင်း

**သချာဌာနမှူး (ငြိမ်း-ဆေး၂)**
**တောင်ကြီးကောလိပ် / ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်**

## အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ အမှတ်(၁၉၉/က)၊ ယုဇနလမ်းနေ (ဦးလှမောင်-ဒေါ်ခင်တင့်) တို့၏သား၊ (ဦးဗသိန်း-ဒေါ်လှတင်) တို့၏ သားသမက်၊ ဒေါ်ခင်အုန်းမြင့်(ခ) အပြုံး [အလယ်တန်းပြ-ငြိမ်း၊ အ-ထ-က (၁) အင်းစိန်]၏ ခင်ပွန်း၊ ဦးမင်းဆွေဦး -ဒေါ်ပွင့်ဖြူဝင်း၊ ဦးအောင်ခိုင်ဆွေ၊ ဦးမင်းသက်တင်-ဒေါ်နှင်းဆီ၊ ဦးသက်ဖြိုးအောင်-ဒေါ်ချမ်းမြေ့ဖြူ တို့၏ မွေးသဖခင်၊ မောင်မြင့်ဇော်ပိုင်-မရွှေယမင်းဦး၊ မမေမြတ်နိုးဦး၊ မောင်ကိုကိုကောင်း၊ မမြေမြဖူး၊ မောင်မင်းစံမောင်မောင်၊ မမြပွင့်သက်တင်၊ မရင်ကြည်မင်းဆွေ တို့၏ အဘိုး၊ မပိုင်မှူးအိန္ဒြေ၊ မပိုင်မှူးဟေသီ တို့၏ ဘိုးဘိုးသည် ၂၅-၄-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၂၄(စနေနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၂၄(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော် နာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၁၅၂)ရပ်ကွက်၊ ကုဋေကုဋာလမ်း၊ အမှတ်(၆၁၉)၊ အကျယ်အဝန်း (၄၀ x ၆၀ ) ပေရှိပါမစ်မူရင်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးညီအောင် (ISN – ၃၅၆၈၈၂)ထံမှ အဆက်အစပ် စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ခိုင်သဇင်ထွန်း [၁၂/ဒဂတ(နိုင်) ၀၁၄၁၁၆] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စိန်မြင့် [၅/ကဘလ(နိုင်)၁၅၆၈၄၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် (၂၆-၄-၂၀၂၄)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါလျှင် ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လင်းပစိုး (LL.B) DL.101.WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဉ် – ၂၆၈၆၂)**
**အမှတ်(၆၃)၊ (၆)လမ်း၊ စံပြရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၆၇၇၂၈၂**

## ဦးဝင်းထွန်းအောင် (ဘ) ဦးလှတင် (ခ) ဦးဒါဝတ် [၁၄/ပသန(နိုင်)၀၀၅၃၅၈] နှင့် ပတ်သက်ဆက်နွယ်သူများ သိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးကျော်စွာအောင် (ဘ) ဦးလှတင်(ခ)ဦးဒါဝတ် [၁၄/ပသန(နိုင်)၀၀၅၃၅၉] ကိုင်ဆောင်ပြီး အမှတ် (၅၄)၊ ရတနာလမ်းသွယ် (၄) လမ်း၊ (၆)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်သည်မှာ အမှတ်(၁၃)၊ (၆)လွှာ (ယာဘက်)၊ (၁၃၄) လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော နေအိမ်တိုက်ခန်းမှာ ကျွန်ုပ်တို့မိတ်ဆွေ၏ ဖခင် ကွယ်လွန်သူ ဦးလှတင်(ခ)ဦးဒါဝတ် အမည်ဖြင့် ဝယ်ယူကျန်ရှိသော အမွေဆိုင် တိုက်ခန်းဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်တို့မိတ်ဆွေ ဦးကျော်စွာအောင် မိသားစုမှာ ပုသိမ်မြို့သို့ လည်းကောင်း၊ ကျွန်ုပ်တို့မိတ်ဆွေ ဦးကျော်စွာအောင်၏မိခင် ဒေါ်မိမိနှင့် ညီမဖြစ်သူ ဒေါ်မြတ်ခိုင်ဇာအောင်တို့မှာ မလေးရှားနိုင်ငံသို့ လည်းကောင်း၊ ပြောင်းရွှေ့နေထိုင်ကာ အထက်ပါ နေအိမ်တိုက်ခန်းနှင့် စာချုပ်စာတမ်းများအား ဦးဝင်းထွန်းအောင်ထံ အပ်နှံခဲ့ပါသည်။ သို့ပါသောကြောင့် အမွေဆိုင်တစ်ဦးဖြစ်သူ ကျွန်ုပ်တို့မိတ်ဆွေ ဦးကျော်စွာအောင်၏ သဘောတူ ခွင့်ပြုချက်မရဘဲ အထက်ဖော်ပြပါ အမွေဆိုင်တိုက်ခန်းအား လွှဲပြောင်းရောင်းချခြင်း၊ တစ်စုံတစ်ရာ မပြုလုပ်ပါရန်နှင့် ကျွန်ုပ်တို့မိတ်ဆွေ ဦးကျော်စွာအောင်၏ သဘောတူခွင့်ပြုချက်မရဘဲ လွှဲပြောင်းရောင်းချခြင်း၊ တစ်စုံတစ်ရာ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်စွာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးနန္ဒာ** | **ဒေါ်အေးမြတ်မွန်** |
| **LL.B, D.BL, D.ML, D.IL** | **LL.B, LL.M** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၃၈)** | **အထက်တန်းရှေ့နေ (စဉ် – ၅၅၈၄၂)** |
| **ဖုန်း-၀၉-၂၅၄၆၁၇၂၂၁** | **ဖုန်း-၀၉-၉၅၆၂၆၄၇၈၆** |

**အမှတ် (၁၂)၊ ဒုတိယထပ် (ဝဲ)၊ မဂ္ဂင်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ဦးလှရွှေ
## အသက်(၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ(ဦးဘနှင်း-ဒေါ်ဒေါ်လှ)တို့၏သား၊ (ဒေါ်ရင်မြ)၏ခင်ပွန်း၊ အမ်းမြို့နယ်၊ သဲကမ်းတောင်းကျေးရွာ ကျောင်းထိုင်ဆရာတော် ဦးခေမာဝံသ၏ ရဟန်းဒါယကာကြီး၊ ဦးမောင်မောင်ဇော်-ဒေါ်ခင်ဝင်းမာ၊ ဦးသိန်းကျော်-ဒေါ်ချိုချိုလှ၊ ဦးနေဝင်း-ဒေါ်စုစုလှ၊ ဦးစိုးမောင်-ဒေါ်ခင်ခင်လှ၊ ဒေါ်သန်းသန်းလှတို့၏ဖခင်၊ မြေး ကိုးယောက်၊ မြစ် တစ်ယောက်တို့၏အဘိုးသည် ၂၇-၄-၂၀၂၄(စနေနေ့) နံနက် ၁၀:၂၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၉-၄-၂၀၂၄ (တနင်္လာနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**

## ဒေါ်တင်တင်ဝင်း

**အထက(၄)အလုံမြို့နယ်၊ ယခင်ကူရှင်ကျောင်းသူဟောင်း**

## အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ယခင်ဗဟိုစည်ရပ်ကွက်နေ(ဦးသန်းမောင်-ဒေါ်တင်တင်)တို့၏ ဒုတိယသမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၅၇)ရပ်ကွက်၊ ဇေယျာမြိုင်လမ်း၊ အမှတ်(၉၈၅)နေ ဦးထွန်းကြည် [အထက်တန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ (ဒေါ်ခင်မြင့်ကြည်)၊ ဦးမြသွင်၊ (ဒေါ်နီနီဝင်း)၊ ဒေါ်ဖြူဖြူသန်း၊ ဒေါ်ကြူကြူသန်း၊ ဒေါ်အေးအေးချစ်၊ ဒေါ်ငွေငွေအောင်၊ ဒေါ်ညွန့်ညွန့်ဝေတို့၏အစ်မ၊ ဦးဇော်နိုင်ဦး၊ ဦးဇော်နိုင်ထွန်း၊ ဦးအောင်နိုင်ထွန်း-ဒေါ်ညွန့်ညွန့်ဆွေ၊ ဒေါ်ဝင်းမင်းထွန်း-ဦးစိုးအောင်လှိုင်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ခြောက်ယောက်၊ မြစ် နှစ်ယောက်တို့၏အဘွား ဒေါ်တင်တင်ဝင်း သည် ၉-၄-၂၀၂၄(အင်္ဂါနေ့) ညနေ၆:၂၀နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ပြီး ၁၁-၄-၂၀၂၄ (ကြာသပတေးနေ့)တွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာ၊ အမှတ်(၁၈)၊ အခန်း(၃၀၁)ဟု ခေါ်တွင်သော အကျယ်အဝန်း (၁၀၂၅ စတုရန်းပေ)ရှိ ဦးတင့်ဆန်းအမည်ပေါက် အိုးအိမ် တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးညီထွေး [၇/ဖမန(နိုင်)၁၄၉၄၂၀]နှင့် ဒေါ်ဖြိုးမမထွေး [၁၂/ဗတထ(နိုင်)၀၃၉၄၇၇] ကိုင်ဆောင်သူတို့မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးရှိန် [၁၂/သကတ(နိုင်)၀၀၁၀၃၉]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးရှိန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၂၇)၊ အင်းဝ(၇) လမ်း ဟုခေါ်တွင်သော မြေအကျယ်အဝန်းပေ (၄၀x၆၀)၊ နှစ်(၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦတို့အား အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ခင်နန်းလှိုင် [၁၂/ဗဟန(နိုင်) ၀၆၇၈၁၀]၏ အထူးကိုယ်စားလှယ်စာ ရရှိသူ ဦးပြည့်စုံထွန်း (ဘ) ဦးခင်မောင်ဝင်း [၁၂/ကမတ(နိုင်)၀၅၈၃၇၃]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေအချို့ပေးချေထားပါသည်။

သို့ဖြစ်ပါ၍ ၎င်းအိမ်ခြံမြေ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ယခုကြော်ငြာပါသည့် နေ့ရက်မှ စ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိ၊ သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလွင်ဦး တရားလွှတ်တော်ရှေ့နေ (စဉ်-၆၂၃၅)**
**အမှတ်(၁၀၇)၊ သဘော်ကျင်း(၉)လမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph : 09-5050799**


## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ဗိုလ်ရွဲလမ်း၊ ၄-ဘလောက်၊ ဦးပိုင်အမှတ်(၁၃၄၇)၊ မြို့မ၊ ကွင်းအမှတ်(၂၅)၊ အရှေ့ပိုင်းရှိ (၂၀)ပေ x (၆၀)ပေမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စိုး စိုးဦး[၁၄/ညတန(နိုင်)၀၉၁၂၆၅]က တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးရွှေကြိုး[၁၄/ညတန(နိုင်)၀၈၃၄၈၀]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားစာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်တို့ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုမိုင်ဖုဏ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၁၇)(၂၈-၂-၂၀၁၇)**
**အမှတ်(၃၈၂)၊ ဗိုလ်ချုပ်လမ်း၊ (၄)ရပ်ကွက်၊ ညောင်တုန်းမြို့နယ်။**
**ဖုန်း-၀၉-၄၄၄၇၆၃၃၃၅၊ ၀၉-၈၇၄၃၃၂၇၂၁**


## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- ➢ ရိုးရိုးမီးလုံး၊ မီးချောင်းထက် Energy Saving Lamp ကို ရွေးချယ် အသုံးပြုသင့်သည်။
- ➢ Energy Saving Lamp ထက် LED မီးလုံး မီးချောင်းများကို ရွေးချယ် အသုံးပြုသင့်သည်။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်စေရန် အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကြရေးပင်ဖြစ်ကြောင်း အသိပေးတိုက်တွန်းမှာကြားလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် အခြေခံပညာအတန်းများအတွက် စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ

မန္တလေး ဧပြီ ၂၇

၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် အခြေခံပညာအတန်းများအတွက် စာမေးပွဲအောင်စာရင်းများကို ယနေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သက်ဆိုင်ရာကျောင်းများအလိုက် ထုတ်ပြန်ကြေညာခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌လည်း ယနေ့နံနက်ပိုင်းမှစတင်၍ စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသားကျောင်းသူများက လာရောက်ကြည့်ရှုကြပြီး တာဝန်ကျ ဆရာ ဆရာမများက စနစ်တကျနှင့် စည်းကမ်းတကျ ကြည့်ရှုနိုင်စေရန် ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၀၄၃၆၃၁ ဦး တက်ရောက်ပညာသင်ကြားခဲ့ကြပြီး KG မှ Grade –11 အထိ စာမေးပွဲများကို အတန်းစဉ်အလိုက် ဖေဖော်ဝါရီလအတွင်းက ကျင်းပပေးခဲ့ကာ ယနေ့တွင် ကျောင်းများအလိုက် အောင်စာရင်းရလဒ်များကို ထုတ်ပြန်ကြေညာပေးခဲ့သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❖



အောင်မြေသာစံမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်းတွင် အောင်စာရင်းလာရောက်ကြည့်ရှုနေကြသူများကို တွေ့ရစဉ်။

## MNL Cup ပြိုင်ပွဲတွင် ဟံသာဝတီအသင်း နိုင်ပွဲပြန်ရပြီး ဒဂုံစတားအသင်း နိုင်ပွဲရပ်တန့်




ဟံသာဝတီနှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဧပြီ ၂၇

၂၀၂၄ MNL Cup ပြိုင်ပွဲ အုပ်စု (ဂ)ပွဲစဉ်များကို ဧပြီ ၂၇ ရက်က ဆက်လက်ကျင်းပရာ ဟံသာဝတီအသင်း နိုင်ပွဲပြန်ရပြီး ဒဂုံစတားအသင်း နိုင်ပွဲရပ်တန့်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ငွေကြယ်ပွင့်အသင်းကို ခြောက်ဂိုးပြတ်အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပြီး နိုင်ပွဲပြန်ရှာတွေ့ခဲ့သလို

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❂

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂၇

| | | |
|---|---|---|
| ချောက် | ၄၇ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၅ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၅ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၅ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၄ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၄ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၄ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၃ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| နေပြည်တော် | ၄၁ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ရန်ကုန် | ၄၀ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၃ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |

## ယနေ့ ဖတ်စရာ

အာကာသအတွင်းမှနေ၍ အမေရိကန်နှင့် အပေါင်းပါနိုင်ငံများ၏ စစ်ရေးလှုပ်ရှားမှုများကို စောင့်ကြည့်သွားမည်ဟု မြောက်ကိုရီးယားပြောကြား
စာမျက်နှာ » ၁၃

အောင်လံမြို့နယ်တွင် ခရီးသွားပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ
စာမျက်နှာ » ၁၄